# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အနှစ်ရှိသော တရားကိုရနိုင်**

အနှစ်ရှိသော တရားကိုလည်း အနှစ်ရှိသော တရားဟူ၍၊ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိသော တရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသော တရားကို ရနိုင်ကြကုန်၏။

ယမကဝဂ်(ဓမ္မပဒ-၁၂)


၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက် ၂၀၁၉ ခုနှစ်၊ မေ ၅ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၅၈)၊ အမှတ် (၂၁၇)


# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တနင်္သာရီတံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေး



**မြိတ် မေ ၄**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒေါက်တာမြင့်ထွေး၊ ဦးဟန်ဇော်၊ ဦးအုန်းမောင်၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သောင်းထိုက်ရွှေ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ထားဝယ်မြို့မှ တပ်မတော်အထူးလေယာဉ်ဖြင့် ထွက်ခွာကြပြီး မြိတ်မြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဒေသခံများက မြိတ်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**ရွှေသာလျောင်းဘုရားဖူးမြော်**

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် မြိတ်မြို့ တစ်ဖက်ကမ်းကျွန်းစုမြို့နယ်အတွင်းရှိ ပထက်တောင် အတုလရံသီ ရွှေသာလျောင်းဘုရားကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်ပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ရွှေသာလျောင်းဘုရားကြီးအား လှည့်လည်ဖူးမြော်ပြီး ဂေါပကအဖွဲ့များနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❊


**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်အား တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရွှေလေးက တနင်္သာရီတံတားစီမံကိန်းဆိုင်ရာ အချက်အလက်များ ရှင်းလင်းတင်ပြစဉ်။**

သတင်းစဉ်

**တနင်္သာရီတံတားသည် အာဆီယံလမ်းမကြီး (AH 112) ဖြစ်သည့် ထားဝယ်-မြိတ်-တနင်္သာရီ-ဘုတ်ပြင်း- ကော့သောင်းလမ်း မိုင်တိုင် (၄၉/၄)နှင့်(၄၉/၆) အကြားတွင်ရှိပြီး တနင်္သာရီမြစ်ကို ဖြတ်သန်းတည်ဆောက်မည့် တံတားဖြစ်ကာ အရှည် ၁၄၄၄ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ လူသွားလမ်းအကျယ် (တစ်ဖက်လျှင်) လေးပေစီရှိပြီး ခွင့်ပြုယာဉ်အလေးချိန် ၇၅ တန်၊ နှစ်လမ်းသွားသံပေါင်၊ သံကူကွန်ကရစ် ကြမ်းခင်းတံတားဖြစ်**



တည်ဆောက်လျက်ရှိသည့် တနင်္သာရီတံတားကို တွေ့ရစဉ်။




## ပွင့်ဖူးမှာ အဝါခြယ်၍ မာလာအလယ်မှာ နွဲ့ချင်တဲ့ နှလုံးရယ်ကြောင့် . . .

ယခုရက်ပိုင်းတွင် မြန်မာနိုင်ငံ၏ နေရာတော်တော်များများတွင် မိုးရွာချလိုက်သည်။ အပူဒဏ်ကို ခံနေရသူတို့အဖို့ ရုတ်ချည်းဆိုသလို အေးမြသွားရခြင်းအတွက် မိုးကို ကျေးဇူးတင်မိကြ၏။ ဖုန်အလိမ်းလိမ်းနှင့် နေရောင်အောက်တွင် မှုန်ညစ်နေသော ရန်ကုန်မြို့ဝန်းကျင်တစ်ခွင်ရှိ သစ်ပင်ကြီးငယ်များသည်လည်း စိမ်းမြသွားလေသည်။

ဘဝအရေး ရုန်းကန်နေကြရရင်း ပူလောင်နေကြရသည့်သူများ၊ လျှပ်စစ်မီး မလုံလောက်မှုကြောင့် ပူပူဆူဆူ ဖြစ်နေကြသူများ၊ အထွေထွေအကျပ်အတည်းများကြားက မပြေမလည်ဖြစ်နေကြသူများပင် မိုးရေစက်များအောက်တွင် တဒင်္ဂငြိမ်းအေးမှု ရသွားကြလေသည်။

ထို့အတူ သင်္ကြန်ကာလကတည်းက လာတော့မည်၊ လာတော့မည်ဟု ငံ့လင့်နေကြသော ပိတောက်ပွင့်တို့ကလည်း ထိန်ထိန်ဝါအောင် ပွင့်ကြလေသည်။ ရာသီဥတုပူလွန်းမက ပူခြင်းကြောင့် မြန်မာတစ်နိုင်ငံလုံးက ပြည်သူတို့ မိုးကိုအမျှော်ကြီး မျှော်နေကြချိန်ဖြစ်သည့်အတွက် မိုးသည်လည်းကောင်း၊ ပိတောက်တို့သည်လည်းကောင်း ပို၍တန်ဖိုးကြီးမြင့်နေပေသည်။

သို့သော်လည်း လောကကြီးက ကြာကြာ ငြိမ်းချမ်းလှပမနေလိုက်ရ။ တန်ဖိုးကြီးနေသည့် ပိတောက်ပွင့်တို့ကို အလုအယက်ခူးကြ၊ အကိုင်းတွေကို ချိုင်ကြ၊ ခုတ်ကြ၊ ချိုးကြဖြင့် များစွာသော ပိတောက်ပွင့်တို့ ပင်ထက်မှာ ကြာကြာ မနေရ။ အကိုင်းအခက်တို့ပါ အဆစ်အနေဖြင့် ပျက်စီးရသည့်အခါ အကျည်းတန်ပုံရိပ်ကို ဖြတ်ခနဲတွေ့ရသလို။

တစ်ဖန် ပိတောက်ပင်ကို စိုက်ခဲ့သူများသည်လည်း သူ့အပွင့်ကို နှစ်ခြိုက်ကြသူများ လိုလားကြသူများစွာကို မြင်ပြီး၊ ချစ်သူကို ရည်စူး ခူးချွေကာ ဆံမြည္ဘာကေမှာ ဆင်ပေးလိုက်ရသူတို့ ပျော်ရွှင်နေကြမည်ကို တွေးပြီး ကျေနပ်ပီတိဖြစ်နေလေမည်လားဟုလည်း တွေးမိပါသည်။

သို့သော်လည်း သဘာဝပတ်ဝန်းကျင်အရေး တစ်ခုလုံးနှင့် ချဲ့ထွင်၍လည်းကောင်း၊ အခြေအနေအရပ်ရပ်ကို ခြုံငုံ၍လည်းကောင်း စဉ်းစားမိသည့်အခါမှ ဆရာဇော်ဂျီ၏ ပိတောက်ပန်းဖွဲ့ ကဗျာတစ်ပိုင်းတစ်စကို အမှတ်ရမိပါသည်။

'မခူးချင်စမ်းပါနဲ့
နှစ်ဆန်း ခါတော်မီမို့
ဇမ္ဗော်ရည် ပြေပြေလိမ်းကာပေါ့
ခပ်သိမ်း နယ်စုံစုံသို့
ပွင့်စုံကို လင့်ကုန်ကြတော့လို့
ခေါင်းကြွကာ ဆာဝေဝေနဲ့
သူလည်းလေ လောကီသားလိုပဲ့
ကြွားချင်လှ ပေလိမ့်မယ်...' ဟူ၏။

ပိတောက်ပန်းတို့ ပင်ထက်မှာ လှနေသည်ကို မခူးချင်စမ်းပါနဲ့ဟူသည့် ဆရာ့အသံကို ကြားယောင်နေမိသည်။

သဘာဝမှာ အလှတရားရှိသည်။ သဘာဝအလှတရားက လောကကို စိမ်းမြလှပနေစေ၏။ လူ့အဖွဲ့အစည်းက သဘာဝမှာရှိသည့် အလှတရားတို့ကို သဘာဝအတိုင်းထားကာ ခံစားလိုသည့်၊ အလှကို မြတ်နိုးတတ်သည့် စိတ်နှလုံးမျိုးကား ရှိရန်လိုပေမည်ဟူ၍သာ တွေးတောဆင်ခြင်မိပါသတည်း။ ။

## မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၄**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

## ညောင်ဦးမြို့နယ် ကျားခုတ်တဲတိုက်ကျေးရွာတွင် စေတနာမျှဝေခြင်းအစီအစဉ်မှ လေးလက်မ စက်ရေတွင်းတူးဖော်

**နေပြည်တော် မေ ၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၏ ဦးဆောင်မှုဖြင့် စေတနာရှင်များက သဒ္ဓါတရားထက်သန်စွာ စုပေါင်းဆောင်ရွက်သော စေတနာမျှဝေခြင်း အစီအစဉ်မှ ပြည်သူများ၏ လတ်တလောလိုအပ်နေသော ကျန်းမာရေး၊ ပညာရေး၊ သောက်သုံးရေ ရရှိရေးဆိုင်ရာကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် မေ ၂ ရက်က ညောင်ဦးမြို့နယ် ကန်ကျဲကျေးရွာအုပ်စု ကျားခုတ်တဲတိုက်ကျေးရွာသို့ ရောက်ရှိကြပြီး စေတနာမျှဝေခြင်း အစီအစဉ်ဖြင့် လေးလက်မ စက်ရေတွင်း တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က လက်ရှိမြေအဝင် ပေ ၅၀၀ ကျော် တူးဖော်နေမှု၊ ဘူမိစမ်းသပ်မှုအရ မြေအဝင်ပေ ၁၀၀၀ ခန့် တူးဖော်ရမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။



မျှဝေခြင်း အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိသော စက်ရေတွင်း တူးဖော်ရေးလုပ်ငန်းခွင်ကို တွေ့ရစဉ်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးနှင့် ညီညွတ်သည့် သန့်ရှင်းသောရေရရှိရေး၊ ကျေးရွာသူ ကျေးရွာသားများ၏ သောက်သုံးရေလိုအပ်ချက်ကို အမြန်ဖြည့်ဆည်းပေးနိုင်ရန် သတ်မှတ်ကာလထက် စောစီးစွာပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များအပေါ် ရင်းနှီးခင်မင်စွာ ဆွေးနွေးခဲ့သည်။ ကျားခုတ်တဲတိုက်ကျေးရွာသည် သောက်သုံးရေ အခက်အခဲ ဖြစ်ပေါ်နေပြီး ရေတွင်းရေကန် တူးဖော်အသုံးပြုရန် အခြားစီမံကိန်းများတွင် ပါဝင်ခြင်းမရှိသေးကြောင်းနှင့် ကူညီမှုပေးပါရန် ဆက်သွယ်လာမှုအရ မျှဝေခြင်း အစီအစဉ်မှ စက်ရေတွင်း တူးဖော်စရိတ်ကျခံပြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန စက်ယန္တရားနှင့် ပညာရှင်များက လုပ်အားဒါန ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## လှိုင်ကော်မြို့တွင်းရှိ ဘီလူးချောင်းဖြတ်ကျော် ကန္ဒာရဝတီတံတားအား လေးလမ်းသွားအဖြစ် ချဲ့ထွင်တည်ဆောက်

**လှိုင်ကော် မေ ၄**

ကယားပြည်နယ် လှိုင်ကော်မြို့အတွင်းရှိ ဘီလူးချောင်းဖြတ်ကျော် ကန္ဒာရဝတီ သံကူကွန်ကရစ် တံတားကြီးကို ပြည်နယ်ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တိုးတက်များပြားလာသည့် ယာဉ်များ အဆင်ပြေချောမွေ့စွာ ဖြတ်သန်းသွားလာနိုင်ရေးအတွက် လေးလမ်းသွား သံကူကွန်ကရစ်တံတားအဖြစ် ချဲ့ထွင်တည်ဆောက်ခြင်းလုပ်ငန်း ယခုနှစ်မတ်လအတွင်းမှစတင်ကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ တံတားကြီးသည် လှိုင်ကော်မြို့အတွင်းမှ ဖြတ်သန်းဖောက်လုပ်ထားသည့် တောင်ငူ-လိပ်သို- ယာဒို-ဟိုပုံး ပြည်ထောင်စုလမ်းမကြီးပေါ်တွင် တည်ရှိပြီး အရှည် ၃၀၆ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၂ ပေ၊ လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီဖြင့် စုစုပေါင်း ၂၈ ပေ အကျယ်ဖြစ်သည်။ ၁၉၈၅ ခုနှစ်တွင် စတင်ဖွင့်လှစ်အသုံးပြုခဲ့ပြီး ယခုအခါ တံတားသက်တမ်းမှာ နှစ်ပေါင်း ၃၀ ကျော် ရှိပြီဖြစ်သည်။

ယခုအခါ ကယားပြည်နယ်မှာ ငြိမ်းချမ်းပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာခြင်းကြောင့် ပြည်နယ်အတွင်း ပြည်နယ် ပြင်ပ ယာဉ်အဝင်အထွက် များပြားလာပြီး ယာဉ်ဖြတ်သန်းသွားလာမှုနှင့် လျော်ညီစွာ တံတားအကျယ်ကို ချဲ့ထွင်ရန်အခြေအနေဖြစ်ပေါ်လျက်ရှိသည်။

သို့ဖြစ်၍ အဆိုပါမူလတံတားကြီးအား တစ်ဖက်တစ်ချက်ချဲ့ထွင် အဆင့်မြှင့်တင်တည်ဆောက်နိုင်ရန် ကယားပြည်နယ်၏အဆိုပြုချက်အရ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေရရှိခဲ့သောကြောင့် ယခုလို ယာဉ်သွားလမ်း အကျယ် ၄၄ ပေ၊ လူသွားလမ်းတစ်ဖက်လျှင် နှစ်ပေစီ စုစုပေါင်း ၄၈ ပေ အကျယ်ရှိ လေးလမ်းသွား တံတားကြီးဖြစ်ထွန်းပေါ်ပေါက်လာစေရန် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ပြည်နယ်လမ်းဦးစီးဌာနမှ သိရသည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**



လှိုင်ကော်မြို့ရှိ ကန္ဒာရဝတီချောင်းကူးတံတား တိုးချဲ့ဆောက်လုပ်နေစဉ်။

## ကျေးရွာကုန်ထုတ်လမ်းပေါ်ရှိ ဆည်မြောင်းခုံးတံတားကို ပြုပြင်ပေးရန် ဒေသခံများလိုလားနေ



အောင်ချမ်းသာကျေးရွာခွဲ လက်ရှိအသုံးပြုနေသော ယာယီထန်းတုံးတံတား

**ကြို့ပင်ကောက် မေ ၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် အုန်းတောအုပ်စု အောင်ချမ်းသာကျေးရွာမှ ထွက်ရှိသော စိုက်ပျိုးရေးထွက်ကုန်များကို သယ်ယူပို့ဆောင်သည့် ကျေးရွာကုန်ထုတ်လမ်းတွင်ရှိသော ဆည်မြောင်းခုံးတံတားကို သက်ဆိုင်ရာအဖွဲ့အစည်းများက အမြန်ဆုံးပြုပြင် အသစ်တည်ဆောက်ပေးရန် အောင်ချမ်းသာကျေးရွာမှ ပြည်သူများက လိုလားလျက်ရှိကြောင်းသိရသည်။

အဆိုပါ ဆည်မြောင်းခုံးတံတားကို ယခင်က အောင်ချမ်းသာကျေးရွာသားများ ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ထားခဲ့ပြီး ယခု တံတားမှာပျက်စီးသွားသဖြင့် ယာယီထန်းတုံးတံတား ဆောက်လုပ်၍ အသုံးပြုနေရကြောင်း၊ ထိုနေရာတွင် တံတားအသစ်ဆောက်လုပ် ပေးနိုင်ရန် ကျေးရွာနေပြည်သူများစုပေါင်း၍ သက်ဆိုင်ရာ မြို့နယ်အဖွဲ့အစည်းများသို့လည်း တင်ပြထားကြောင်း၊ တံတားကို အမြန်ဆုံး ပြုပြင်ပေးမှသာ နွေစပါး၊ မိုးစပါးနှင့် ဒေသထွက်ကုန်များကို သယ်ယူပို့ဆောင်ရောင်းချမှုတွင် အဆင်ပြေမည်ဖြစ်ကြောင်း အောင်ချမ်းသာကျေးရွာမှ ရွာမိရွာဖ ဦးလှသန်းက ပြောသည်။

အဆိုပါ ဆည်မြောင်းခုံးတံတားကို ၂၀၁၉-၂၀၂၀ တိုင်းဒေသကြီးအစိုးရ ရန်ပုံငွေဖြင့် သံကူကွန်ကရစ်တံတားအဖြစ် ပြုပြင်ပေးရန် ခွင့်ပြုချက်ရထားပြီးဖြစ်ကြောင်း ကြို့ပင်ကောက်မြို့နယ် ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပထက်တောင် အတုလရံသီရွှေသာလျောင်းဘုရားကြီးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ သတင်းစဉ်

**❊ ရှေ့ဖုံးမှ**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် မြိတ်ကမ်းနားလမ်း ထားဝယ်စုရပ်ကွက်ရှိ သဘာဝဇီဝဇိုးငှက်သိုက်အိမ်သို့ ရောက်ရှိကြပြီး လေ့လာကြည့်ရှုရာ တာဝန်ရှိသူများက ဇီဝဇိုးငှက်များ အသိုက်ပြုလုပ်ပုံ၊ ငှက်သိုက်ထုတ်ယူမှု လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် တနင်္သာရီမြို့သို့ရောက်ရှိကြပြီး တံတားဦးစီးဌာန တံတားတည်ဆောက်ရေးအဖွဲ့(၄)မှ တာဝန်ယူတည်ဆောက်လျက်ရှိသည့် တနင်္သာရီတံတားတည်ဆောက်ရေးစီမံကိန်းအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်သမ္မတအား စီမံကိန်းရှင်းလင်းဆောင်၌ တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရွှေလေးက တနင်္သာရီတိုင်းဒေသကြီးအတွင်း လမ်း၊ တံတားများ တည်ဆောက်ပေးထားမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ တနင်္သာရီတံတားနှင့် သမုတ်-လွတ်လွတ်တံတား စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ဘဏ္ဍာငွေရရှိမှုနှင့် ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

**စံနမူနာပြဖြစ်အောင် ကြိုးစားလုပ်ဆောင်**

တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက တိုင်းဒေသကြီးနှင့်ပြည်နယ်များ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေများကို မျှဝေသုံးစွဲဆောင်ရွက်နေပါကြောင်း၊ ခွင့်ပြုပေးသော ဘဏ္ဍာငွေနှင့် လျော်ညီသည့် အရည်အသွေး၊ စံချိန်စံညွှန်းများ ကိုက်ညီရန်လိုအပ်ပါကြောင်း၊ ဘဏ္ဍာငွေများသုံးစွဲဆောင်ရွက်ရာတွင် လေလွင့်ဆုံးရှုံးမှုမရှိစေရန် စနစ်တကျ ဆောင်ရွက်သွားကြရန်လိုအပ်ပါကြောင်း၊ ယခု တံတားတည်ဆောက်ပြီးစီး၍ ယာဉ်များ ဖြတ်သန်းသွားလာသည့်အခါ တံတားခံနိုင်ဝန်နှင့် ဖြတ်သန်းမည့် ယာဉ်တန်ချိန်များ မျှတအောင် အထူးကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ လမ်း၊ တံတားများ တည်ဆောက်ရာတွင် သတ်မှတ်ချိန်ကာလအတွင်း ပြီးစီးရန်လိုအပ်သကဲ့သို့ သတ်မှတ်အရည်အသွေးစံချိန်စံညွှန်းများနှင့် ကိုက်ညီရမည်ဖြစ်ပါကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများ မြန်မြန်ဆန်ဆန်ပြီးပါက ပြည်သူများ မြန်မြန်အကျိုးခံစားနိုင်မည် ဖြစ်ပါကြောင်း၊ လမ်း၊ တံတားနှင့် လျှပ်စစ်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာပါက ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးကဏ္ဍများပါ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး လူမှုစီးပွားဘဝ တိုးတက်လာမည်ဖြစ်ပါကြောင်း၊ ပညာရပ်ဆိုင်ရာကျွမ်းကျင်သူများအနေဖြင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် မိမိတတ်ကျွမ်းသည့်ပညာဖြင့် ကြိုးစားပါဝင်ဆောင်ရွက်စေလိုပါကြောင်းနှင့် မိမိတိုင်းပြည်၊ နိုင်ငံသူ နိုင်ငံသားများနှင့် နောင်လာနောက်သားများအတွက် စံနမူနာပြဖြစ်အောင် ကြိုးစားလုပ်ဆောင်ပေးကြစေလိုပါကြောင်း မှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် တနင်္သာရီတံတား တည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုသည်။

**သံကူကွန်ကရစ် ကြမ်းခင်းတံတား**

တနင်္သာရီတံတားသည် အာဆီယံလမ်းမကြီး (AH 112) ဖြစ်သည့် ထားဝယ်-မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်းလမ်း မိုင်တိုင်(၄၉/၄)နှင့်(၄၉/၆)အကြားတွင် ရှိပြီး တနင်္သာရီမြစ်ကို ဖြတ်သန်းတည်ဆောက်မည့် တံတားဖြစ်ကာ အရှည် ၁၄၄၄ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ လူသွားလမ်းအကျယ်(တစ်ဖက်လျှင်) လေးပေစီရှိပြီး ခွင့်ပြုယာဉ်အလေးချိန် ၇၅ တန်၊ နှစ်လမ်းသွားသံပေါင်၊ သံကူကွန်ကရစ်ကြမ်းခင်းတံတားဖြစ်သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် မြိတ်မြို့မှ တပ်မတော်အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာကြရာ နေပြည်တော်သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။ **သတင်းစဉ်**



**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် သဘာဝဇီဝဇိုးငှက်သိုက်အိမ်၌ ထုတ်ယူထားသည့် ငှက်သိုက်များကို ကြည့်ရှုစဉ်။** သတင်းစဉ်

# ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့ လမ်းကွန်ရက်ချိတ်ဆက်နိုင်ရေး တွေ့ဆုံဆွေးနွေး

**ပဲခူး မေ ၄**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတော်ဝင်ဟံသာခန်းမ၌ မေ ၃ ရက် နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်တို့ တိုင်းဒေသကြီးနှစ်ခု လမ်းကွန်ရက်ချိတ်ဆက်နိုင်ရေး တွေ့ဆုံဆွေးနွေးခဲ့သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့သည် တစ်ခုနှင့်တစ်ခုအမှီပြုပြီး ကုန်းလမ်းကြောင်းအရ ချိတ်ဆက်မှု အများဆုံးဖြစ်ကြောင်း၊ ကဝမြို့နှင့် လှည်းကူးမြို့သို့ ဆက်သွယ်သော (သပြု-ဒါးပိန်)လမ်းသည် နောင်တစ်ချိန်တွင် သီလဝါအထိ ချိတ်ဆက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ခရမ်း-သုံးခွ-သနပ်ပင်လမ်းကိုလည်း မြေပြင်အခြေအနေ ကွင်းဆင်းဆောင်ရွက်လျက်ရှိပြီး မကြာမီ ကုန်းတွင်းထွက်ပေါက်တစ်ခုအဖြစ် အကောင်အထည် ပေါ်လာမည်ဖြစ်ကြောင်းနှင့် ဆက်လက်၍လည်း ရန်ကုန်တိုင်းဒေသကြီးနှင့် ပေါင်းစပ်၍ လမ်းကွန်ရက်များ ထပ်မံတိုးချဲ့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**မြို့ရှောင်လမ်းများ ထည့်သွင်းဆောင်ရွက်**

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ရန်ကုန်မြို့နှင့်ပဲခူးမြို့အား တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်ချက်ဖြင့် ပဲခူးတိုင်းဒေသကြီးနှင့် ချိတ်ဆက်ရမည့် လမ်းကွန်ရက်များ ဖော်ဆောင်လျက်ရှိကြောင်း၊ ပဲခူးတိုင်းဒေသကြီးနှင့် နီးကပ်လျက်ရှိသော လှည်းကူးမြို့ကိုလည်း အဆင့်မြှင့်တင်ရန် အမြန်လမ်းမကြီးဘေးတွင် Green City တစ်ခုအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ပဲခူးဒေသအတွက်လည်း တစ်ဖက်တစ်လမ်းမှ လူမှုစီးပွားဘဝများ မြှင့်တင်ပေးရန် အထောက်အပံ့ဖြစ်စေနိုင်မှာဖြစ်ကြောင်း၊ ပဲခူးမြို့သည် အပြည်ပြည်ဆိုင်ရာ လမ်းကွန်ရက်များ၏ ဆုံချက်ဗဟိုတွင်တည်ရှိနေ၍ မကြာမီ အချိန်အတွင်း ဖွံ့ဖြိုးတိုးတက်လာနိုင်မည် ဖြစ်ကြောင်းကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဒေါ်နီလာကျော်က လမ်းကွန်ရက်များ၊ အမြန်လမ်းမကြီးများ ဖောက်လုပ်ရာတွင် ဖြတ်သန်းသွားရာလမ်းတစ်လျှောက်ရှိ မြို့များတွင် မြို့ရှောင်လမ်းများ ထည့်သွင်းဆောင်ရွက်ရန်ကို လည်းကောင်း ပြောကြားသည်။

**ချိတ်ဆက်မည့် အမြန်လမ်း**

ယင်းနောက် ပဲခူးတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဇော်ထွန်းက ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့နှင့် ချိတ်ဆက်ဆောင်ရွက်မည့် လမ်းကွန်ရက်အခြေအနေများအား ရှင်းလင်းတင်ပြခဲ့ရာ ဝေါမြို့မှ စစ်တောင်းတူးမြောင်းအတိုင်း ရန်ကုန်တိုင်းဒေသကြီးနှင့် ချိတ်ဆက်မည့် အမြန်လမ်းတစ်ခု ထပ်မံဖောက်လုပ်နိုင်ရေး ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများသည် ပဲခူး-ကျိုက်ပဒိုင်-တာဝ-ဖလေးလမ်း (ဘုရင့်နောင်စစ်ချီလမ်း)အား မော်တော်ယာဉ်များဖြင့် လှည့်လည်သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ဟိန်းထက်(ပဲခူး)**



**တိုင်းဒေသကြီးနှစ်ခု လမ်းကွန်ရက်ချိတ်ဆက်နိုင်ရေး တွေ့ဆုံဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း အမှာစကား ပြောကြားစဉ်။**

❖ *ကျောဖုံးမှ*

ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဘိုဘိုကျော်က ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် သဲကုန်းရွာအနီးတွင် တည်ဆောက်လျက်ရှိသည့် သဲကုန်း-ညောင်အိုင်ပန်းတာသစ် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးဝင်းလှိုင်က သဲကုန်း- ညောင်အိုင်ပန်း တာအနီး ဧရာဝတီမြစ်ကြောင်း ထိန်းသိမ်းခြင်းနှင့် မြစ်ကမ်း ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတက သဲကုန်း- ညောင်အိုင်ပန်းတာသစ် တည်ဆောက်ခြင်းလုပ်ငန်းကို မိုးမကျမီ အချိန်မီပြီးစီးရေးအတွက် ဆောင်ရွက်ရာတွင် အရည်အသွေး ထိန်းသိမ်းခြင်းကိုလည်း အလေးထား ဆောင်ရွက်ရန်လိုကြောင်း၊ ရေရှည်အားဖြင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဧရာဝတီ မြစ်ရေလမ်းကြောင်း ကျယ်ဝန်းကောင်းမွန်စေရန် ဆောင်ရွက်လျက်ရှိသည့် တာတမံအနီး ကမ်းထိန်းခြင်းလုပ်ငန်းများနှင့် သောင်တူးခြင်းလုပ်ငန်းများကို နှစ်စဉ်ဘဏ္ဍာငွေလျာထားသတ်မှတ်၍ ဖိဖိစီးစီး ဆောင်ရွက်သွားရန်လိုကြောင်း၊ ယင်းသို့ဆောင်ရွက်နေစဉ်ကာလအတွင်း မြစ်ရေကြီးခြင်း၊ ကမ်းပြိုခြင်းများ ဖြစ်ပေါ်လာပါက ဒေသတွင်း ရေလွှမ်းမိုးပျက်စီးခြင်းမှ ကာကွယ်နိုင်ရန်အတွက် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ယခုပန်းတာသစ်ကို ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့် ဧရာဝတီဟင်္သာတ တာထိန်းသိမ်းခြင်းလုပ်ငန်းအား ဌာနနှစ်ခုမှ အချိတ်အဆက်မိမိ ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း၊ မြစ်ကမ်းထိန်းသိမ်းခြင်းနှင့် ရေလမ်းကြောင်းကောင်းမွန်ရေးအတွက် ဆောင်ရွက်ရာတွင် ဒေသနှင့် ကိုက်ညီသည့် နည်းလမ်းများ ရှာဖွေဖော်ထုတ်၍ ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်ပြီး ဆောင်ရွက်နိုင်ရန် ကုန်ကျမည့် ပမာဏအား တွက်ချက်ထားရန် လိုအပ်ကြောင်း မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဒုတိယသမ္မတသည် သဲကုန်း- ညောင်အိုင်ပန်းတာသစ်အား စက်ယန္တရားများဖြင့် အပြီးသတ် တည်ဆောက်နေမှု၊ ပန်းတာအနီးအိုးဖို ဒေါင့်ကြီးသောင်အား ရေကြောင်းပြောင်းလဲရန်အတွက် သောင်တူးစက်များဖြင့် သောင်တူးနေမှု၊ ရေပေါ် ရေလွှဲတန်း၊ နုန်းဖမ်းတန်းများဖြင့် မြစ်ကမ်းကာကွယ်ရေး ဆောင်ရွက်ထားမှုနှင့် ကမ်းရင်းတာမိုင် ၂၂/၂ မိုင်အနီးတွင် မြစ်ရေတိုက်စားမှုကြောင့် ကမ်းရင်းတာ ကျိုးပေါက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

**အပြီးတည်ဆောက်**

ယခု တည်ဆောက်နေသည့် ပန်းတာသစ်မှာ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင် ဇလွန်မြို့နယ် ဧရာဝတီ ဟင်္သာတ တာမိုင်၂၂/၄ မှ ၂၄/၀ သဲကုန်း- ညောင်အိုင်ရွာအနီးတွင် တည်ရှိပြီး ယခင်ကမ်းရင်းတာမှာ တာမိုင် ၂၂/၃ အနီးတွင်တာနှင့်မြစ်ကမ်း အကွာအဝေးသည် ပေ ၄၀ အနီးသို့ရောက်ရှိနေပြီး အက်ကြောင်းများ ဖြစ်ပေါ်နေကာ မြစ်ကမ်းပါးနိမ့်ကျ၍ ကမ်းရင်းတာကို ထိခိုက်လာသည့်အတွက် ယခုသဲကုန်း- ညောင်အိုင်ပန်းတာသစ်ကို မိုးရာသီ မတိုင်မီ အပြီးတည်ဆောက်ခြင်း ဖြစ်ကြောင်း သိရသည်။

သဲကုန်း - ညောင်အိုင်ပန်းတာသစ် မှာယခုအခါ ၉၇ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ပြီး ပန်းတာအသစ် တည်ဆောက်ခြင်းအားဖြင့် ဇလွန်၊ ကျုံပျော်၊ ရေကြည်၊ ဓနုဖြူ၊ ကျောင်းကုန်း၊ ငါးသိုင်းချောင်း မြို့နယ်များရှိ လယ်မြေဧက သုံးသိန်းကျော်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၇၆ စု၊ အိမ်ထောင်စု ၂၈၆၆၁၅ ၊ လူဦးရေ ၁၂၅၅၁၆၈ ဦးကို ရေဘေးအန္တရာယ်မှ ကာကွယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။ အိုးဖို - သဲကုန်းကျေးရွာ မြစ်ကမ်းထိန်းလုပ်ငန်းနှင့်ဒေါင့်ကြီးရေလမ်း ကောင်းမွန်ရေးသောင်တူးလုပ်ငန်းတို့ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုအစိုးရအဖွဲ့ ရန်ပုံငွေကျပ် ၂၉၆ သန်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံ ငွေကျပ်သန်း ၂၀၀ တို့ဖြင့် Steel Cable Groyne တည်ဆောက်ခြင်း၊ တစ်တန်းသွား အုန်းတိုင်စိုက်ရေကာ၊ အခြေထိန်းမျော ကျောက်ဖြည့်ရေကာနှင့် သဲအိတ်အလေးဝန်ထည့်ကတ္တရာ ပီပါတွဲများချထားခြင်း၊ ဝါသာလှတူးမြောင်းဝသောင်နှင့် အိုးဖို -သဲကုန်း ကျေးရွာရှေ့တာစ်ဖက်ကမ်း သောင်တူးဖော်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန် မြတ်စွာဘုရားအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းပြီး ဇလွန်မြို့မှ မော်တော်ယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **သတင်းစဉ်**

# ၂၀၁၉ ခုနှစ် ပုဂံလူရည်ချွန်စခန်း ဂုဏ်ပြုညစာစားပွဲကျင်းပ



ပြည်ထောင်စုဝန်ကြီး သူရ ဦးအောင်ကို၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းနှင့် လူရည်ချွန်မောင်မယ်များ၊ မြင့်တေးဂီတအဖွဲ့တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ ဓာတ်ပုံ-မင်းမင်း

**ပုဂံ မေ ၄**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ၂၀၁၉ ခုနှစ် အဋ္ဌမတန်းလူရည်ချွန် ကျောင်းသား ကျောင်းသူများကို ယနေ့ညနေပိုင်းတွင် မြနန်းဘုံဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**တက်ရောက်**

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ဂုဏ်ပြုအမှာစကားပြောကြားသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရ ဦးအောင်ကို၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းတို့အား ပုဂံလူရည်ချွန်စခန်းမှူး၊ လူရည်ချွန်ကြီးများနှင့် မြနန်းဘုံဟိုတယ် မိသားစုတို့က အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် ပုဂံလူရည်ချွန်စခန်းမှူးအား မြနန်းဘုံဟိုတယ်မိသားစုတို့က အမှတ်တရလက်ဆောင် ပေးအပ်ပြီး အဋ္ဌမတန်းလူရည်ချွန် ကျောင်းသားကျောင်းသူများအား ပုဂံလူရည်ချွန်စခန်းမှ ကြီးကြပ်ဆရာဆရာမများက အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

**ဖျော်ဖြေတင်ဆက်**

ယင်းနောက် ၂၀၁၉ ခုနှစ် အဋ္ဌမတန်း လူရည်ချွန် ကျောင်းသား ကျောင်းသူများအား မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံပြီး လူရည်ချွန်မောင်မယ်များနှင့် မြင့်တေးဂီတအဖွဲ့က ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ **သတင်း - ကိုမင်း**

# ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၏ အရေးပါမှုကိုပြသသည့် နောက်ဖေးလမ်းကြား ဥယျာဉ်ဖွင့်လှစ်

**ရန်ကုန် မေ ၄**

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် အမှတ်(၄) ရပ်ကွက် ၂၇ လမ်းနှင့် ၂၈ လမ်းကြား (အလယ်ဘလောက်)တွင် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၏ အရေးပါမှုကိုပြသသည့် နောက်ဖေးလမ်းကြား ဥယျာဉ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ကျင်းပရာ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

ဇီဝမျိုးစုံမျိုးကွဲတို့၏ နံရံဆေးရေးပန်းချီများ၊ ကလေးကစားရာ နေရာများဖြင့် ဖန်တီးပုံဖော်ထားသော ယင်းနေရာအား ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်သံအမတ်ကြီး Mr. Tim Enderlin၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေဖူးဇဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ **(အောက်ပုံ)** ထို့နောက် ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဘမျိုးသိန်းတို့က အမှာစကားများ ပြောကြားကြသည်။

နောက်ဖေးလမ်းကြားများအတွင်း စည်းကမ်းမဲ့အမှိုက်စွန့်ပစ်နေမှုများနှင့် ပတ်သက်၍ ရန်ကုန်မြို့တော်ဝန်က “လမ်းတစ်လမ်းဆိုရင် အမှိုက်တွေပစ်တဲ့အတွက်ကြောင့် ကျုံးလိုက်တာ ၂၅ တန်ရတယ်။ နောက်ထပ် တစ်နှစ်တောင် မကြာဘူး။ ထပ်ပြီးတော့ပုံတယ်။ ထပ်ပုံတဲ့အတွက်ကြောင့်မို့လို့ ထပ်ရှင်းတော့ ၈ တန်ရတယ်။ နောက်တတိယအကြိမ် ထပ်ပုံတယ်။ ၁၈ တန်ထပ်ထွက်တယ်။ အခုတစ်ခါထပ်ပုံတော့ ကျွန်တော်မေးပြီ။ အပေါ်ကနေ ပစ်ချပုံလာပြီးတော့ တွေ့တယ်မလား စည်ပင်အမှိုက်မကျုံးသေးဘူးလားလို့ လက်ညှိုးထိုးသွားတဲ့ အခါကျတော့ အမှိုက်ကျုံးတဲ့လူရဲ့အပြစ်လား၊ အမှိုက်ပုံတဲ့လူရဲ့အပြစ်လား။ ဒါဟာ အမှိုက်ပုံရမယ့်နေရာမဟုတ်ဘူး။ အမှိုက်ပုံရမယ့် နေရာမဟုတ်ဘဲနဲ့ လမ်းကြားကို လမ်းကြားအနေနဲ့ သုံးသွားနိုင်တဲ့ လမ်းသူလမ်းသား အားလုံးကိုတော့ တကယ့်ကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ပါတယ်” ဟု အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်သံအမတ်ကြီး Mr. Tim Enderlin က နောက်ဖေးလမ်းကြား ဥယျာဉ်ဖြစ်မြောက်အောင် လှူဒါန်းမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဒို့အိမ်လူမှုအကျိုးပြုအဖွဲ့အစည်းမှ Miss Kate Minns က ဥယျာဉ်ဖြစ်မြောက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မဲဆန္ဒနယ်အမှတ် ၂ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်စိုးပပလှိုင်က ကျေးဇူးတင်စကား ပြောကြားသည်။

ယခုပြုလုပ်သည့် နောက်ဖေးလမ်းကြားဥယျာဉ်စီမံချက်ကို ဆွစ်ဇာလန်သံရုံး၏ ငွေကြေးထောက်ပံ့မှုဖြင့် ဒို့အိမ်လူမှုအကျိုးပြုအဖွဲ့အစည်းက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ ဆွစ်ဇာလန်သံရုံးသည် မြန်မာနိုင်ငံ၏ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို လူအများ ပိုမိုသတိပြုမိစေရန် ရည်ရွယ်၍ ယခုစီမံချက်ကို ပံ့ပိုးကူညီခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဒို့အိမ်လူမှုအကျိုးပြုအဖွဲ့အစည်းမှ အကောင်အထည်ဖော်သည့် နောက်ဖေးလမ်းကြား ဥယျာဉ်စီမံချက်များအနက် ခုနစ်ခုမြောက်ဖြစ်ပြီး အနီးပတ်ဝန်းကျင်နေ လူထုအတွက် အနားယူအပန်းဖြေနိုင်သောနေရာတစ်ခုဖြစ်သည်။ စီမံချက်စတင်ချိန်မှစ၍ ပန်းဘဲတန်းမြို့နယ်အတွင်းရှိ လူထုအဖွဲ့အစည်းများ၊ ပန်းချီပညာရှင်၊ ဆောက်လုပ်ရေးလုပ်သားများ၊ တာဝန်ရှိအဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - ထိန်လင်း**



## မောင်တောမြို့နယ်တွင် ဒုတိယအကြိမ် ရွေ့လျားဆေးခန်းယာဉ်ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေး

**မောင်တော မေ ၄**

ရခိုင်ပြည်နယ် မောင်တောခရိုင် ဒုတိယခရိုင် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ ကျော်မောင်မောင်သိန်း ဦးဆောင်သောအဖွဲ့သည် မေ ၄ ရက်က မောင်တောမြို့ ၄ မိုင်ရပ်ကွက်၌ ရွေ့လျားဆေးပေးခန်း ယာဉ်ဖြင့် ရွေ့လျားဆေးခန်း (UEHRD Mobile Medical Clinic) ဖွင့်လှစ်ဆောင်ရွက်ခဲ့သည်။

အဆိုပါ ရွေ့လျားဆေးခန်းသို့ လူနာ ၂၅၀ ခန့်အား ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ပြီး ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာကြည်လွင်က လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

# ဘီးလင်းမြို့နယ် ဒေးခင်ရွှေစေတီတော် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ဘုံ(၃)ဆင့် ရွှေထီးတော်ဆက်ကပ်

ဘီးလင်း မေ ၄

**သုဝဏ္ဏဘူမိခေတ် စူဠသီရိမာသောကမင်းကြီးတည်ထားကိုးကွယ်တော်မူခဲ့သော မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဒေးခင်တောင်ပေါ်ရှိ ဒေးခင်ရွှေစေတီတော်မြတ်ကြီး ရတနာ စိန်ဖူးတော်၊ ရတနာငှက်မြတ်နားတော်၊ ဘုံ(၃)ဆင့် ရွှေထီးတော်ဆက်ကပ်ခြင်းမင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါစေတီတော်ဝင်းအတွင်း ကျင်းပသည်။**

**အမွှေးနံ့သာရည်များ ပက်ဖျန်း**

ရှေးဦးစွာ မော်ကွန်းကမ္ပည်းကျောက်စာအား နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မင်းကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒိမာဘိဝံသ ဦးဆောင်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်နှင့် ဧည့်ပရိသတ်များက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက် အကျိုးတော်ဆောင် ကောလင်းမြို့ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဓမ္မာစာရ အရှင်သူမြတ်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ကြွရောက်တော်မူလာကြသည့် ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ဆက်လက်၍ ကျိုက်ထီးဆောင်း ဒုတိယဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တနာဂဒီပက စေတီတော်မြတ်ကြီးအား ရတနာစိန်ဖူးတော်၊ ရတနာငှက်မြတ်နားတော် ဆက်ကပ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားသည်။

**သာသနာရေးဆိုင်ရာများလျှောက်ထား**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်း (ဗဟို)ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေတို့က သာသနာရေးဆိုင်ရာများ လျှောက်ထားကြသည်။

ထို့နောက် (၁၁)ပါးမြောက် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တကုဏ္ဍလ ဆရာတော် ရေးစပ်သီကုံးထားသော စေတီယပူဇာ မင်္ဂလာရတုပိုဒ်စုံကို အခမ်းအနားမှူး ဦးစံသင်းလှိုင်က ထုတိဂါတာများကို ရွတ်ဖတ်ပူဇော်ခြင်း၊ တေးသံရှင်စိမ့်နေခြည်က စေတီယပူဇာမင်္ဂလာရတုပိုဒ်စုံ သီဆိုပူဇော်ခြင်းနှင့် မြန်မာပြည်သိန်းတန်က သဒ္ဒါယုံ၍ ရတနာပုံသီချင်းဖြင့် သီဆိုပူဇော်ခြင်းတို့ ဆောင်ရွက်ကြသည်။

**လှူဖွယ်ပစ္စည်းဆက်ကပ်လှူဒါန်း**

ဆက်လက်၍ ဦးဇေသီဟနှင့် ဇနီး ဒေါ်နန္ဒာလှိုင်မိသားစုမှ အလှူငွေကျပ်သိန်း ၅၀၀ အား ကျိုက်ထီးဆောင်း ဒုတိယဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တနာဂဒီပထံ ဆက်ကပ်လှူဒါန်းပြီး တက်ရောက်လာသော အလှူရှင်များက စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် လှူဖွယ်ပစ္စည်းများအား ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

**ထီးတော်တင်လှူ**

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်းပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒိမာဘိဝံသမှ လှူဒါန်းမှုအစုစုအတွက် အမျှပေးဝေကာ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တို့အား ဒေဝဝင်း ရာဇာဝင်း ခြံရံလျက်စေတီတော်အထွတ်သို့ ပင့်ဆောင်ကာ ဆရာတော် အရှင်သူမြတ်တို့က ဇယမင်္ဂလာအောင်ဂါထာများ ရွတ်ဆိုပူဇော်၍ အောင်မြင်စွာ ထီးတော်တင်လှူပူဇော်ကြသည်။

ထို့နောက် ကြွရောက်တော်မူလာကြသည့် ဆရာတော်သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။



ဒေးခင်ရွှေစေတီတော်မြတ်ကြီး ရတနာစိန်ဖူးတော်အား စေတီတော်အထွတ်သို့ ပင့်ဆောင်ပူဇော်ရာ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် ဖူးမြော်ကြည်ညိုစဉ်။

**ဘုံ(၃)ဆင့် ရွှေထီးတော်ဆက်ကပ်**

ယနေ့ ဒေးခင်ရွှေစေတီတော်မြတ်ကြီးရတနာစိန်ဖူးတော်၊ ရတနာငှက်မြတ်နားတော်၊ ဘုံ(၃)ဆင့် ရွှေထီးတော်ဆက်ကပ်ခြင်းနှင့်အတူ စေတီတော်အား လုံးပတ်တော်ပြုပြင်၍ ဉာဏ်တော်မြှင့်တင်ခြင်း၊ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်း၊ အရံစေတီ ရှစ်ဆူ ထပ်မံတည်ထားကိုးကွယ်ခြင်း၊ ရင်ပြင်တော်နှင့် သာသနိက အဆောက်အဦများ ပြုပြင်တိုးချဲ့ခြင်း၊ ရှင်ဥပဂုတ္တနှင့် ရှင်သီဝလိကျောင်းဆောင် တိုးချဲ့ခြင်းများကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-မင်းမင်း**

# မြန်မာ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြေခံအဆောက်အအုံများကို အထောက်အကူပြုစေမည့် မြန်မာ့ခရီးသွားဘဏ် ဖွင့်လှစ်မည်

**ရန်ကုန် မေ ၄**

မြန်မာ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာ့ခရီးသွားလုပ်ငန်းတွင် ပါဝင်သည့် ခရီးသွားအေဂျင်စီများ၊ ပြည်တွင်းပြည်ပ ခရီးသွားများ၊ ဟိုတယ်လုပ်ငန်းများနှင့် စားသောက်ဆိုင်လုပ်ငန်းများ စသည့်ဆက်စပ်အခြေခံ အဆောက်အအုံပိုင်းအတွက်ပါ အထောက်အကူပြုစေမည့် မြန်မာ့ခရီးသွားဘဏ် (Myanma Tourism Bank) ကို လာမည့် မေ ၆ ရက်တွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းရှိ စိုက်ပျိုးရေး မှတ်တိုင်အနီးတွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း အဆိုပါဘဏ်မှ သိရသည်။

**ဘဏ်ဝန်ဆောင်မှုအပြည့်အဝပေးမည်**

မြန်မာ့ခရီးသွားဘဏ်သည် ၂၀၁၈ ခုနှစ် ဇွန်လတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ Full Commercial License လိုင်စင်ရရှိခဲ့သဖြင့် အခြားသော ဘဏ်ကြီးများနည်းတူ ဘဏ်၏ ဝန်ဆောင်မှုများကို အပြည့်အဝ ဝန်ဆောင်မှုပေးသွားမည်ဖြစ်ပြီး ရရှိသည့် အကျိုးအမြတ်များထဲမှ တစ်စိတ်တစ်ပိုင်းကို မြန်မာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထည့်ဝင်သွားမည်ဟု အဆိုပါဘဏ်မှ မန်နေဂျင်းဒါရိုက်တာ ဦးစောဘိုဘိုက ဆိုသည်။

"ခရီးသွားဘဏ်ဖြစ်တဲ့အတွက် ခရီးသွားလုပ်ငန်းတွေ၊ ခရီးသွားတွေအတွက် အကောင်းဆုံးဖြစ်အောင်စီစဉ်ထားပါတယ်။ ခရီးသွားလုပ်ငန်းတွေအတွက် ဆိုရင်တော့ ဟိုတယ်တွေ၊ စားသောက်ဆိုင်ကြီးတွေ၊ ခရီးသွားလုပ်ငန်းနဲ့ပတ်သက်တဲ့ အခြားလုပ်ငန်းတွေအတွက် အကောင်းမွန်ဆုံး အပြည့်ဝဆုံး ဘဏ်ဝန်ဆောင်မှုတွေကို ပေးသွားမှာ ဖြစ်ပါတယ်။

"ခရီးသွား Agency အတွက်ဆိုရင်လည်း ခရီးသွားတွေပိုမိုရရှိလာအောင် Travel Loan ချေးငွေတွေချပေးဖို့လည်း အစီအစဉ်ရှိပါတယ်။ ဒီလိုမျိုး Eco System ကြီးတစ်ခုလုံးကို လိုအပ်တဲ့ Customized Payment Product တွေအားလုံးနဲ့ ချေးငွေတွေ ထုတ်ချေးပြီးတော့ ခရီးသွားလုပ်ငန်းစုကြီးတစ်ခုလုံး တိုးတက်လာအောင်၊ ပိုမိုလှုပ်ရှားလာအောင်လုပ်သွားဖို့ အစီအစဉ်တွေရှိပါတယ်။ အခုလိုလုပ်ခြင်းအားဖြင့် ပြည်တွင်း ခရီးသွားလုပ်ငန်းတွေ ပိုမိုဖွံ့ဖြိုးတိုးတက်လာလိမ့်မယ်လို့ ရည်ရွယ်ပါတယ်။ ပြည်တွင်းမှာရှိတဲ့ ခရီးသွားဦးရေတွေလည်း ပိုများလာမယ်။ သုံးစွဲနိုင်မှုတွေလည်း ပိုများလာမှာပါ။ ဒါကတော့ ပထမဆုံးမြင်တွေ့ရမယ့် အရာပါ" ဟု မန်နေဂျင်းဒါရိုက်တာ ဦးစောဘိုဘိုက ပြောသည်။



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိလာသည့် ဂျပန်နိုင်ငံမှခရီးသွားဧည့်သည်များအား ကြိုဆိုနေကြစဉ်။

ထို့အပြင် နိုင်ငံခြားသို့သွားမည့် ခရီးသွားများအတွက် နိုင်ငံရပ်ခြားရှိ Payment လုပ်သည့်အခါ လွယ်ကူစေရန် ကတ်စနစ်များ၊ Wallet စနစ်များဖြင့် အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ပြည်တွင်းခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းခရီးသွားများ၏ ငွေကြေးလိုအပ်ချက်ကိုလည်း မြန်မာ့ခရီးသွားဘဏ်က ချေးငွေထုတ်ပေးသွားမည်ဟု သိရသည်။

**နိုင်ငံတကာဘဏ်တွေနဲ့ ချိတ်ဆက်**

"ရေရှည်အတွက်ကတော့ ကျွန်တော်တို့ဘဏ်က ချေးငွေတွေ ထုတ်ချေးတဲ့အပြင် နောက်ပိုင်းမှာ နိုင်ငံတကာဘဏ်တွေနဲ့ ချိတ်ဆက်ပြီး အဆင့်မြင့်ချေးငွေတွေကို အတိုးနှုန်း သက်သက်သာသာနဲ့ ရရှိလာအောင်၊ ပြည်တွင်းကုမ္ပဏီတွေ၊ လုပ်ငန်းတွေဟာ ပြည်ပကလုပ်ငန်းတွေနဲ့ ချိတ်ဆက်ပြီး ကူးသန်းရောင်းဝယ်မှုတွေလုပ်တဲ့အခါမှာ အသုံးပြုမယ့် ဘဏ်ဝန်ဆောင်မှု အသစ်တွေ ပေးနိုင်အောင်လည်း စီစဉ်ထားပါတယ်။ လက်ရှိမှာ နိုင်ငံတကာဘဏ်တွေနဲ့ ချိတ်ဆက်မှုတွေလုပ်နေတယ်။ နိုင်ငံတကာ Payment Agency တွေဖြစ်တဲ့ Visa/Master/JCB/UPI တို့နဲ့ ချိတ်ဆက်ဆောင်ရွက်ဖို့အတွက် အခုစတင်ဆောင်ရွက်နေပါပြီ။

"အခုဆိုရင် ကျွန်တော်တို့ နိုင်ငံအနေနဲ့ Visa Free နိုင်ငံတွေလည်း များလာပါပြီ။ အဲဒီလိုများလာတာနဲ့အမျှ ဧည့်သည်အရေအတွက်ကလည်း များလာမှာ ဖြစ်ပါတယ်။ အများစုကတော့ တရုတ်၊ ထိုင်း၊ ကိုရီးယား၊ ဂျပန်နဲ့ အနောက်နိုင်ငံတွေပဲ ဖြစ်ပါတယ်။ ဝင်ရောက်လာမယ့် နိုင်ငံတွေရဲ့ Payment စနစ်ပုံစံတွေပေါ်မှာ မူတည်ပြီးတော့ Payment Solutions တွေကို ကြိုတင်ပြင်ဆင်နေပါတယ်"ဟု ၎င်းက ဆိုသည်။

**ဘဏ်ခွဲများ ဖွင့်လှစ်နိုင်ရန်စီစဉ်**

ယခုဖွင့်လှစ်တော့မည့် မြန်မာ့ခရီးသွားဘဏ်သည် ဟိုတယ်နှင့် ခရီးသွားလာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံတွင် ပထမဆုံးဖွင့်လှစ်သည့် ဘဏ်ဖြစ်ပြီး မေလအတွင်း၌ နေပြည်တော်နှင့် မန္တလေးမြို့တွင်လည်းကောင်း၊ ဇွန်လအတွင်း၌ ခရီးသွားလုပ်ငန်း၏ အချက်အချာဖြစ်သော မြန်မာနိုင်ငံ၏ ဝင်ပေါက်များဖြစ်သည့် မူဆယ်နှင့် မြဝတီမြို့တို့တွင် လည်းကောင်း ဘဏ်ခွဲများ ဖွင့်လှစ်နိုင်ရန် စီစဉ် ဆောင်ရွက်လျက်ရှိသည့်အပြင် ယခုနှစ်အတွင်း ဘဏ်ခွဲပေါင်း ၁၀ ခုအထိ ဖွင့်လှစ်နိုင်ရန် ရည်မှန်းထားကြောင်း သိရသည်။

မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားဝင်ရောက်မှုနှုန်းမှာ ၂၀၁၈ ခုနှစ်တွင် ၃ ဒသမ ၅၅ သန်း၊ ၂၀၁၇ ခုနှစ်တွင် ၃ ဒသမ ၄၄ သန်း၊ ၂၀၁၆ ခုနှစ်တွင် ၂ ဒသမ ၉၀ သန်း၊ ၂၀၁၅ ခုနှစ်တွင် ၄ ဒသမ ၆ သန်းရှိကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

**ကိုထွေး၊ ဇော်ကြီး**



ပြည်ပခရီးသွားများ ဒလမြို့နယ်၌ အနေးယာဉ်စီး၍ ဒေသန္တရလှေလာရေး ကြည့်ရှုနေကြစဉ်။




မြန်မာ့ခရီးသွားဘဏ် (ရန်ကုန်)ရုံးချုပ်အဆောက်အအုံကို တွေ့ရစဉ်။

## မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုဆောင်းပါး

# ကြိုဆိုဂုဏ်ပြုရမည့် မီးသတ်တပ်ဖွဲ့နေ့နှင့် သိရှိထားသင့်သည့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းစဉ်များ

သန်းဖြိုးနိုင်(ကညင်ကျိုး)

**၂၀၁၉ခုနှစ် မေလ ၅ ရက်နေ့သည် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ဖြစ်သည်။ မီးသတ်ဦးစီးဌာနအနေဖြင့် တပ်ဖွဲ့နေ့ရောက်တိုင်း မီးသတ်တပ်ဖွဲ့၏ ဆောင်ရွက်ချက်များ ရှင်းလင်းတင်ပြခြင်း၊ တပ်ဖွဲ့ဝင်များစွမ်းရည်ပြသခြင်း၊ တစ်နှစ်တာအတွင်း ထူးချွန်စွာ တာဝန်ထမ်းဆောင်ခဲ့သူများ၊ ပညာပေး ဝန်ဆောင်မှုများတွင် ပါဝင်ခဲ့သူများအား ဆုချီးမြှင့်ခြင်းများ ဆောင်ရွက်ခဲ့သည်ကို တွေ့ရသည်။ ယနေ့ခေတ် အချိန်ကာလသည် ကမ္ဘာ့နိုင်ငံအသီးသီးအနေဖြင့် သဘာဝဘေးအန္တရာယ်များ၏ စိန်ခေါ်မှုများကို ရင်ဆိုင်တွေ့ကြုံခံစားနေကြရသည့် အားလျော်စွာ မြန်မာနိုင်ငံအနေဖြင့်လည်း ပထဝီအနေအထားအရ သဘာဝဘေးအန္တရာယ် အမျိုးမျိုးကို ကြုံတွေ့ခံစားရသည့် တိုင်းပြည်တစ်ခုဖြစ်သည်။**

သို့အတွက် ထိုသဘာဝ ဘေးဒဏ်တစ်ခုခု ကြုံတွေ့လာရသည့်အခါတိုင်း ကနဦး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရသူများမှာ မီးသတ်တပ်ဖွဲ့ဝင်များပင်ဖြစ်သည့်အတွက် ထိုမီးသတ်တပ်ဖွဲ့ဝင်များ၏ အခန်းကဏ္ဍကို ပိုမိုမြှင့်တင်ပေးပြီး မကြာမီရက်ပိုင်းတွင် ကျရောက်တော့မည့် မီးသတ်တပ်ဖွဲ့နေ့ကိုလည်း ကြိုဆိုဂုဏ်ပြုကြရမည်သာဖြစ်သည်။ မီးသတ်တပ်ဖွဲ့ဝင်ဆိုသည်မှာ မီးငြိမ်းသတ်ရေးတာဝန်များကိုသာ ထမ်းဆောင်နေကြရသူများ မဟုတ်ဘဲ ၎င်းတို့အဓိကတာဝန်သည် သဘာဝဘေးဒဏ် တစ်ခုခု (သို့မဟုတ်) မီးဘေးတစ်ခုခုကျရောက်ပါက မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်မဆိုင်းဘဲ အမြန်ထမ်းဆောင်နိုင်ရေးပင်ဖြစ်သည်။

ထို့ကြောင်း မြန်မာနိုင်ငံမီးသတ်ဦးစီးဌာန၏ အခြေခံလုပ်ငန်းစဉ်များအကြောင်းနှင့် သဘာဝဘေးအတွက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းစဉ်များ ချမှတ်ထားမှုအခြေအနေကို ဤဆောင်းပါးတွင် အများပြည်သူ သိရှိထားရှိနိုင်ကြစေရေး အလို့ငှာ ရေးသားတင်ပြသွားမည်ဖြစ်ပါသည်။

### မီးသတ်ဦးစီးဌာနမှမီးသတ်တပ်ဖွဲ့၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်နှင့် မီးသတ်လုပ်ငန်းစဉ်(၇)ရပ်

မီးသတ်ဦးစီးဌာနတွင် အင်အား ၂၄၆၅၉ ဦး၊ အရန်မီးသတ်တပ်ဖွဲ့အင်အား ၃၁၇၇၄၅ ဦးနှင့် သီးသန့်မီးသတ်တပ်ဖွဲ့အင်အားမှာ ၁၈၇၄၄ ဦးတို့ အသီးသီးဖြင့် နိုင်ငံအတွင်း ဖြန့်ခွဲတာဝန်ထမ်းဆောင်နေပြီး ယခုအခါ နိုင်ငံတကာအဖွဲ့အစည်းဖြစ်သည့် International Search and Rescue Advisory Group-INSARAG အဖွဲ့သို့ ဝင်ရောက်နိုင်ရေးအတွက်လည်း စီစဉ်ထားရှိသည်ဟု သိရသည်။

မီးသတ်ဦးစီးဌာန၏ ရည်ရွယ်ချက်မှာ ပြည်သူတို့၏ အသက်အိုးအိမ် စည်းစိမ်ပစ္စည်းများ၊ နိုင်ငံတော်အတွင်းရှိ ကုန်ထုတ်အရင်းအနှီးများကို မီးဘေးအန္တရာယ်မှ တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်နှင့် သဘာဝဘေးအန္တရာယ် အပါအဝင် အခြားသောဘေးအန္တရာယ်များ ကျရောက်လာသည့်အခါ အရေးပေါ် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရန်ဖြစ်သည်။ ရည်မှန်းချက်မှာ မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရန်တို့ပင်ဖြစ်ကြောင်း လေ့လာမိသည်။ မီးသတ်တပ်ဖွဲ့ဝင်များ၏ မီးသတ်လုပ်ငန်းစဉ်များအနေဖြင့်လည်း စွမ်းရည် (၄) ရပ် ဖြစ်သော မီးသတ်စွမ်းရည်၊ ရှာဖွေကယ်ဆယ်ရေး စွမ်းရည်၊ အုပ်ချုပ်မှုစွမ်းရည်နှင့် စည်းရုံးရေး စွမ်းရည်ထက်မြက်စေရန် မီးသတ်တပ်ဖွဲ့ဝင်တိုင်း၏ စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်း၊ မီးသတ်ယာဉ်၊ စက်နှင့် ပစ္စည်းကိရိယာများ မွမ်းမံရေး၊ ကြံ့ခိုင်ရေး၊ အသင့်ရှိရေး လုပ်ငန်းနှင့် ရှာဖွေကယ်ဆယ်ရေးသုံးစက်၊ ယာဉ်၊ ပစ္စည်းကိရိယာများမွမ်းမံရေး၊ ကြံ့ခိုင်ရေးနှင့် အသင့်ရှိရေးလုပ်ငန်း၊ ပြည်သူလူထုအား မီးဘေးလုံခြုံရေး အသိပညာပေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်ရေးလုပ်ငန်း၊ အရန်နှင့် သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ တိုးချဲ့ဖွဲ့စည်းရေးနှင့် လေ့ကျင့်ရေး သင်တန်းပေးရေးလုပ်ငန်း၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည် နိုင်ငံတကာအဆင့်နှင့်အညီ ရင်ပေါင်တန်းဆောင်ရွက်နိုင်ရေးအတွက် ကွပ်ကဲမှုနည်းစနစ်များ၊ မီးသတ်ပညာရပ်များ၊ ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ ပညာရပ်များအား အစဉ်အမြဲ သုတေသနပြုလုပ်ဖော်ထုတ်၍ တပ်ဖွဲ့ဝင်များအားလုံး တတ်ကျွမ်းနားလည်စေရေးတို့ဖြစ်ကြောင်း တွေ့ရသည်။

### ခေတ်မီအဆင့်မြင့် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး ယာဉ်များ အသင့်ထားရှိကာ လေ့ကျင့်ဆောင်ရွက်

သဘာဝဘေးအန္တရာယ်အတွက် မီးသတ်ဦးစီးဌာနအနေဖြင့် ပိုလန်နိုင်ငံ ODA အစီအစဉ်ဖြင့် ခေတ်မီအဆင့်မြင့် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးယာဉ်များ၊ မီးသတ်အထောက်အကူပြုယာဉ်များ ၆၅ စီး ထပ်မံရရှိထားပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ မီးငြိမ်းသတ်ရေးလုပ်ငန်းသုံးများစွာလည်း အသင့်ရှိနေပြီဖြစ်ကြောင်း သိရသည်။ ထိုယာဉ်များကို တိုင်းဒေသကြီးအသီးသီးနှင့် ပြည်နယ်များ အသီးသီးနှင့် အမြန်လမ်းတို့တွင် ဖြန့်ခွဲထားရှိကာ တာဝန်ထမ်းဆောင်နေကြကြောင်း သိရသည်။ ထိုယာဉ်များကို ကျွမ်းကျင်စွာအသုံးပြုပြီး စနစ်တကျမီးငြိမ်းသတ်နိုင်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို လျင်မြန်စွာလုပ်ဆောင်နိုင်ရေးအတွက် မီးသတ်ဦးစီးဌာနမှ အရာရှိ ၂၁ ဦးအား ပိုလန်နိုင်ငံ မီးသတ်တက္ကသိုလ်တွင် ရက်သတ္တပတ် ခြောက်ပတ် သင်ယူခဲ့ကြခြင်း၊ ပိုလန်နိုင်ငံမီးသတ်မှ ကျွမ်းကျင်သူတစ်ဦးနှင့် အင်ဂျင်နီယာ တစ်ဦးတို့သည် မြန်မာနိုင်ငံတွင်ယာဉ်၊ စက်ပြုပြင်ထိန်းသိမ်းနည်းစနစ် သင်တန်းများပေးထားခြင်း၊ ပိုလန်နိုင်ငံရှိ WISS ကုမ္ပဏီတွင် ထုတ်လုပ်မည့် မီးသတ်စက်ယာဉ်များအား မီးသတ်ဦးစီးဌာနမှ အဆင့်မြင့်အရာရှိကြီးများပါဝင်သည့် စက်ပစ္စည်း စစ်ဆေးရေးအဖွဲ့အား စေလွှတ်လေ့လာစေခြင်း၊ နောက်ထပ်မံ၍ ခေတ်မီ ရှာဖွေကယ်ဆယ်ရေးယာဉ် ၁၀ စီးနှင့် ကမ္ဘာ့အဆင့်မီပုံစံသစ်ဖြင့် ထုတ်လုပ်ထားသော နောက်ဆုံးပေါ် သူနာတင်ယာဉ် ငါးစီးကိုလည်း ထပ်မံမှာယူထားကြောင်း သိရသည်။



မြောက်ဦးမြို့နယ်ရှိ မီးသတ်တပ်ဖွဲ့ဝင်များ သဘာဝဘေးအန္တရာယ်ကာကွယ်နိုင်ရေး လေ့ကျင့်နေစဉ်။

### မြန်မာပြည်အတွင်း လွန်ခဲ့သည့် ၁၀ နှစ်အတွင်း နှစ်စဉ်ကြုံတွေ့ခဲ့ရသည့် သဘာဝဘေးအန္တရာယ်များ

မြန်မာနိုင်ငံတွင် လွန်ခဲ့သော ၁၀ နှစ်အတွင်း ဖြစ်ပွားခဲ့သော ကြီးမားသည့် သဘာဝဘေးအန္တရာယ်များကို ပြန်လေ့လာကြည့်လျှင် ၂၀၀၈ ခုနှစ် မေလ ၂ ရက်၊ ၃ ရက်တွင် တိုက်ခတ်ခဲ့သည့် နာဂစ်ဆိုင်ကလုန်းမုန်တိုင်း၊ ၂၀၁၀ ပြည့်နှစ် အောက်တိုဘာလ ၂၂ ရက်နေ့တွင် ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် ဂီရိဆိုင်ကလုန်းမုန်တိုင်း၊ ၂၀၁၁ ခုနှစ် မတ်လ ၂၄ ရက်နေ့တွင် တာလေငလျင်၊ တစ်ဖန် ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်တွင် သပိတ်ကျင်းငလျင်၊ ၂၀၁၁ ခုနှစ် အောက်တိုဘာလ ၁၉ရက်၊၂၀ရက်တွင် မကွေးတိုင်းဒေသကြီး ပခုက္ကူ၊ ဆိပ်ဖြူ၊ ပေါက်၊ မြိုင်ဒေသတွင် လျှပ်တစ်ပြတ်ရေဘေး၊ ၂၀၁၅ ခုနှစ် ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လများအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်မှုနှင့် မြေပြိုမှုများအပြင် ချင်းပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှု၊ ကယားပြည်နယ် ဖားဆောင်းမြို့နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုမှု၊ မိုးကုတ်မြို့နယ်တွင် မြေစာပုံ ပြိုကျမှုများဖြစ်ပေါ်ခဲ့ရမှု၊ ၂၀၁၆ ခုနှစ် ဧပြီလနှင့် မေလများတွင် မြန်မာပြည်အလယ်ပိုင်းဒေသ ရေခဲမိုးသည်းထန်စွာရွာသွန်းမှုနှင့် ဧရာဝတီမြစ်ဝှမ်းတစ်လျှောက် ရေကြီးရေလျှံမှုများ၊ ၂၀၁၇ ခုနှစ် မတ်လ ၃ ရက်နေ့ တိုက်ကြီးအနီး မြေငလျင်လှုပ်ခတ်ခဲ့မှု၊ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၅ ရက်နေ့နှင့် ၁၆ ရက်နေ့များတွင် မြန်မာနိုင်ငံသို့ ဦးတည်တိုက်ခတ်ခဲ့သည့် မာရုသာမုန်တိုင်းတိုက်ခတ်မှု၊ ၎င်းအပြင် ၂၀၁၈ ခုနှစ်အတွင်းတွင်လည်း သံလွင်မြစ်တစ်လျှောက် ရေကြီးရေလျှံမှုများလည်း ကြုံတွေ့ခဲ့ရကြောင်း တွေ့ရမည်ဖြစ်သည်။ မကြာသေးမီရက်ပိုင်းကပင်လျှင် ဖားကန့်ဒေသတွင် နွံကန်ပြိုကျပြီး လူ ၅၀ ကျော် သေဆုံးခဲ့ရသည့် ဖြစ်စဉ်ပေါ်ပေါက်ခဲ့သေးသည်။ ဤသည်များမှာ သဘာဝဘေးအန္တရာယ်ကျရောက်မှုများကိုသာ ရွေးနုတ်တင်ပြခြင်းဖြစ်ပါသည်။ ပေါ့ဆမှုကြောင့် လောင်သော မီးလောင်မှုဖြစ်စဉ်များကို ဖော်ပြခြင်းမပြုပါ။

### မြန်မာနိုင်ငံတွင် သဘာဝဘေးနှင့် မီးဘေးဖြစ်ပေါ်လာရသည့် အကြောင်းရင်းများ

မြန်မာနိုင်ငံတွင် ဖြစ်ပွားကြုံတွေ့ရသည့် သဘာဝဘေးအန္တရာယ်များကို လေ့လာကြည့်လျှင် ရာသီဥတုဖောက်ပြန်ခြင်းကြောင့် ဖြစ်ပေါ်လာတတ်သည့် အပူပိုင်းဆိုင်ကလုန်းမုန်တိုင်းကျရောက်ခြင်းနှင့်အတူ လှိုင်းကြီးရေလွှမ်းမိုးခြင်း၊ မြစ်ရေကြီး၍ အနီးဒေသတစ်လျှောက် ရေကြီးခြင်း၊ ဒေသတစ်ခုအတွင်း မိုးသည်းထန်စွာ ရွာသွန်းချိန်တွင် ရေကြီးမှု၊ မြစ်ရေကြီးမှု၊ ဒီရေတို့နှင့် တိုက်ဆိုင်လျက်ရှိသဖြင့် ရွာသွန်းသော မိုးရေများ စီးထွက်နိုင်ခြင်းမရှိဘဲ ရေကြီးခြင်း၊ ရေလှောင်တမံများ အကြောင်းကြောင်းကြောင့် ကျိုးပေါက်၍ ရေကြီးခြင်း၊ လွန်ကဲစွာ မိုးခေါင်ခြင်း၊ အပူလှိုင်း၊ အအေးလှိုင်းကျရောက်ခြင်း၊ မြေငလျင်လှုပ်ခြင်း၊ ဆူနာမီဒီလှိုင်းများ ရိုက်ခတ်ခြင်းများ အဓိကဖြစ်ပွားခဲ့ကြောင်း အထက်ပါ ဖြစ်စဉ်ဖြစ်ရပ်များကို လေ့လာကြည့်ခြင်းအားဖြင့် မြင်ရနိုင်မည်ဖြစ်ပါသည်။ ၎င်းအပြင် နိုင်ငံတော်တွင်လူဦးရေ၊ စီမံကိန်းဝင်စက်ရုံ၊ အလုပ်ရုံ၊ လူနေမြို့ရွာ အဆောက်အဦများ တစ်နေ့တစ်ခြား တိုးတက်များပြားလာသည့်အတွက်ကြောင့်လည်းကောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးမှုအတွက် စက်မောင်းလောင်စာဆီ၊ လျှပ်စစ်ဓာတ်အား ၊ သဘာဝဓာတ်ငွေ့ မက်သနောဆီ၊ ရေနံဓာတ်ငွေ့ စသည့် လောင်စာဆီများကို ပိုမိုအသုံးပြုလာသည့်အတွက်ကြောင့်လည်းကောင်း၊ လူ့အသုံးဆောင်ပစ္စည်းများ ခေတ်မီတိုးတက်လာမှုကြောင့် မီးလောင်နိုင်သော အရာဝတ္ထုများပြားလာမှုကြောင့်လည်းကောင်း၊ လူတို့၏ မဆင်မခြင်ပေါ့ဆစွာ ကိုင်တွယ် အသုံးပြုမှုကြောင့်လည်းကောင်း မီးလောင်မှုများ ပိုမိုများပြားလာရခြင်းဖြစ်ကြောင်းကိုလည်း သတိထားကြရမည်ဖြစ်ပါသည်။

### သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရ ရှာဖွေကယ်ဆယ်ရေးကော်မတီဖွဲ့စည်းဆောင်ရွက်

အထက်ဖော်ပြပါ သဘာဝဘေးအန္တရာယ်များအတွက် မြန်မာနိုင်ငံအမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကို ၂၀၁၆ ခုနှစ် မေလ ၃၁ ရက်နေ့တွင် ၂၀၁၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရ ဒုတိယသမ္မတ-၂ ဥက္ကဋ္ဌအဖြစ်ပါဝင်သော အဖွဲ့ဖြင့် ဖွဲ့စည်းထားရှိကာ ၎င်း၏အောက်တွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း ကော်မတီကို ၂၀၁၆ ခုနှစ် ဇူလိုင်လ ၂၅ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၁၆) ဖြင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌ၊ မီးသတ်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်မှ အတွင်းရေးမှူးအဖြစ် ဖွဲ့စည်းထားရှိသည်ကိုလည်း လေ့လာမိသည်။ ထိုရှာဖွေကယ်ဆယ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များအနေဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းစီမံချက်ကို အချိန်အခါ၊ အခြေအနေနှင့် အမြဲကိုက်ညီမှုရှိစေရေးအတွက် မပြတ်သုံးသပ်ရေးဆောင်ရွက်ရန်၊ သဘာဝဘေး (ရေဘေး၊ လေဘေး၊ ဆူနာမီ၊ မီးဘေး၊ ငလျင်) အလိုက် ဖြစ်ပွားနိုင်ဖွယ်ရှိသော ဒေသနှင့် လူဦးရေများအား လေ့လာ၍ ဘေးဒုက္ခသည်များအား ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများအတွက် လူအင်အား၊ စက်ယန္တရား၊ ပစ္စည်းကိရိယာ စက်သုံးဆီစသည်တို့ ပြင်ဆင်ထားခြင်း၊ ဒေသအလိုက်မြေပြင်အနေအထားပေါ် မူတည်၍ ဒုက္ခသည်များ တိမ်းရှောင်ခိုလှုံနိုင်သောနေရာများ၊ အသက်ရှင်သန်နေထိုင်ရန် လိုအပ်သောရိက္ခာ၊ ပစ္စည်းအခြေအနေများအား ကြိုတင်လေ့လာပြီး အရေးပေါ်အခြေအနေတွင် အမြန်ဆုံးရရှိနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ထားရန်တို့ဖြစ်သည်ကို တွေ့ရသည်။

### မီးသတ်တပ်ဖွဲ့မှ ခေတ်မီ အီလက်ထရွန်နစ်နည်းပညာ ပစ္စည်းများတပ်ဆင်သုံးစွဲမှုနှင့် အခြားလုပ်ငန်းစဉ်များ

မြန်မာနိုင်ငံအတွင်း မီးဘေးအန္တရာယ်အပါအဝင် အခြားသဘာဝဘေးအန္တရာယ်များ ဖြစ်ပွားပေါ်ပေါက်လာပါက အလျင်အမြန် တုံ့ပြန်ဆောင်ရွက်နိုင်ရန် Command & Control Center ကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်ကို ရန်ကုန်မြို့တွင် ထူထောင်ထားရှိခြင်း၊ မြန်မာနိုင်ငံအတွင်း မီးဘေးအန္တရာယ်အပါအဝင် အခြားသဘာဝဘေးအန္တရာယ်များ ဖြစ်ပွားပေါ်ပေါက်လာပါက ပြည်သူများအချိန်နှင့် တစ်ပြေးညီ သိရှိနိုင်ရန် Myanmar Fire Services Department

*စာမျက်နှာ ၈ သို့*

> **"မီးသတ်ဦးစီးဌာန၏ ရည်ရွယ်ချက်မှာ ပြည်သူတို့၏ အသက်အိုးအိမ် စည်းစိမ်ပစ္စည်းများ၊ နိုင်ငံတော်အတွင်းရှိ ကုန်ထုတ်အရင်းအနှီးများကို မီးဘေးအန္တရာယ်မှ တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်နှင့် သဘာဝဘေးအန္တရာယ် အပါအဝင် အခြားသောဘေးအန္တရာယ်များ ကျရောက်လာသည့်အခါ အရေးပေါ် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရန်ဖြစ်"**



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဗီယက်နမ်နိုင်ငံ၏ သမ္မတဟောင်း H.E. Mr. Le DucAnh အတွက် ဝမ်းနည်းကြောင်း အထိမ်းအမှတ်စာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီးဦးကျော်တင် ဗီယက်နမ်နိုင်ငံ၏ သမ္မတဟောင်း H.E. Mr. Le DucAnh ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်းလက်မှတ်ရေးထိုး

**ရန်ကုန် မေ ၄**

အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ယနေ့နံနက် ၁၀ နာရီခွဲက ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကျောက်ကုန်းလမ်းရှိ ဗီယက်နမ်သံရုံးသို့သွားရောက်၍ ဧပြီ ၂၂ ရက်က ကွယ်လွန်ခဲ့သည့် ဗီယက်နမ်နိုင်ငံ၏ သမ္မတဟောင်း H.E. Mr. Le DucAnh အတွက် ဝမ်းနည်းကြောင်း အထိမ်းအမှတ်စာအုပ်တွင် လက်မှတ်ရေးထိုးခဲ့သည်။

**သတင်းစဉ်**

# ရန်ကုန်မြို့ J & M Steel Solutions သံမဏိစက်ရုံမှ သီရိလင်္ကာနိုင်ငံ Kelani တံတားအတွက် သံပေါင်များတင်ပို့ရန် ပြင်ဆင်မှုများအား ဒုတိယဝန်ကြီး ဦးကျော်လင်း ကြည့်ရှုစစ်ဆေး

**ရန်ကုန် မေ ၄**

ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးကျော်လင်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သာကေတတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ JFE ကုမ္ပဏီတို့ အကျိုးတူပူးပေါင်းတည်ထောင်ထားသော J & M Steel Solutions စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြရာ စက်ရုံရှင်းလင်းဆောင်တွင် စက်ရုံတာဝန်ခံက တံတားသံပေါင်များနှင့် သီရိလင်္ကာနိုင်ငံသို့တင်ပို့ရန် ပြင်ဆင်နေသော Steel Plate Girder, Box Girder နှင့် Steel Truss များ ထုတ်လုပ်တပ်ဆင်မှုအခြေအနေနှင့် Marine Structure များဖြစ်သော Steel Jetty and Steel Jacket များ ထုတ်လုပ်တပ်ဆင်မှု အခြေအနေများနှင့် နှစ်စဉ် ပြည်တွင်းပြည်ပမှ ပစ္စည်းအမှာစာနှင့် ထုတ်လုပ်ပေးနိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ သီရိလင်္ကာနိုင်ငံသို့ တင်ပို့ရန်ပြင်ဆင်နေသည့် Box Girder များ Trial Assembly ပြုလုပ်နေမှု၊ မကြာမီ အိန္ဒိယနိုင်ငံသို့ တင်ပို့မည့် တံတားသံပေါင်များနှင့် ဝန်ကြီးဌာနမှ အပ်နှံသော စော်ကဲတံတားနှင့် ကျွန်းပြဿဒ်၊ ကုလားတန်မြစ်ကူး (ပလက်ဝ) တံတားနှင့် ပင်လယ်လေးတံတားများအတွက် Steel Box များ Trial Assembly ပြုလုပ်နေမှုနှင့် ပို့ဆောင်ရန် ပြင်ဆင်နေမှု၊ သံပေါင်များအား Blasting and painting ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ အဆိုပါ တံတားသံပေါင်များကို ယခုအခါ မြန်မာအင်ဂျင်နီယာများကိုယ်တိုင် ကြီးကြပ်၍ မြန်မာကျွမ်းကျင် လုပ်သားများနှင့်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

ယင်းနောက် ဒုတိယဝန်ကြီးက သံထည်များ ထုတ်လုပ်တပ်ဆင်ရာနှင့် ပြည်ပသို့တင်ပို့ရာတွင် အရည်အသွေး၊ အရေအတွက်နှင့် အလေးချိန်များကို အဓိကထားပြီး check, recheck, counter check အထပ်ထပ် စစ်ဆေးဆောင်ရွက်ရန်နှင့် သတ်မှတ်ချိန်အတွင်း အချိန်မီဆောင်ရွက်နိုင်ရေး ကြိုးစားကြရန် မှာကြားသည်။

J&M Steel Solutions စက်ရုံသည် ၂၀၁၄ ခုနှစ်ဇူလိုင်လတွင် စတင်ဖွင့်လှစ်ခဲ့ပြီး နှစ်စဉ်ပျမ်းမျှ သံတန်ချိန် ၁၅၀၀၀ ခန့်ထုတ်လုပ်နိုင်ပြီး လာမည့်နှစ်များတွင် တန်ချိန် ၂၀၀၀၀ အထိ တိုးချဲ့ထုတ်လုပ်နိုင်ရန် ရည်ရွယ်ထားကြောင်း သိရှိရသည်။ အဆိုပါစက်ရုံမှ သီရိလင်္ကာနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် လာအိုနိုင်ငံများသို့ Steel Box Girder များပို့ဆောင်နိုင်ခဲ့ပြီး ပြည်တွင်းတွင်လည်း ရေဝတီတံတား(ထီးချိုင့်)၊ ဗိုလ်ချုပ်အောင်ဆန်းတံတား(ချောင်းဆုံ)၊ မြောင်းမြတံတား၊ ရန်ကုန်မြို့ ကုက္ကိုင်း Flyover များအတွက် ထုတ်လုပ်ပေးနိုင်ခဲ့ပြီး ယခုလက်ရှိတွင်လည်း အိန္ဒိယနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများနှင့် ပြည်တွင်း၌ ကုလားတန်မြစ်ကူး(ပလက်ဝ)၊ စော်ကဲတံတား၊ ကျွန်းပြဿဒ်တံတားနှင့် ပုသိမ်တံတားအမှတ်(၂)တို့တွင် တံတားသံပေါင်များကို ထုတ်လုပ်ပေးလျက်ရှိကြောင်း သိရှိရပြီး အဆိုပါစက်ရုံကို ဂျပန်နိုင်ငံ JFE Engineering Corporation မှ ၆၀ ရာခိုင်နှုန်းနှင့် မြန်မာနိုင်ငံဆောက်လုပ်ရေးဝန်ကြီးဌာနမှ ၄၀ ရာခိုင်နှုန်းရှယ်ယာအချိုးများဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ် မင်းပြားမြို့နယ်ရှိ ရာမောင်တံတားဟောင်းကိုမဖျက်ဘဲ ဘေးချင်းကပ်လျက် တံတားသစ်တစ်စင်းကို နှစ်နှစ်အတွင်းအပြီးတည်ဆောက်မည်

စစ်တွေ မေ ၄

**ရခိုင်ပြည်နယ် မင်းပြားမြို့နယ်ရှိ အရှည် ပေ ၁၃၀၀ ရှည်လျားသည့် ရာမောင်ချောင်းကို ဖြတ်သန်းသွားရန် တည်ဆောက်ထားသည့် ရာမောင်တံတားဟောင်းမှာ ခံနိုင်ဝန်တန် ကျဆင်းလာပြီး ကားကြီးများ ဖြတ်သန်းသွားလာရန် မသင့်လျော်သောကြောင့် ဘေးချင်းကပ်လျက် တံတားသစ်တစ်စင်းကို နှစ်နှစ်အတွင်း အပြီးတည်ဆောက်ရန် သတ်မှတ်ထားကြောင်း သိရသည်။**



ရာမောင်ချောင်းကိုဖြတ်၍ ခရီးသည်နှင့် ကုန်စည်များပို့ဆောင်ပေးနေသည့် ဇက်ရေယာဉ်ကို တွေ့ရစဉ်။

ဆောက်လုပ်ရေးဝန်ကြီးဌာန တည်ဆောက်ရေး(၂)၊ တံတားအထူးအဖွဲ့(၇)က ရာမောင်တံတားအရှည်(၁၂၉၄ ဒသမ ၃)ပေ အကျယ် ၂၈ ပေသံကူကွန်ကရစ်တံတား အမျိုးအစားကို ဆောက်လုပ်လျက်ရှိကြောင်း တံတားဆောက်လုပ်ရေးအဖွဲ့မှ သိရသည်။

**ဇက်ရေယာဉ်ဖြင့် ကူးပေးနေ**

တံတားဟောင်းမှာ ၂၀၁၈ ခုနှစ် ဇွန်လမှစ၍ ၁၃ တန်အောက် ယာဉ်များကို ဖြတ်သန်းခွင့်ပြုခဲ့ပြီး စက်တင်ဘာလတွင် ၅ တန်အောက် ယာဉ်ငယ်များကိုသာ ဖြတ်သန်းခွင့်ပြုခဲ့သဖြင့် ကုန်တင်ယာဉ်၊ ခရီးသည်တင် ဘတ်စ်ကားကဲ့သို့ မော်တော်ယာဉ်ကြီးများမှာ ဇက်ရေယာဉ် နှစ်စင်းဖြင့် ကူးပေးနေပြီး မော်တော်ယာဉ် ခြောက်ဘီးယာဉ်အတွက် ကျပ် ၁၇၀၀၀၊ ၈ ဘီး-၁၀ဘီး ယာဉ်အတွက် ကျပ် ၂၀၀၀၀၊ ၁၂ ဘီး ယာဉ်အတွက် ကျပ် ၂၅၀၀၀ ဖြင့် သယ်ဆောင် ဖြတ်ကူးပေးနေပြီး တစ်နေ့လျှင် ဇက်ဖြင့်ကူးသည့် ယာဉ်အစီးရေမှာ ၁၀၀ ဝန်းကျင်ရှိပြီး ဇက်ရေယာဉ်တစ်စင်းလျှင် ကားခြောက်စီးမှ ကိုးစီးအထိ သယ်ဆောင်နိုင်သည်။




ရာမောင်တံတားဟောင်းကို တွေ့ရစဉ်။

**အမြန်ဆုံးပြီးအောင် ဆောင်ရွက်ပေး**

"ဒီတံတားစီမံကိန်းက နှစ်နှစ်လျာထားတယ်၊ ၂၀၁၈ ခုနှစ် ၁၀ လပိုင်းက စဆောက်တာ၊ နှစ်လမ်းသွားယာဉ်သွားလမ်း ၂၈ ပေ အကျယ်၊ သံကူကွန်ကရစ်တံတားမျိုးပါ၊ ဘတ်ဂျက်ကတော့ ဖြည့်စွက်တာတွေနဲ့ လွှတ်တော်တင်ထားပါတယ်၊ ရခိုင်ပြည်နယ်မှာ ဦးစားပေးအနေနဲ့တော့ လုပ်နေပါတယ်၊ တံတားတည်ဆောက်နေတဲ့ အချိန်တွင်းမှာ တတ်နိုင်သမျှ အမြန်ဆုံးပြီးအောင် ဆောင်ရွက်ပေးနေပါတယ်၊ အစိုးရအဖွဲ့က ဇက်ရေယာဉ် နှစ်စင်းနဲ့ပြေးနေပါတယ်၊ တစ်စင်းတော့ အရန်ထားထားပါတယ်၊ ညဘက်ကားဇက်ကူးဖို့ မိုးချုပ်နောက်ကျရင်လည်း ကူးလို့ရပါတယ်၊ အရင်ကဒီတံတားကိုဖျက်ပြီး အဲဒီနေရာမှာ အသစ်ပြန်ဆောက်ဖို့ပဲ၊ ဒေသခံတွေက လက်မခံမဖျက်ဖို့ ကန့်ကွက်လို့ အခုလိုဘေးကကပ်ပြီး အသစ်တစ်စင်းဆောက်ပေးရတာပါ"ဟု ဆောက်လုပ်ရေးဝန်ကြီးဌာန တည်ဆောက်ရေး(၂)၊ တံတားအထူးအဖွဲ့(၇)မှ ရာမောင်တံတားတည်ဆောက်ရေး တာဝန်ခံ ဒုတိယညွှန်မှူး ဦးမြင့်နိုင်ဦးက ပြောသည်။

အဆိုပါတံတားမှာ ရခိုင်ပြည်နယ် စစ်တွေမြို့မှ ကျောက်တော်-မြောက်ဦး-မင်းပြား- မြေပုံ-အမ်း-မအီ-တောင်ကုတ်-သံတွဲမြို့များသို့ ဆက်သွယ်ပေးသည့် တံတား ဖြစ်သည်။

"တံတားမပြီးသေးတော့ ကားလေးတွေတော့ ဖြတ်လို့ရပေမယ့် ခရီးသည်တင်ကားတွေ၊ ကုန်တင်ကားတွေတော့ ကူးရတာ တစ်ခါတစ်ရံ ညနေ ၃ နာရီခွဲကနေ ဇက်နဲ့ဖြတ်ကူးဖို့ စီနီယာစောင့်ရတာ ည ၈ နာရီထိုးမှ ဟိုဘက်ကမ်းရောက်တယ်"ဟု စစ်တွေ-သံတွဲ ခရီးသည်တင်ယာဉ်လိုင်းမှ ယာဉ်မောင်းတစ်ဦးက ပြောသည်။

**ဖြတ်သန်းသွားလာနိုင်**

ရာမောင်တံတားကို ၁၉၉၇ ခုနှစ် ဩဂုတ် ၂၂ ရက်က ဆောက်လုပ်ခဲ့ပြီး ၁၉၉၉ ဒီဇင်ဘာ ၁၅ ရက်က ဖွင့်လှစ်ခဲ့ကာ ယခုအခါ ၅ တန် အောက်ယာဉ်များသာ ဖြတ်သန်းသွားလာနိုင်သည်။ ရာမောင်ချောင်းသည် တစ်နှစ်လျှင် ဧပြီလတစ်လတွင် ရေငန်ပြီး ကျန်လများတွင် ရေချိုဖြစ်ကြောင်း အနီးဝန်းကျင်ရှိ ဒေသခံများထံမှ သိရသည်။

**သန့်ဇင်ဝင်း ၊ ဓာတ်ပုံ-ဖိုးသန့်**

# မြန်မာဂန္ထဝင်အတွဲ ၁၀၀ စာစဉ်တွဲများထုတ်ဝေနိုင်ရေး၊ မြန်မာ့စွယ်စုံကျမ်းများပြန်လည်ထုတ်ဝေရေးနှင့် ၂၀၁၈ ခုနှစ် အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုအဖွဲ့များ ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် မေ ၄

**မြန်မာဂန္ထဝင် အတွဲ၁၀၀ စာစဉ်တွဲများ ထုတ်ဝေနိုင်ရေးလုပ်ငန်းကော်မတီဝင်များနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေး၊ မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေးနှင့် ၂၀၁၈ ခုနှစ် အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုအဖွဲ့များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်သည်။**

ရှေးဦးစွာ မြန်မာဂန္ထဝင်အတွဲ ၁၀၀ စာစဉ်တွဲများ ထုတ်ဝေနိုင်ရေး အစည်းအဝေးကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်က ထုတ်ဝေပြီးခဲ့သည့် စာစဉ်တွဲ ၁၊ ၂၊ ၃ တို့ကို ရိုက်နှိပ်ခဲ့မှု အခြေအနေ၊ ရောင်းချခဲ့သည့်အခြေအနေ၊ ဆက်လက်ထွက်ရှိမည့် စာစဉ်တွဲ ၄၊ ၅၊ ၆ တို့ကို အရည်အသွေးကောင်းမွန်စွာဖြင့် ရိုက်နှိပ်ရန် ဆောင်ရွက်ထားရှိသည့် အနေအထားတို့ကို ရှင်းလင်းတင်ပြပြီး မြန်မာဂန္ထဝင် အတွဲ ၁၀၀ စာစဉ်တွဲများ ထုတ်ဝေရေးလုပ်ငန်း ကော်မတီဝင် ဦးသန်းအုန်း (မောင်ဇေယျာ) က ဆက်လက်ထုတ်ဝေမည့် အတွဲ ၄၊ ၅၊ ၆ တို့တွင် ပါဝင်မည့် စာပေများ၏ စာမူပြင်ဆင်မှုအပိုင်း၊ သတ်ပုံပြင်ဆင်မှုအပိုင်း၊ တည်းဖြတ်မှုအပိုင်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီဝင်များက စာစဉ်တွဲများ ဆက်လက်ထုတ်ဝေမည့်အစီအစဉ်များနှင့် စပ်လျဉ်း၍ အပြန်အလှန် အသေးစိတ်ညှိနှိုင်း ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက အကြံပြု ဖြည့်စွက်ဆွေးနွေးသည်။

**ထူးခြားသည့် လက်ရာများ ထုတ်ဝေ**

မြန်မာဂန္ထဝင် အတွဲ ၁၀၀ စာစဉ်များကို မြန်မာစာပေသမိုင်းတစ်လျှောက်တွင် ပေါ်ပေါက်ခဲ့သည့် စာအုပ်စာပေများအနက်မှ ထူးခြားသည့်အကောင်းဆုံး လက်ရာများကို ရွေးချယ်ထုတ်ဝေခြင်းဖြင့် မျိုးဆက်သစ်များ ထိတွေ့ခံစားနိုင်စေရန်နှင့် မြန်မာစာ၊ မြန်မာမှုတို့အပေါ် နှစ်သက်မြတ်နိုးစိတ်များ ကိန်းအောင်းလာစေရန် ရည်ရွယ်ချက်ဖြင့် ဝတ္ထုရှည်၊ ဝတ္ထုတို၊ ကဗျာ၊ ပြဇာတ်၊ အက်ဆေးနှင့် စာညွှန့်များကို ရွေးချယ်စုစည်းပြီး ဝတ္ထုရှည် ၂၅ တွဲ၊ ဝတ္ထုတို ၄ တွဲ၊ ကဗျာ ၃ တွဲ၊ ပြဇာတ် ၂ တွဲ ၊ အက်ဆေး ၁ တွဲနှင့် စာညွှန့် ၃ တွဲ တို့ဖြင့် ဦးစွာ ထုတ်ဝေရန် စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၃ ရက်က ဝတ္ထုရှည်အတွဲ ၁၊ ၂၊ ၃ တို့ကို ကြော်ငြာ၍ ဖြန့်ချိခဲ့ရာ အဆက်မပြတ် ဝယ်ယူမှုရှိနေကြောင်း၊ ယခုအခါ ဝတ္ထုရှည် အတွဲ ၄ အဖြစ် လယ်တီပဏ္ဍိတ ဦးမောင်ကြီး၏ "တပင်ရွှေထီး" ကိုလည်းကောင်း၊ အတွဲ ၅ အဖြစ် ရွှေစကြာ ဦးစိုးမြင့်၏ "နားခံတော်" နှင့် ဇဝန၏ "ကောလိပ်ကျောင်းသား"ကို လည်းကောင်း၊ ၂၀၁၉ ခုနှစ် ဇွန်လကုန်တွင် ထုတ်ဝေဖြန့်ချိနိုင်ရန် အတွဲ ၆ အဖြစ် မဟာဆွေ၏ "ဒို့မေမေ" နှင့် သခင်ဘသောင်း၏ "ပန်းသာမစာဥ" တို့ကို လည်းကောင်း ကျန်အတွဲများကို ၂၀၂၀ ခုနှစ်အတွင်း၌ ဆက်လက်ထုတ်ဝေနိုင်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

ထို့နောက် မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေးနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပရာ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်က စွယ်စုံကျမ်းများ လက်ရှိဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေးတင်ပြပြီး စာတည်းအဖွဲ့အတွင်းရေးမှူး-၁ ဦးစိုးမြင့်သန်းက ပြင်ပပညာရှင်များ၏ ပြင်ဆင်ရန် အကြံပြုချက်များ၊ ပြင်ဆင်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် အကြံပြု ဖြည့်စွက်ဆွေးနွေးသည်။

မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေနိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာနမှ စာပေဗိမာန်နှင့် ထွန်းဖောင်ဒေးရှင်းတို့ ပူးပေါင်းပြီး စီစဉ်ဆောင်ရွက်လျက်ရှိရာ မြန်မာ့စွယ်စုံကျမ်း အတွဲ ၁ မှ (က-ကုတ်) မူကြမ်းရရှိလာမှုအပေါ် ပညာရှင်များ ဖတ်ရှုပြီးစီးမှု၊ စစ်ဆေးတွေ့ရှိမှုနှင့် ပြင်ဆင်ပေးရန် အချက်များကို ဆွေးနွေးခဲ့ကြသည်။



ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာဂန္ထဝင်အတွဲ ၁၀၀ စာစဉ်တွဲများထုတ်ဝေနိုင်ရေး လုပ်ငန်းကော်မတီဝင်များနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးတွင် အဖွင့်အမှာစကားပြောကြားစဉ်။ သတင်းစဉ်

ထို့နောက် ၂၀၁၈ ခုနှစ် အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆု ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ငယ်ခေါင်းဆောင်တို့နှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပရာ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ) က စာပေရွေးချယ်ရေးနှင့်ပတ်သက်၍ ညီညီညွတ်ညွတ်ဖြင့် စည်းမျဉ်း စည်းကမ်းနှင့်အညီ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အတွက် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်က နိုင်ငံတော်မှ ချီးမြှင့်သည့် ၂၀၁၈ ခုနှစ် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးနှင့် စပ်လျဉ်း၍ စာပေဗိမာန်၏ဆောင်ရွက်နေမှုများကိုဆွေးနွေးတင်ပြပြီး အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ အတွင်းရေးမှူး ဦးသန်းအုန်း (မောင်ဇေယျာ) နှင့် စာပေဗိမာန်စာမူဆု ရွေးချယ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ဘုဏ်းရည် (နတ်မောက်အနီချို) တို့က ဘာသာရပ်အလိုက် အဖွဲ့ဝင်များ ဖွဲ့စည်းထားရှိမှု အခြေအနေ၊ စည်းမျဉ်းစည်းကမ်းနှင့် မူဝါဒလုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

**သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြု**

ယင်းနောက် တက်ရောက်လာကြသည့် စာပေပညာရှင်များ၏ ဆွေးနွေးမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြု ဆွေးနွေးသည်။

အမျိုးသားစာပေဆုချီးမြှင့်ခြင်းကို အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေး ကော်မတီဖြင့်လည်းကောင်း၊ စာပေဗိမာန်စာမူဆု ချီးမြှင့်ခြင်းကို စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့်လည်းကောင်း ဖတ်ရှုစိစစ်ပြီး ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်မှ ၁၉၄၈ ခုနှစ်မှ စတင်၍ တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

၂၀၁၈ ခုနှစ်အတွက် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီကို ဥက္ကဋ္ဌ စည်သူ ဒေါက်တာသော်ကောင်း၊ ဒုတိယဥက္ကဋ္ဌ (၁) ဒေါက်တာခင်အေး (မောင်ခင်မင်- ဓနုဖြူ)၊ ဒုတိယဥက္ကဋ္ဌ(၂) ဦးခင်မောင်စိုး(မောင်ပေါ်ထွန်း) တို့ ဦးဆောင်ပါဝင်သော အဖွဲ့ဝင် ၅၄ ဦးဖြင့် ဖွဲ့စည်းထားရှိပြီး ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကဗျာ၊ စာပဒေသာ၊ ပြဇာတ်စာပေ၊ မြန်မာယဉ်ကျေးမှုနှင့် အနုပညာ၊ ကလေးစာပေ၊ လူငယ်စာပေ၊ သုတပဒေသာ (ဝိဇ္ဇာ)၊ သုတပဒေသာ (ရိုးရိုးသိပ္ပံ၊ အသုံးချသိပ္ပံ)၊ နိုင်ငံရေးစာပေ၊ အင်္ဂလိပ်ဘာသာ (သုတ / ရသ)၊ အက်ဆေးစာပေနှင့် ရည်ညွှန်းစာပေ စုစုပေါင်း ၁၅ ဖွဲ့ဖြင့် ဖွဲ့စည်းကာ ၂၀၁၈ ခုနှစ်အတွက် လက်ခံရရှိသောစာအုပ်များကို ဖတ်ရှုစိစစ်ကြမည်ဖြစ်သည်။

**စာမူများ ဖတ်ရှုစိစစ်ကြမည်**

ထို့အတူ ၂၀၁၈-၂၀၁၉ ခုနှစ်များအတွက် စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ကို ဥက္ကဋ္ဌ ဦးအုန်းမြင့် (မောင်ရင့်မာ-ကျောင်းကုန်း)၊ ဒုတိယ ဥက္ကဋ္ဌ ဒေါ်ခင်ဘုဏ်းရည် (နတ်မောက်အနီချို) တို့ ဦးဆောင်ပါဝင်သော ၂၇ ဦးဖြင့် ဖွဲ့စည်းထားရှိပြီး ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကဗျာပေါင်းချုပ်၊ သုတပဒေသာ (ဝိဇ္ဇာ)၊ သုတပဒေသာ(သိပ္ပံနှင့် အသုံးချသိပ္ပံ)၊ စာပဒေသာ၊ မြန်မာယဉ်ကျေးမှုနှင့် အနုပညာ၊ ကလေးစာပေ၊ လူငယ်စာပေ၊ နိုင်ငံရေး၊ ပြဇာတ်စာပေ၊ အင်္ဂလိပ်စာမူ၊ ဘာသာပြန် စုစုပေါင်း ၁၃ ဖွဲ့ ခွဲခြား ဖွဲ့စည်းကာ လက်ခံရရှိသော စာမူများကို ဖတ်ရှုစိစစ်ကြမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၆ မှ*

Facebook Page ကို ထူထောင်ထားရှိခြင်းများ တွေ့ရှိရသည်။ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းစဉ်များအနေဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ သတင်းအချက်အလက်များ စုဆောင်းရယူခြင်း၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် အစီအမံများချမှတ်ခြင်းနှင့် သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များနှင့် လုပ်ငန်းသုံးပစ္စည်းများအား ဖြစ်ပွားရာဒေသသို့ စေလွှတ်ပို့ဆောင်ခြင်းနှင့် ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်စေခြင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် အရေးပေါ်အကူအညီများ ပေးအပ်ခြင်းတို့ဖြစ်ကြောင်း တွေ့ရသည်။

**သဘာဝဘေးဖြစ်ပွားစဉ် အလျင်အမြန် တုံ့ပြန်ဆောင်ရွက်ရမည့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းစဉ်များချမှတ်**

သဘာဝဘေးဖြစ်ပွားစဉ် အလျင်အမြန် တုံ့ပြန်နိုင်ရန်အတွက် ကြိုတင်သတိပေးချက်ရရှိချိန်တွင် အင်အားများ အသင့်စုဖွဲ့ထားခြင်း၊ စုရပ်များ သတ်မှတ်ခြင်း၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ သတိပေးချက်များ၊ သတင်းများစုဆောင်းခြင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်လိုအပ်သော သယ်ယူပို့ဆောင်ရေးအတွက် မော်တော်ယာဉ်၊ ရေယာဉ်များ အသင့်ထားရှိခြင်း၊ ကြိုတင်စီမံထားရှိသော ရိက္ခာများ အသင့်ထုပ်ပိုးပြင်ဆင်ခြင်း၊ လိုအပ်သော အသက်ကယ်လုပ်ငန်းသုံးပစ္စည်းများ အသင့်စုဖွဲ့ထားခြင်းနှင့် ဖြစ်ပွားချိန်တွင် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်ခြင်း သဘာဝဘေးဒဏ်သင့် မြို့နယ်သို့ တိုင်းဒေသကြီး၊ ပြည်နယ်တို့မှ အသင့်စုဖွဲ့ထားသည့် တပ်ခွဲ (၁) ခွဲအင်အား ၁၁၆ ဦးဖြင့် ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်ရန် ထပ်မံစေလွှတ်ခြင်း၊ သတင်းအချက်အလက်များ အမြန်ဆုံးရရှိရန်ဆောင်ရွက်ခြင်း၊ ရှာဖွေရေးနှင့်ကယ်ဆယ်ရေး အဖွဲ့ဝင်များသည် နေရာအနှံ့ ပိုက်စိပ်တိုက် ရှာဖွေကယ်ဆယ်ခြင်း၊ ဒဏ်ရာရရှိသူများအား ရှေးဦးသူနာပြုစုကုသခြင်း၊ သက်ဆိုင်ရာကျန်းမာရေးအဖွဲ့သို့ ဆေးဝါးကုသနိုင်ရေးပေးပို့ခြင်း၊ ဘေးဒဏ်သင့်သူများကို အမိုးအကာအောက်ရောက်ရှိအောင် ဆောင်ရွက်ပေးခြင်း၊ အရေးပေါ် နားခိုရန်နေရာများ ဆောက်လုပ်ခြင်း၊ အခြေခံ အစားအစာများ၊ အဝတ်အထည်များနှင့် သောက်သုံးရေရရှိရေးဆောင်ရွက်ခြင်း၊ သေဆုံးသူများတွေ့ရှိပါက အလောင်းဆယ်တင်ခြင်း၊ ဒေသခံများနှင့်အတူ အတည်ပြုခြင်းနှင့် စနစ်တကျသဂြိုဟ်နိုင်ရန် ဆောင်ရွက်ခြင်း၊ သေဆုံးသူများထံမှ ကူးစက်ရောဂါများ မပြန့်ပွားစေရန် လိုအပ်သော ဆေးဝါးအစီအမံ ပြုလုပ်ထားရှိခြင်းတို့ ပါဝင်ပါသည်။

**အနာဂတ်ကာလအတွက် စွမ်းဆောင်ရည်မြင့်မားသည့် တပ်ဖွဲ့ဖြစ်ရန် ကြိုးပမ်း**

မီးသတ်တပ်ဖွဲ့ကို အဆင့်ဆင့်ကြီးကြပ်ကွပ်ကဲမှုကောင်းမွန်၍ ပြတ်သားသော စည်းကမ်းစည်းမျဉ်းထားရှိကာ လိုက်နာရမည့် ကျင့်ဝတ်များ သတ်မှတ်ထားရှိခြင်းဖြင့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ကို အနာဂတ်ကာလတွင် နိုင်ငံတကာ မီးသတ်တပ်ဖွဲ့ဝင်များကဲ့သို့ ခေတ်မီပစ္စည်းကိရိယာများ အသုံးပြုပြီး စွမ်းဆောင်ရည်မြင့်မားသည်ထက် မြင့်မားအောင် ဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံနှင့် ပြည်သူလူထုအား မီးဘေးနှင့် သဘာဝဘေးတို့မှ ကာကွယ်စောင့်ရှောက်ရန်အတွက် အစဉ်အမြဲ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်ဟုလည်း သိရသည်။

သို့အတွက် လာမည့် မေလ ၅ ရက်နေ့တွင် ကျရောက်မည့် မီးသတ်တပ်ဖွဲ့နေ့ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ပစ္စည်းများ၊ နိုင်ငံတော်အတွင်းရှိ ကုန်ထုတ်အရင်းအနှီးများကို မီးဘေးအန္တရာယ်မှ တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်နှင့် သဘာဝဘေးအန္တရာယ်အပါအဝင် အခြားသော ဘေးအန္တရာယ်များ ကျရောက်လာသည့်အခါ အရေးပေါ် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နေသော မီးသတ်တပ်ဖွဲ့ဝင်များကို ကြိုဆိုဂုဏ်ပြုကြရမည်ဖြစ်ပြီး ထိုတပ်ဖွဲ့ဝင်များ၏ ရည်မှန်းချက်ဖြစ်သည့် မီးဘေးလုံခြုံရေး၊ သဘာဝဘေး အန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ပိုမိုထိရောက် အောင်မြင်စေရေးအတွက် ပြည်သူများက ထိုတပ်ဖွဲ့၏ လုပ်ငန်းစဉ်များကိုသိရှိပြီး ဝိုင်းဝန်းလိုက်ပါ ဆောင်ရွက်ကြစေလိုပါကြောင်း ရေးသား တင်ပြလိုက်ရပါသည်။ ။

# အဋ္ဌမတန်းလူရည်ချွန် ကျောင်းသား ကျောင်းသူများ ပခုက္ကူနှင့် ရေစကြိုမြို့တို့ရှိ တန်ခိုးကြီးဘုရားများအား ဖူးမြော်ကြည်ညို

**ပခုက္ကူ မေ ၄**

ပုဂံလူရည်ချွန်စခန်း၌ ရောက်ရှိနေသည့် အဋ္ဌမတန်းလူရည်ချွန် ကျောင်းသား ကျောင်းသူများသည် ယနေ့နံနက်ပိုင်းတွင် ပခုက္ကူမြို့နှင့် ရေစကြိုမြို့တို့ရှိ တန်ခိုးကြီးဘုရားများအား သွားရောက်ဖူးမြော်ကြသည်။

ရှေးဦးစွာ ပုဂံလူရည်ချွန်စခန်းမှူး မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သန်းမြင့်နှင့်အဖွဲ့ဝင်များ ဦးဆောင်၍ ကြီးကြပ်ဆရာ ဆရာမ ၁၈ ဦးနှင့်အတူ အဋ္ဌမတန်းကျောင်းသား ကျောင်းသူ ၁၇၈ ဦးသည် ယနေ့နံနက်ပိုင်းတွင် ပုဂံ လူရည်ချွန်စခန်းမှ ထွက်ခွာ၍ ပခုက္ကူမြို့ရှိ သီဟိုဠ်ရှင်မြတ်စွာဘုရားနှင့် ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးတို့သို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် ရေစကြိုမြို့ ပခန်းကြီးမြို့ဟောင်းရှိ စည်သူရှင်သရက္ခန်ဘုရားနှင့် ကျောင်းတော်ကြီးတို့သို့ သွားရောက်လေ့လာဖူးမြော်ကြပြီး မွန်းလွဲပိုင်းတွင် ပုဂံ လူရည်ချွန်စခန်းသို့ ပြန်လည်ရောက်ရှိကြသည်။ **ကိုမင်း**



**လူရည်ချွန် မောင်မယ်များ ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြစဉ်။**

ဓာတ်ပုံ-မင်းမင်း

# အင်းလေးခေါင်တိုင် လူရည်ချွန်အပန်းဖြေစခန်း အောင်မြင်စွာ ပိတ်သိမ်း

**တောင်ကြီး မေ ၄**

၂၀၁၉ ခုနှစ် အင်းလေးခေါင်တိုင်လူရည်ချွန်အပန်းဖြေစခန်း ပိတ်သိမ်းပွဲနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ ညနေ ၆နာရီက ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး မြက်ခင်းပြင်၌ ကျင်းပသည်။

**ရုပ်ပိုင်းစိတ်ပိုင်း ဖွံ့ဖြိုးရန်**

အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က လူရည်ချွန် မောင်မယ်များ အင်းလေးခေါင်တိုင်စခန်းတွင် နေထိုင်ခဲ့သည့်ကာလအတွင်း လေ့လာသိရှိရသည့် အချက်များကို မှတ်မိရုံသာမက တွေးတတ်၊ ခေါ်တတ်၊ စိစစ်တတ်ပြီး ကြောင်းကျိုး ဆက်စပ်စဉ်းစားတတ်ရမည်ဖြစ်ကြောင်း၊ လူငယ်များအနေဖြင့် မိမိလိုအပ်ချက်များရှိပါက 'သင့်ဓားတို လျှင် ရှေ့တစ်လှမ်းတိုးခုတ်ပါ'ဆိုသကဲ့သို့ သာမန်ထက် ပိုပြီးကြိုးစားအားထုတ်ရမည်ဖြစ်ကြောင်း၊ ရုပ်ပိုင်းစိတ်ပိုင်း အချိုးညီညီ ဖွံ့ဖြိုးရန် စာဖတ်ကြရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လူရည်ချွန်များအား အမှတ်တရ လက်ဆောင်ပစ္စည်းများနှင့် ပြိုင်ပွဲများ၌ ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြရာ လူရည်ချွန်များကိုယ်စား နဝမတန်းလူရည်ချွန် မောင်ခန့်ညားနန္ဒက ကျေးဇူးတင်စကားပြောကြားသည်။



**အင်းလေးခေါင်တိုင်လူရည်ချွန်အပန်းဖြေစခန်းပိတ်သိမ်းပွဲနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပစဉ်။**

ဓာတ်ပုံ - သီဟစည်သူ

အင်းလေးခေါင်တိုင် လူရည်ချွန် စခန်းမှူး ဦးဆောင်သော ၂၀၁၉ ခုနှစ် နဝမတန်း လူရည်ချွန်လူငယ်များသည် ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့မှ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်ရှိ ထမ်ဆန်းလိုဏ်ဂူသို့ သွားရောက်လေ့လာကြသည်။ ထမ်ဆန်းလိုဏ်ဂူသည် ဂူဝအကျယ် ၁၅ ပေ၊ အမြင့် ၁၂ ပေခန့်ရှိပြီး အတွင်းပိုင်း ၂၁၈၅ ပေအထိ သဘာဝကျောက်စက်ပန်းဆွဲများ၊ ကျောက်စက်မိုးမျှော်များနှင့် ဘုရားစေတီ ပုထိုးများစွာကို ဖူးမြော်လေ့လာနိုင်သည်။ ယခုအခါ ထမ်ဆန်းလိုဏ်ဂူသည် ဟိုပုံးဒေသ၏ အထင်ကရနေရာတစ်ခုအဖြစ် တည်ရှိနေသည်။ ရှေးဟောင်းသုတေသနအဖွဲ့၏ လေ့လာဆန်းစစ်ချက်အရ ယင်းဂူ၏ သက်တမ်းသည် နှစ်ပေါင်း ၂ ဒသမ ၅ သန်းမှ ၃သန်းခန့် ကြာမြင့်ပြီဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ လူရည်ချွန်လူငယ်များသည် ထမ်ဆန်းဂူရွှေတိဂုံပုံတူစေတီတော်ကြီးကို သွားရောက်ဖူးမြော်လေ့လာကြသည်။

မွန်းလွဲပိုင်းတွင် လူရည်ချွန်လူငယ်များသည် ကျောက်တလုံးကြီးမြို့နယ်ရှိ မွေတော်ကက္ကူဘုရားများကို သွားရောက်ဖူးမြော်လေ့လာကြသည်။ မွေတော်ကက္ကူဘုရားများသည် ယခုအချိန်တွင် စေတီပေါင်း ၂၅၀၀ ခန့်ရှိပြီး ပါးစပ်ရာဇဝင်အရ 'တောင်သူကွမ်းညှပ်တဖျပ်ဖျပ်' ဟုခေါ်ပြီး စေတီပေါင်း ၇၆၂၃ ဆူရှိသည်ဟု ဆိုကြသော်လည်း မှတ်တမ်းများအရ ၁၉၁၈ ခုနှစ်တွင် ၂၄၀၂ ဆူ၊ ၁၉၂၈ ခုနှစ်တွင် ၂၅၄၈ ဆူ နှင့် ၂၀၀၁ ခုနှစ်တွင် ၂၄၇၈ ဆူ ရှိခဲ့ကြောင်း သိရသည်။

**ရိုးရာပြခန်းများ ကြည့်ရှုလေ့လာ**

ထို့နောက် လူရည်ချွန်လူငယ်များသည် တောင်ကြီးမြို့ရှိ ယဉ်ကျေးမှုပြတိုက်သို့ သွားရောက်၍ တိုင်းရင်းသားရိုးရာပြခန်းများကို ကြည့်ရှုလေ့လာကြကာ မြို့မဈေးကြီးအတွင်း ဒေသ၏ ရောင်းဝယ်ဖောက်ကားမှု အခြေအနေများကို သွားရောက်လေ့လာကြသည်။ ညပိုင်းတွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ မီးပုံပွဲကျင်းပ၍ စခန်းသိမ်းပွဲကို ပျော်ရွှင်စွာ ကျင်းပခဲ့ကြကြောင်း သိရသည်။

**ဇင်ဦး(မြန်မာ့အလင်း)**

# လူရည်ချွန်စခန်း (ငွေဆောင်) စခန်းသိမ်းပွဲနှင့် မီးပုံပွဲ အခမ်းအနားကျင်းပ

**ငွေဆောင် မေ ၄**

၂၀၁၈-၂၀၁၉ ဒသမတန်း လူရည်ချွန် မောင်မယ်များ၏ လူရည်ချွန်စခန်း(ငွေဆောင်) စခန်းသိမ်းပွဲနှင့် မီးပုံပွဲ အခမ်းအနားကို ယနေ့ညပိုင်းက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငွေဆောင်ကမ်းခြေရှိ ပုလဲငွေဆောင်ဟိုတယ် သဲသောင်ပြင်၌ ကျင်းပသည်။

**အခမ်းအနား ဖွင့်လှစ်ပေး**

အခမ်းအနားတွင် လူရည်ချွန်စခန်း (ငွေဆောင်) စခန်းမှူး၊ ဧရာဝတီတိုင်းဒေသကြီး ပညာရေးမှူးရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းက နှုတ်ခွန်းဆက်စကား ပြောကြားပြီး စခန်းပိတ်သိမ်းပွဲအခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် လူရည်ချွန်မောင်မယ်များ၊ ကြီးကြပ်သူဆရာ ဆရာမများက ပါဆယ်ဂိမ်းကစားခြင်း၊ သီချင်းများသီဆိုခြင်း၊ လက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ခြင်းတို့ ဆောင်ရွက်ကြပြီး တေးသီချင်းများ စုပေါင်းသီဆိုခဲ့ကြကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**ရှင်းလင်းဟောပြော**

ယနေ့နံနက်ပိုင်းတွင် ပုလဲငွေဆောင် ဟိုတယ်၌ လူရည်ချွန်မောင်မယ်များအား ပညာဗဟုသုတ တိုးပွားစေရန် IT ပညာရပ်ဆိုင်ရာ၊ ဟိုတယ်လုပ်ငန်းဆိုင်ရာ အကြောင်းအရာများ၊ ကျန်းမာရေးဆိုင်ရာ အကြောင်းအရာများကို ကျွမ်းကျင်ပညာရှင်များက ဟောပြောပို့ချခဲ့ပြီး ငွေဆောင်ကမ်းခြေသမိုင်းနှင့်ပတ်သက်၍ တာဝန်ရှိသူများက ရှင်းလင်းဟောပြောခဲ့ကြသည်။

လူရည်ချွန်စခန်း (ငွေဆောင်) သို့ ဧပြီ ၂၉ ရက်မှ မေ ၄ ရက်အထိ အပန်းဖြေရန်နှင့် လေ့လာရေးခရီးသွားရောက်ရန် ရောက်ရှိလာကြသည့် လူရည်ချွန် မောင်မယ်များသည် ခရီးစဉ်အတွင်း ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ပုသိမ်မြို့ရှိ ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုခြင်း၊ ပုသိမ်မြို့ရှိ ဟာလဝါလုပ်ငန်း၊ ပုသိမ်ထီးလုပ်ငန်း၊ အထည်ချုပ်လုပ်ငန်းနှင့် ငွေဆောင်ဒေသရှိ ငါးဖမ်း၊ ငါးလှန်းလုပ်ငန်း၊ ပုစွန်မွေးမြူရေးလုပ်ငန်းတို့ကို လေ့လာခဲ့ကြပြီး မေ ၅ ရက် နံနက်ပိုင်းတွင် လူရည်ချွန်စခန်း (ငွေဆောင်) မှ ရန်ကုန်မြို့သို့ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာကြမည်ဖြစ်ကြောင်း သိရသည်။ **မင်းသစ် (MNA)**



**ဒသမတန်း လူရည်ချွန်မောင်မယ်များ၏ လူရည်ချွန်စခန်း (ငွေဆောင်) စခန်းသိမ်းပွဲနှင့် မီးပုံပွဲအခမ်းအနား ကျင်းပစဉ်။**

ဓာတ်ပုံ-စိုးမင်းဦး(ပြန်/ဆက်)

# နေပြည်တော်စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက် / ထိန်း ဦးဆောင်ကော်မတီ ညှိနှိုင်းရွေးချယ် ဖွဲ့စည်းခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် စိမ်းလန်းစိုပြည်စေရေး သစ်ပင်စိုက်ပျိုးထိန်းသိမ်းရေး ဦးဆောင်ကော်မတီတစ်ရပ် ညှိနှိုင်းရွေးချယ်ဖွဲ့စည်းခြင်းအခမ်းအနားကို မေ ၂ ရက်က ဇမ္ဗူသီရိမြို့နယ် ရောဝတီလမ်းရှိ Mandalay Paradise Food Center တွင် ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာ မျိုးအောင် တက်ရောက်၍ အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ကိုယ်စား အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီအဖွဲ့ဝင် ဦးခင်ဇော်လင်း၊ နေပြည်တော် သစ်တောထွက်ပစ္စည်းနှင့်သစ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးသိန်းလွင်တို့က အမှာစကားများ ပြောကြားကြပြီး တက်ရောက်လာသော ဌာနဆိုင်ရာအသင်းအဖွဲ့များဖြစ်သည့် စည်ပင်သာယာရေးကော်တီ၊ မြေယာဌာနမှူး ဦးစိုးနိုင်၊ သစ်တောဌာန ညွှန်ကြားရေးမှူး ဦးဝင်းနိုင်၊ လျှပ်စစ်ဌာန ညွှန်ကြားရေးမှူးနှင့် "စိုး" လျှပ်စစ်ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးကျော်မင်းထွန်းတို့က သစ်ပင်စိုက်ပျိုး ထိန်းသိမ်းရေးဆိုင်ရာများကို အကြံပြု ဆွေးနွေးတင်ပြကြသည်။



နေပြည်တော်စိမ်းလန်းစိုပြည်ရေး ဦးဆောင်ကော်မတီဖွဲ့စည်းခြင်းအခမ်းအနား ကျင်းပစဉ်။

နေပြည်တော် စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်ပျိုးပင်ပေါင်း လေးသိန်းကျော် စိုက်ပျိုးထိန်းသိမ်းလျာထားသည်ဖြစ်ရာ စရိတ်မတည်အလှူငွေကျပ် ၆၃ သိန်း ထည့်ဝင်လှူဒါန်းပါဝင်ထားသည့် အလှူရှင်အမည်စာရင်းများအား ဖတ်ကြားကြေညာပြီး နေပြည်တော်စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုးထိန်းသိမ်းရေး ဦးဆောင်ကော်မတီကို နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ မြို့တော်ဝန်နှင့် နာယကအဖွဲ့ဝင်များကို တင်မြှောက်ဖွဲ့စည်းခဲ့ပြီး ဦးဆောင်ကော်မတီ၊ အလုပ်အမှုဆောင်ကော်မတီများကို ညှိနှိုင်းရွေးချယ်ရာ တက်ရောက်လာသူတို့က အဆိုတင်သွင်းထောက်ခံစနစ်ဖြင့် "စိုး" လျှပ်စစ်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးကျော်မင်းထွန်းအား ဥက္ကဋ္ဌတာဝန်ပေးအပ်ကာ အဖွဲ့ဝင်များဖြင့် ရွေးချယ်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

ရွေးချယ်တင်မြှောက်ဖွဲ့စည်းသည့် ဆပ်ကော်မတီ ရှစ်ဖွဲ့တွင် စည်းရုံးလှုံ့ဆော်ရေးဆပ်ကော်မတီ၊ စိုက်ပျိုးရေးဆပ်ကော်မတီ၊ ဘဏ္ဍာငွေရှာဖွေစုဆောင်းရေးဆပ်ကော်မတီ၊ ထောက်ပံ့ရေးမြေပြင်စစ်ဆေးရေးဆပ်ကော်မတီ၊ ပြည်သူပါဝင်သော လုပ်ငန်းစဉ်ဆပ်ကော်မတီ၊ မြေနေရာ ရွေးချယ်အတည်ပြုရေးဆပ်ကော်မတီ၊ စိုက်ပျိုးပြီးသစ်ပင်များ ထိန်းသိမ်းရေးဆပ်ကော်မတီ၊ လုပ်ငန်းနှင့် စာရင်းစစ်ဆေးရေးဆပ်ကော်မတီတို့ဖြစ်ကြပြီး နေပြည်တော်စိမ်းလန်းစိုပြည်ရေး၊ သစ်ပင်စိုက်ပျိုး ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းထွန်း (စိုးလျှပ်စစ်ဖောင်ဒေးရှင်း ဥက္ကဋ္ဌ) က လုပ်ငန်းမတည်စရိတ်ပဏာမအနေဖြင့် ငွေကျပ်သိန်း ၁၀၀ ထည့်ဝင်လှူဒါန်းကာ လက်ရှိအနေဖြင့် အလုပ်အမှုဆောင်တည်ရာရုံးကို "စိုး" လျှပ်စစ်ဖောင်ဒေးရှင်း ရုံးအဆောက်အအုံအား သတ်မှတ်ခဲ့ကြောင်းနှင့် အနာဂတ်ကာလ နေပြည်တော်စိမ်းလန်းစိုပြည်ရေးအတွက် ရည်ရွယ်မျှော်မှန်းကာ ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

# နယ်စပ်ရေးရာဝန်ကြီးဌာနက သောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်ရေးအတွက် ကျေးရွာများအား ရေလှူဒါန်း



သောက်သုံးရေအခက်အခဲဖြစ်ပေါ်သောနေရာများအား နယ်စပ်ရေးရာဝန်ကြီးဌာနက သောက်သုံးရေလှူဒါန်းပေးနေစဉ်။

**နေပြည်တော် မေ ၄**

နယ်စပ်ရေးရာဝန်ကြီးဌာနက သောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်ရေးအတွက် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားခရိုင် ပျဉ်းမနားမြို့နယ် တောင်သာကျေးရွာအုပ်စုရှိ အုတ်ကျင်းနှင့် ဇေယျာသီရိမြို့နယ် စက်ကုန်းကျေးရွာများသို့ ယမန်နေ့က သောက်သုံးရေများ သွားရောက်လှူဒါန်းသည်။

ထိုသို့ လှူဒါန်းရာတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့ ဦးဆောင်၍ တောင်သာရပ်ကွက်သို့ ရေဂါလန် ၄၀၀၀ နှင့် စက်ကုန်းကျေးရွာသို့ ရေဂါလန် ၂၀၀၀၊ စုစုပေါင်း ရေဂါလန် ၆၀၀၀ အား အိမ်ထောင်စုအလိုက် သောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်ရေးအတွက် ရေသယ်ယာဉ်များဖြင့် သယ်ဆောင်ကာ စနစ်တကျ ခွဲဝေလှူဒါန်းပေးခဲ့သည်။

နယ်စပ်ရေးရာဝန်ကြီးဌာနသည် ဧပြီ ၂၄ ရက်မှ မေ ၃ ရက်အထိ ပျဉ်းမနား၊ ဇေယျာသီရိ၊ ပုဗ္ဗသီရိမြို့နယ်များအတွင်းရှိ ကျေးရွာများသို့ ရေဂါလန် ၄၂၀၀၀ လှူဒါန်းခဲ့ပြီး ယခင်နှစ်ကလည်း ရပ်ကွက်၊ ကျေးရွာ ခြောက်ခုသို့ ရေဂါလန် ၅၀၀၀၀ သွားရောက်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ILO ရာပြည့်အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲများ ကျင်းပမည်

**နေပြည်တော် မေ ၄**

၂၀၁၉ ခုနှစ်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) ၏ ရာပြည့်နှစ်အထိမ်းအမှတ်အခမ်းအနားကို အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံအလိုက် ကျင်းပရာတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ILO ၊ ရန်ကုန်နှင့် ပူးပေါင်း၍ ILO ရာပြည့် ဆောင်းပါးပြိုင်ပွဲနှင့် ထူးချွန်ဆုချီးမြှင့်ပွဲကို ကျင်းပမည်ဖြစ်သည်။

ဆောင်းပါးပြိုင်ပွဲခေါင်းစဉ်မှာ မြန်မာဘာသာဖြင့် "ILO ရာပြည့်မှစ သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်တိုးမြှင့်ရေးနှင့် လူမှုတရားမျှတရေး မြှင့်တင်ဆောင်ရွက်ကြ" ဖြစ်သည်။

ပြိုင်ပွဲဝင်လိုသူများသည်စာမူကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်ရေးဖြင့်ဖြစ်စေ၊ စာမျက်နှာတစ်ဖက်တည်းတွင် စာလုံးရေ သုံးထောင်မှ ငါးထောင်အတွင်း ရေးသားရန် (Pyidaungsu Font Size 13)၊ ပြိုင်ပွဲဝင်တစ်ဦးအတွက် စာမူဆောင်းပါး တစ်ပုဒ်သာ တင်သွင်းရန်၊ စာမူ မူရင်းနှင့် မိတ္တူကို ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်းနှင့် မည်သည့် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများတွင်မှ ထည့်သွင်းဖော်ပြခဲ့မှု မရှိခြင်း၊ အခြားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်း မရှိခဲ့ကြောင်း ဝန်ခံချက်ရေးသား၍ ပူးတွဲတင်ပြရန်၊ ဆောင်းပါးရေးသူ၏ ကိုယ်ရေးရာဇဝင်တွင် အမည်ကို မြန်မာနှင့် အင်္ဂလိပ်ဘာသာ နှစ်မျိုးစလုံးဖြင့် ဖော်ပြပြီး အဘအမည်၊ အသက် (မွေးသက္ကရာဇ်)၊ ကျား၊ မ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ပညာအရည်အချင်း၊ အလုပ်အကိုင်၊ နေရပ်လိပ်စာနှင့် ဆက်သွယ်ရမည့် တယ်လီဖုန်းအမှတ်၊ တိုင်းဒေသကြီး၊ ပြည်နယ်တို့ကို ပြည့်စုံစွာဖြည့်စွက်ရေးသားဖော်ပြပြီး ပတ်စပို့ဓာတ်ပုံသုံးပုံ ပူးတွဲတင်ပြရန် ဖြစ်သည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရုံးအမှတ် (၅၁) နေပြည်တော် ဆောင်းပါးပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူးထံသို့ ပြိုင်ပွဲဝင်စာမူများကို ယခင်ထုတ်ပြန်ကြေညာထားသည့် မေ ၆ ရက်အစား မေ ၂၀ ရက် ညနေ ၄ နာရီ နောက်ဆုံးထားပေးပို့ရမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ဆုများအဖြစ် ပထမဆု ငွေကျပ် ငါးသိန်း၊ ဒုတိယဆု ငွေကျပ် သုံးသိန်း၊ တတိယဆု ငွေကျပ် နှစ်သိန်း၊ နှစ်သိမ့်ဆု၊ အထူးဆု ငါးဆုအတွက် တစ်ဆုလျှင် ငွေကျပ် တစ်သိန်း သတ်မှတ်ထားပြီး ဆုရသူများကို မေလနောက်ဆုံးပတ်တွင် ရန်ကုန်၌ ကျင်းပမည့် Centenary Launch event အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်သည်။ ရွေးချယ်ခြင်းမခံရသည့်စာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ကြောင်းနှင့် ဆောင်းပါးပြိုင်ပွဲနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဒေါ်တင်မာထွေး အတွင်းရေးမှူး ဆောင်းပါးပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ ဖုန်း-၀၆၇-၄၃၀၀၉၀ ကို ဆက်သွယ်စုံစမ်းနိုင်ကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

# ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုပြပွဲကြီး မန္တလေး၌ ဖွင့်လှစ်ပြသ

**မန္တလေး မေ ၄**

နိုင်ငံတကာ ဆေးရုံကြီးများနှင့် ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုပြပွဲကြီးကို ယမန်နေ့က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၁ လမ်း × ၂၆ လမ်းရှိ မြို့တော်ခန်းမ၌ ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်ကြီးများအသင်း မန္တလေးတိုင်းဒေသကြီး ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်၊ ဘမ်မွန်ဘရက် Int'l Hospital ဆေးရုံကြီး၏ မြန်မာပြည်တစ်ဦးတည်းကိုယ်စားလှယ် Yangon Int'l Medical Service Co.,Ltd မှ Executive Director ဦးမိုးရဲကျော်၊ တိုင်းဒေသကြီး အင်ဂျင်နီယာအသင်း ဥက္ကဋ္ဌ ဦးထွန်းကြည်၊ တိုင်းဒေသကြီး ပုဂ္ဂလိကဆေးရုံကြီးများအသင်းမှ ဒေါက်တာ နန်းတင်တင်ဌေး၊ တိုင်းဒေသကြီး ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်သိန်း၊ တိုင်းဒေသကြီး ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမင်းနိုင်၊ တိုင်းဒေသကြီး ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်မင်းတို့က အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

အဆိုပါပြပွဲတွင် ပြခန်းပေါင်း ၈၀ ပါရှိပြီး မေ ၃ ရက်မှ ၅ ရက်အထိ ပြသမည်ဟု သိရသည်။ **ခင်ခင်ဝင်း (ပညာရေး)**

# ရဲတပ်သားသစ် အမျိုးသားသင်တန်း အမှတ်စဉ် (၂၂၃/၂၀၁၈) သင်တန်းဆင်း

**နေပြည်တော် မေ ၄**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ် (၁) ရဲလေ့ကျင့်ရေးကျောင်းတွင် ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၅ ရက်မှ ၂၀၁၉ ခုနှစ် မေ ၃ ရက်အထိ အမှတ် (၁၈) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ (ပုဗ္ဗသီရိမြို့) တွင် ဖွင့်လှစ်သင်ကြားခဲ့သည့် ရဲတပ်သားသစ် အမျိုးသား သင်တန်းအမှတ်စဉ် (၂၂၃/၂၀၁၈) ဗလတပ်ခွဲသင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့က အမှတ် (၁၈) လုံခြုံရေးရဲတပ်ဖွဲ့ခွဲအတွင်း စစ်ရေးပြကွင်း၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ကျောင်းအုပ်ကြီး ရဲမှူးကြီး စိုးလွင်မိုးက ကျောင်းဆင်းတပ်ခွဲ၏ အလေးပြုခြင်းကို ခံယူကာသင်တန်းဆင်းတပ်ခွဲများကို စစ်ဆေး၍ စံပြကျောင်းသားဆုရ အောင်မိုးဦး၊ လေ့ကျင့်ရေးထူးချွန်ဆုရ မျိုးမင်းကျော်၊ ဥပဒေထူးချွန်ဆုရ ခန့်စည်သူ၊ ရဲကျင့်ဝတ်ထူးချွန်ဆုရ ကျော်ဌေးဝင်းနှင့် သေနတ်ပစ်ထူးချွန်ဆုရ အောင်ခန့်ခန့်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကျောင်းအုပ်ကြီးက သင်တန်းဆင်းမိန့်ခွန်းပြောကြားပြီး ကျောင်းဆင်း သင်တန်းသားများက စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုခြင်းကို ခံယူသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား ၁၈၆ ဦး တက်ရောက်အောင်မြင်ခဲ့ပြီး သင်တန်းဆင်းပွဲသို့ အရာရှိ၊ အခြားအဆင့် တပ်ဖွဲ့ဝင်များ၊ သင်တန်းသားများ၏ မိဘဆွေမျိုးများနှင့် ဧည့်သည်တော်တက်ရောက်ခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# ထိုင်းနိုင်ငံမှ မြန်မာအလုပ်သမားတစ်ဦးကို တာချီလိတ်နယ်စပ်ဂိတ်၌ လွှဲပြောင်းပေးအပ်

**တာချီလိတ် မေ ၄**

မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်နေသည့် အမျိုးသားရွှေ့ပြောင်းအလုပ်သမားတစ်ဦးအား ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ လူဝင်မှုကြီးကြပ်ရေးဌာနမှ တာဝန်ရှိသူများက မြန်မာနိုင်ငံ တာချီလိတ်မြို့မှ ဒေသအာဏာပိုင်များထံသို့ မေ ၂ ရက်တွင် မြန်မာ-ထိုင်း အမှတ် (၂) ချစ်ကြည်ရေးတံတား၌ လာရောက်လွှဲပြောင်းပေးခဲ့ရာ မြန်မာတာဝန်ရှိသူများက ကြိုဆိုလက်ခံခဲ့သည်။

အဆိုပါ မြန်မာရွှေ့ပြောင်းအလုပ်သမားမှာ ထိုင်းနိုင်ငံတွင် အထောက်အထားမဲ့ နေထိုင်ခြင်းကြောင့် ထိုင်းနိုင်ငံ ဥပဒေများအရ အရေးယူခံရပြီး မြန်မာနိုင်ငံသို့ ပြန်ပို့ခံရခြင်းဖြစ်ကာ ၎င်းအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဌာန၊ လူကုန်ကူးမှုတိုက်ဖျက်ရေးရဲတပ်ဖွဲ့၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာနနှင့် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများ ကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီတို့က ကြိုဆိုလက်ခံပြီး ၎င်း၏နေရပ်ဒေသသို့ လုံခြုံချောမွေ့စွာပြန်နိုင်ရန် ကူညီဆောင်ရွက်ပေးခဲ့သည်။

ယခုနှစ်အတွင်း ဇန်နဝါရီ ၁ ရက်မှ မေ ၂ ရက်အထိ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခဲ့သည့် တရားမဝင် မြန်မာရွှေ့ပြောင်းအလုပ်သမား စုစုပေါင်း အရေအတွက်မှာ ၆၆၄ ဦးရှိပြီး ၎င်းတို့ထဲတွင် အမျိုးသား ၄၂၁ ဦး၊ အမျိုးသမီး ၂၁၈ ဦးနှင့် ကလေး ၂၅ ဦး ပါဝင်ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

# ၁၀၅ မိုင် ကုန်သွယ်ရေးဇုန် လုပ်အားခကျဆင်းနေသည့်အတွက် မိသားစုများ အခက်ကြုံနေရ

**မူဆယ် မေ ၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင်မူဆယ်မြို့နယ် မိုင်းယု (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်အတွင်းရှိ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကုန်တင်ကုန်ချကော်မတီရုံး မူဆယ်(၁၀၅)မိုင်တွင် လုပ်သားများ ၈၀၀ ခန့်ရှိရာ ၎င်းအလုပ်သမားများ၏ ယခင်လုပ်အားခမှာ တစ်ရက်လုပ်အားခ တစ်သောင်းငါးထောင်ကျော်၊ နှစ်သောင်းဝန်းကျင်ရရှိခဲ့ခြင်းဖြစ်ပြီး ယခုအခါ ကျပ် ၇၀၀၀ ဝန်းကျင်ခန့်ထိ လျော့ကျသွားခဲ့သောကြောင့် မိသားစုဝင်များအတွက် အခက်အခဲများ ကြုံတွေ့နေရကြောင်း သိရသည်။

အဆိုပါ ကုန်တင်ကုန်ချ လုပ်သားများသည် ကုန်သွယ်ရေးဇုန်အတွင်းသို့ နှစ်နိုင်ငံဘက်မှာ နေ့စဉ်ဝင်ရောက်လာသည့် ကုန်ပစ္စည်းများကို သက်ဆိုင်ရာတာဝန်ရှိသူများ၏ ညွှန်ကြားချက်အရ ဖွင့်ဖောက်ပေးခြင်းနှင့် အတင်အချပြုလုပ်ပေးခြင်းများကို နေ့စဉ်လုပ်ကိုင်ဆောင်ရွက်နေကြခြင်းဖြစ်သည်။

**အဖွဲ့ခွဲပြီးလုပ်ကိုင်**

အဆိုပါ ကုန်တင်ကုန်ချ လုပ်သားများသည် လုပ်ငန်းခွင်မဝင်ခင် နံနက် ၆ နာရီတွင် ၎င်းတို့၏ ကုန်တင်ကုန်ချကော်မတီရုံးရှေ့တွင် တန်းစီပြီး နိုင်ငံတော်အလံအလေးပြု၍ (ယာပုံ) သစ္စာအဓိဋ္ဌာန်ဆိုပြီးမှသာ မိမိတို့ကျရာလုပ်ငန်းခွင်သို့ သွားရောက်ကြရပြီး လုပ်ငန်းခွင်တွင် လုပ်ဆောင်ရန် လွယ်ကူစေရေးအတွက် အဆိုင်း ၂၀ ခွဲ၍ တစ်ဆိုင်းကို ဆိုင်းမှူးပါ လုပ်သား ၄၀ ဖြင့် အဖွဲ့ခွဲပြီး လုပ်ကိုင်နေကြခြင်းဖြစ်သည်။

အဆိုပါ ကုန်တင်ကုန်ချ လုပ်သားများမှာ မြန်မာပြည်အနယ်နယ်အရပ်ရပ်မှ လာသူများ၊ ဒေသခံများဝင်ရောက်လုပ်ကိုင်နေကြပြီး ဒေသအတွင်းရှိ လူမှုရေး၊ ဘာသာရေး၊ ကျန်းမာရေးနှင့် ပညာရေးတို့တွင် ငွေအင်အား၊ လူအင်အားတို့ဖြင့် တတ်စွမ်းသရွေ့ တစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်းကူညီကြသည့်အတွက် ဒေသတွင်လည်း များစွာအဆင်ပြေကြသည်။

**လုပ်ငန်းခွင်အချိန်ပြည့်**

"ကျွန်တော်တို့က ကုန်တင်ကား အဝင် အထွက်၊ အနည်းအများပေါ် မူတည်ပြီး လုပ်အားခ ရကြတာဖြစ်ပါတယ်။ ကုန်ထမ်းရသည်ဖြစ်စေ၊ ကုန်မထမ်းရသည်ဖြစ်စေ ကျွန်တော်တို့အနေနဲ့ လုပ်ငန်းခွင်ထဲမှာ အချိန်ပြည့်နေရတာ ဖြစ်ပါတယ်။ ဒီလို လုပ်ငန်းခွင်ဝင်နေတဲ့အချိန် အခြားအပြင်လုပ် ဘာမှလုပ်လို့မရပါဘူး။ ဒါကြောင့် ဒီလုပ်အားခကိုပဲ အဓိက အားကိုးပြီး လုပ်ကိုင်စားသောက်နေကြရတာ ဖြစ်ပါတယ်။ အရင်တုန်းကတော့ လုပ်အားခများတဲ့အချိန်တော့ တော်တော်များများ အဆင်ပြေပါတယ်။ အခုတော့ လုပ်အားခက အလွန်ကိုလျော့သွားတော့ အိမ်လခ၊ ကလေးကျောင်းစရိတ်၊ ကျန်းမာရေး၊ ပညာရေး၊ ရေဖိုး၊ မီးဖိုးတွေ၊ ကုန်ကျစရိတ်တွေက သိသာလာတယ်။ တချို့ဆယ်တန်း ကျောင်းသူ ကျောင်းသားတွေရှိတဲ့ မိသားစုတွေဆိုရင် အလွန်ကို ခက်ခဲလိမ့်မယ်လို့ ထင်ပါတယ်။ တချို့အလုပ်သမားတွေဆိုရင် လုပ်ငန်းချိန်ပြီးတာနဲ့ ညဘက်မှာ ဆိုင်ကယ်ကယ်ရီထွက်ဆွဲတဲ့ အလုပ်သမားတွေလည်း ရှိပါတယ်။ ဒါကြောင့် ဒီလိုသာ လုပ်အားခတွေ ဆက်ကျနေမယ်ဆိုရင် ကုန်တင်ကုန်ချရုံးထဲမှာ အလုပ်လုပ်မယ့်သူတောင် ကျန်မယ်မထင်ဘူး။ အခုတောင် အလုပ်သမား တော်တော်များများ ထွက်စာတွေ တင်နေကြတယ်"ဟု ကုန်တင်ကုန်ချ လုပ်သားတစ်ဦးက ပြောသည်။



**သန့်ဇင်(မူဆယ်)**

# ဖန်းမောက်တွင် တင်ဒါမခေါ်ယူဘဲ ကားဝင်းနှင့် အပန်းဖြေစခန်း လုပ်ကိုင်ခြင်းကို မကျေနပ်၍ ဆန္ဒထုတ်ဖော်

**ဖန်းမောက် မေ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ဖန်းမောက်မြို့တွင် တင်ဒါမခေါ်ယူသော ကုမ္ပဏီကို ဒေသခံများက မကျေနပ်သဖြင့် ယမန်နေ့က စုပေါင်းဆန္ဒထုတ်ဖော်ကြကြောင်း သိရသည်။



ဖန်းမောက်မြို့၌ ဒေသခံပြည်သူအချို့ဆန္ဒထုတ်ဖော်နေကြစဉ်။

ဖန်းမောက်မြို့နယ် သမိုင်းဝင် ဇလုံတောင်တက် ဘုရားဖူးမော်တော်ယာဉ်များကို ဆယ်စုနှစ်ကြာသည်အထိ ဒေသခံ မော်တော်ယာဉ်လိုင်းများက ပြေးဆွဲလျက်ရှိရာ ယခုအခါ ခမိုးကားဝင်းနှင့် အနားယူအပန်းဖြေစခန်းကို တင်ဒါခေါ်ယူခြင်းမရှိဘဲ လုပ်ကိုင်ဆောင်ရွက်နေခြင်းနှင့် စပ်လျဉ်း၍ ဒေသခံများက ကျေနပ်မှုမရှိသဖြင့် ဆန္ဒထုတ်ဖော်ကြခြင်း ဖြစ်သည်ဟု သိရသည်။

"ဒီနေ့ ဆန္ဒထုတ်ဖော်ပွဲကို ဖန်းမောက်မြို့မှ အနောက်ပိုင်းရပ်ကွက် မီးသတ်ရုံးအရှေ့ကနေပြီး မြို့နယ်လျှပ်စစ်ဝင်းအရှေ့ထိ နံနက် ၉ နာရီကနေ ၁၀ နာရီခွဲအထိ ကျွန်တော်တို့ရွာဒေသခံ အင်အား ၁၀၀၀ ကျော်တို့က စုပေါင်းဆန္ဒထုတ်ဖော်ခဲ့ကြပါတယ်"ဟု ဖန်းမောက်မြို့ မြို့မရပ်ကွက်တွင် နေထိုင်သူ ဦးသန်းထွန်းက ပြောသည်။

**နီတိုး**

# အများပြည်သူသို့အသိပေးကြေညာခြင်း

၁။ ရန်ကုန်မြို့ရှိ မီးပွိုင့် ၁၅၁ ခုတို့အား အောက်ဖော်ပြပါရက်နှင့် အချိန်များတွင် တစ်ပြိုင်နက်တည်းစမ်းသပ်လည်ပတ်မှုပြုလုပ်မည်ဖြစ်ပါကြောင်း ပြည်သူများကို အသိပေးအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ အောက်ဖော်ပြပါရက်နှင့် အချိန်များတွင် မီးပွိုင့်များအား ဖြတ်သန်းမောင်းနှင်ကြမည့် မော်တော်ယာဉ်များအနေဖြင့် ဂရုတစိုက်မောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

(က) ၈-၅-၂၀၁၉ ရက်(ဗုဒ္ဓဟူး)နေ့တွင် နံနက် ၇ နာရီမှ နံနက် ၁၀ နာရီအထိနှင့် နေ့လည် ၃ နာရီမှ ညနေ ၇ နာရီအထိ

(ခ) ၉-၅-၂၀၁၉ ရက်(ကြာသပတေး)နေ့တွင် နံနက် ၇ နာရီမှ နံနက် ၁၀ နာရီအထိနှင့် နေ့လည် ၃ နာရီမှ ညနေ ၇ နာရီအထိ

**ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့**

# မန္တလေး မဟာမုနိဘုရားကြီးတွင် ပြည်ပခရီးသွားများအား လာမည့်ဇူလိုင်လမှ စတင်၍ဝင်ကြေးကောက်ခံမည်

**မန္တလေး မေ ၄**

မန္တလေးမြို့ မဟာမုနိဘုရားတွင် လာရောက်ကြသည့် ပြည်ပခရီးသွားများအား ဝင်ကြေးကောက်ခံ ခွင့်ပြုရန် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ထံ ၂၀၁၈ နှစ်လည်ပိုင်းက တင်ပြခဲ့ရာ ယခုနှစ် ဧပြီလ နောက်ဆုံးအပတ်က ခွင့်ပြုချက်ရရှိခဲ့သဖြင့် လာမည့်ဇူလိုင်တစ်ရက်နေ့မှ စတင်ကောက်ခံသွားမည်ဟု ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးကျော်ကျော်ဦးထံက သိရသည်။

"လာမည့်ဇူလိုင် ၁ ရက်ကစပြီး ကောက်ခံခွင့်ပြုလိုက်ပါပြီ။ နိုင်ငံခြားသားတွေအတွက် Information Counter မှာ ဝင်ကြေးလက်မှတ်ရောင်းမယ်။ ကားပေါ်က ဆင်းလာရင် ဖိနပ်ချွတ်မယ်။ သန့်စင်ခန်းဝင်မယ်။ လက်ဆေးမယ်။ ဒါတွေ စီစဉ်ထားတယ်။ ပြီးတော့ ဘယ်နေရာတွေမှာ လေ့လာနိုင်တယ်ဆိုတဲ့ လက်ကမ်းစာစောင်ပေးမယ်။ ရေသန့်ဘူးတို့၊ တာဝါတို့ပေးမှာပါ" ဟု ၎င်းက ပြောသည်။

ဝင်ကြေးများကို ဂေါပကအဖွဲ့မှ တာဝန်ယူကောက်ခံသွားမည်ဖြစ်ပြီး မဟာမုနိဘုရားအနောက်ဘက် ၄၅ တာတွင် နိုင်ငံခြားခရီးသွားများအတွက် ယာဉ်များရပ်နားရန် နေရာနှင့် Information Counter ထားရှိပြီး ဝင်ကြေးအဖြစ် မြန်မာငွေကျပ် ငါးထောင် သို့မဟုတ် ၎င်းနှင့်တန်ဖိုးညီမျှသည့် အမေရိကန်ဒေါ်လာငွေကို ကောက်ခံမည်ဖြစ်ကာ ဝန်ဆောင်မှုများလည်း ပေးသွားမည်ဖြစ်သည်။

နိုင်ငံခြားခရီးသွားများအတွက် ဘုရားသမိုင်းဆိုင်ရာ အချက်အလက်များ၊ လေ့လာသင့်သော နေရာများ စသည့်လမ်းညွှန်လက်ကမ်းစာစောင်ကို အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ဖြန့်ဝေမည့်အပြင် ဝန်ဆောင်မှုများ စီစဉ်ပေးမည်ဖြစ်ပြီး နားနေရန် အဲကွန်းတပ်ဆင်ထားသည့် အဆောက်အအုံထားရှိရေးကိုလည်း ညှိနှိုင်းစီစဉ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# တာချီလိတ်၌ မြန်မာရွှေ့ပြောင်းအလုပ်သမား ၂၁ ဦးအား နေရပ်ပြန်နိုင်ရေးအတွက် ဆောင်ရွက်ပေး

**တာချီလိတ် မေ ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့မကာဟိုခမ်းရပ်ကွက် မဟာမြတ်မုနိဘုန်းကြီးကျောင်း၌ ထိုင်းနိုင်ငံမှ လွှဲပြောင်းပေးသော တရားမဝင် မြန်မာအလုပ်သမား ၂၁ ဦးတို့ကို နေရပ်ပြန်နိုင်ရေးအတွက် ၎င်းတို့ဆွေမျိုးများထံ မေ ၃ ရက် ညနေပိုင်းက ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့သည်။

မေ ၃ ရက် မွန်းလွဲ ၂ နာရီခန့် မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေး တံတားတွင် ထိုင်းနိုင်ငံ လဝကမှူး Pol Cap. Katichai Sansil ဦးစီးအဖွဲ့က တရားမဝင် မြန်မာအလုပ်သမား အမျိုးသား ၁၆ ဦးနှင့် အမျိုးသမီး ငါးဦး စုစုပေါင်း ၂၁ ဦးတို့အား လာရောက်လွှဲပြောင်းပေးအပ်ရာ မြန်မာနိုင်ငံဘက်မှ ခရိုင်/မြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဝင်များဖြစ်သည့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းထွန်း၊ လူဝင်မှုကြီးကြပ်ရေးဌာနခွဲ (တာချီလိတ်) မှ လူဝင်မှုကြီးကြပ်ရေးမှူး ကျော်သူရ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စိတ်(၁)မှ ရဲတပ်ကြပ်ကြီး ကျော်သိန်းနှင့် ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့သည် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများ ကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီ(CNC-MC)တို့နှင့်အတူ ကြိုဆိုခဲ့ကြပြီး ၎င်းတို့၏ ဆွေမျိုးများနှင့် ချိတ်ဆက်ကာ မူလနေရပ်ဒေသများသို့ ပြန်နိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

လွှဲပြောင်းပေးသည့် မြန်မာနိုင်ငံသားများအား တာချီလိတ်မြို့မကာဟိုခမ်းရပ်ကွက်ရှိ မဟာမြတ်မုနိကျောင်းဝင်းအတွင်း၌ အခြေပြုပြီး ပူးပေါင်းအဖွဲ့ဖြင့် စိစစ်ဆေးခဲ့ရာ မြန်မာအလုပ်သမားများမှာ ၎င်းတို့ဆန္ဒဖြင့် ပြန်လာသူများ မဟုတ်ကြဘဲ ထိုင်းနိုင်ငံအတွင်း အလုပ်သွားလုပ်ရာမှ လမ်းခရီးစစ်ဆေးရေးဂိတ်များတွင် ထိုင်းနိုင်ငံတာဝန်ရှိသူများက ရှောင်တခင်စစ်ဆေးချက်အရ နယ်မြေကျော်သွားရောက်ခြင်းကြောင့် ဖမ်းဆီးခံရပြီး မြန်မာနိုင်ငံသို့ ပြန်လည်စေလွှတ်ခဲ့ရသူများဖြစ်ကြောင်း၊ ၎င်းတို့အထဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ၁၇ ဦးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ လေးဦးတို့ ပါဝင်ကြောင်း သိရသည်။

အဆိုပါ လွှဲပြောင်းပေးအပ်သည့် တရားမဝင် မြန်မာအလုပ်သမားများမှာ ၂၀၁၀ ခုနှစ် နိုဝင်ဘာ ၁၉ ရက်မှ ၂၀၁၉ ခုနှစ် မေ ၃ ရက်အထိ အမျိုးသား ၁၀၅၆၇ ဦး၊ အမျိုးသမီး ၄၂၅၉ ဦး စုစုပေါင်း ၁၄၈၂၆ ဦး ရှိကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

# ဖားကန့်မြို့တွင် မြို့ပေါ်ရပ်ကွက်များထဲသို့ အမှိုက်ကောက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**ဖားကန့် မေ ၄**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် မြို့ပေါ်ရှိ ရပ်ကွက်များထဲသို့ ကွင်းဆင်း၍ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်အတူ ဌာနပေါင်းစုံမှ ဝန်ထမ်းများ၊ လူမှုအဖွဲ့များနှင့် ပြည်သူများက ယနေ့ နံနက်က မြို့ပေါ်ရပ်ကွက်များထဲသို့ ပြည်သူ့အကျိုးပြု စုပေါင်းအမှိုက်ကောက်သန့်ရှင်းရေး ဆောင်ရွက်သည်။

ဖားကန့်မြို့နယ်သို့ ရောက်ရှိနေသော ပြည်နယ်အစိုးရအဖွဲ့ဝင်များဖြစ်သည့် စိုက်ပျိုး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ စည်ပင်သာယာရေးဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ် ရဲတပ်ဖွဲ့မှူးတို့နှင့် ဌာနဆိုင်ရာဝန်ထမ်းများ လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်းအင်အား ၄၅၀ ခန့်တို့သည် မိမိတို့တာဝန်ယူရမည့် ရပ်ကွက်များ၊ လမ်းများကို ခွဲဝေ၍ ဖားကန့်မြို့ မရိုကထောင်ရပ်ကွက်၊ ငှက်ပျောတောရပ်ကွက်၊ မြို့မရပ်ကွက်၊ အေးမြသာယာရပ်ကွက်များတွင် ပြည်သူ့အကျိုးပြု စုပေါင်းအမှိုက်ကောက်၍ သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**စိုးနိုင်ဦး (ဖားကန့်)**

# Myanmar CP ဖလားတင်းနစ်ပြိုင်ပွဲ ဒုတိယဝန်ကြီးဒေါက်တာမြလေးစိန် ကြည့်ရှုအားပေး

**ရန်ကုန် မေ ၄**

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် Myanmar CP ဖလားဇုန်အလိုက် နောက်ဆုံးအဆင့် တင်းနစ်ပြိုင်ပွဲဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီက ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပသည်။ ရှေးဦးစွာ ပြိုင်ပွဲကျင်းပခြင်းနှင့် ပတ်သက်၍ Myanmar CP Stock Co.Ltd မှ အကြံပေးပုဂ္ဂိုလ်





ဒေါက်တာစိုးလွင်က ရှင်းလင်းပြီး မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသန်းလွင်၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြသည်။ "ဒီပြိုင်ပွဲက တင်းနစ်အားကစား ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်ပြီး အခုဆိုရင် ကျင်းပလာတာ (၁၆) ကြိမ်မြောက် ရှိပါပြီ။ တိုင်းဒေသကြီး၊ ပြည်နယ်မှာ ဇုန်လေးဇုန်ခွဲပြီး ကလပ်အသင်းပြိုင်ပွဲတွေ ပြုလုပ်ပြီး ပထမ၊ ဒုတိယရရှိတဲ့ ကစားသမား အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦးစီ အလွတ်တန်း ပါဝင်ယှဉ်ပြိုင်ကြတယ်။ ဒါ့အပြင် နေရှင်နယ်ချန်ပီယံ၊ ဘားမားအိုးပင်းထဲက ဆီးဂိမ်းအတွက် ရွေးချယ်ထားတဲ့ အမျိုးသား၊ အမျိုးသမီး ငါးဦးစီ ပါဝင်ယှဉ်ပြိုင်ကြပါတယ်"ဟု အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသန်းလွင်က ပြောသည်။ ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး အလွတ်တန်း တစ်ဦးချင်း၊ နှစ်ယောက်တွဲ၊ Mix နှစ်ယောက်တွဲ၊ အသက် ၁၀ နှစ်၊ ၁၂ နှစ်၊ ၁၄ နှစ်၊ ၁၆ နှစ်အောက် အမျိုးသား၊ အမျိုးသမီးတစ်ဦးချင်း၊ အလွတ်တန်း အသင်းလိုက်၊ အမျိုးသား (ဇုန်)အသင်းလိုက်ပြိုင်ပွဲများ ကျင်းပခဲ့ရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်နှင့် အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြသည်။ (ဝဲပုံ)

**သတင်းနှင့်ဓာတ်ပုံ-အာကာစိုး**

# မြန်မာဘောလုံးသမားသုံးဦး ထိုင်း၌ ဆေးကုသမှုခံယူရန် ထွက်ခွာ

**ရန်ကုန် မေ ၄**

မြန်မာ့လက်ရွေးစင် ဘောလုံးသမားများဖြစ်သည့် ကျော်မင်းဦး၊ မျိုးကိုထွန်းနှင့် ဇေယျာနိုင်တို့သည် ထိုင်းနိုင်ငံ၌ ဆေးကုသမှုခံယူရန် ယနေ့နံနက်ပိုင်းက ထိုင်းနိုင်ငံသို့ ထွက်ခွာသွားသည်။

ယင်းကစားသမားသုံးဦးသည် ဒဏ်ရာကြောင့် အနားယူနေရသူများဖြစ်ပြီး ရောဝတီဖောင်ဒေးရှင်းက ဒဏ်ရာပျောက်ကင်းသည်အထိ တာဝန်ယူကုသပေးမည်ဖြစ်သည်။ ကျော်မင်းဦးသည် ၂၀၁၆ နှစ်ဆန်းပိုင်းတွင် ရရှိသည့် ဒူးဒဏ်ရာကြောင့် စတင်အနားယူခဲ့ရပြီး ယင်းနောက်ပိုင်းတွင် ပွဲအနည်းငယ်သာ ကစားနိုင်ခဲ့သည်။ ယခုအခါ ဒဏ်ရာအခြေအနေမှာ ပိုမိုဆိုးရွားလာပြီး ဒူးနှစ်ဖက်စလုံး ဒဏ်ရာရခဲ့သောကြောင့် မတ်လတွင် ကစားသမားဘဝမှ အနားယူကာ နေရပ်သို့ပြန်သွားခြင်းဖြစ်သည်။ သို့သော် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ကစားသမားကောင်းတစ်ဦး မဆုံးရှုံးစေရန်အတွက် ဘောလုံးပြန်ကစားရန် ဆွေးနွေးခဲ့ရာ ကျော်မင်းဦး က ဒဏ်ရာပြန်လည်ကုသရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ဇေယျာနိုင်သည် ဖေဖော်ဝါရီလက ကျင်းပသည့် ၂၀၁၉ အာဆီယံ ယူ-၂၂ ပြိုင်ပွဲတွင် ဒူးဒဏ်ရာရခဲ့ပြီး မျိုးကိုထွန်းမှာလည်း ဒဏ်ရာပြဿနာများကြောင့် လက်ရွေးစင်အသင်းတွင် ပါဝင်နိုင်ခြင်းမရှိသလို ကလပ်အသင်းတွင်လည်း ကစားခွင့်ရရန် ရုန်းကန်နေရသည်။ ထို့ကြောင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ရောဝတီဖောင်ဒေးရှင်း၏ အစီအစဉ်ဖြင့် ယင်းကစားသမားသုံးဦးစလုံးကို ကုသပေးခြင်းဖြစ်သည်။

ယင်းကစားသမားသုံးဦးသည် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ဒေါက်တာကျော်သန့်ဇင်နှင့်အတူ ထွက်ခွာသွားပြီး ထိုင်းနိုင်ငံ၌ ဆေးစစ်မှုများ ပြုလုပ်မည်ဖြစ်ကာ စစ်ဆေးပြီးမှသာ လိုအပ်သည့်ကုသမှုများ ပြုလုပ်မည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

# အာဆီယံဘောလုံးအဖွဲ့ချုပ်အစည်းအဝေး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်အဖွဲ့ တက်ရောက်

**ရန်ကုန် မေ ၄**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ အာရှဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းသည် ယနေ့ နံနက်ပိုင်းက မလေးရှားနိုင်ငံ၌ ကျင်းပသည့် အာဆီယံ ဘောလုံးအဖွဲ့ချုပ် အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

ယင်းအစည်းအဝေးတွင် အာဆီယံ ဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနေရာများအတွက် ရွေးချယ်တင်မြှောက်မှုများ ပြုလုပ်ခဲ့ပြီး ယခုနှစ်အတွင်း ကျင်းပမည့် အာဆီယံအဆင့် ပြိုင်ပွဲများ၊ အာဆီယံ ဘောလုံးအဖွဲ့ချုပ်မှ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်သည် အာရှဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရသောကြောင့် အာဆီယံ ဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။ ဦးဇော်ဇော် သည် အာဆီယံဘောလုံးအဖွဲ့ချုပ်မှ ကျင်းပသည့် အစည်းအဝေးများကိုမူ အာရှဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌအနေဖြင့် တက်ရောက်မည်ဖြစ်သည်။



မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ အာရှဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အာဆီယံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ စုပေါင်းဓာတ်ပုံရိုက်စဉ်။

**ဖိုးသော်ဇင်၊ ဓာတ်ပုံ-MFF**

# တောင်ကိုရီးယားကလပ် ပိုဟန်စတီးလားစ်အသင်းနှင့် မြန်မာအသင်းများ ခြေစမ်းမည်



မြန်မာ ယူ-၂၂ အသင်း တိုက်စစ်မှူး ဝင်းနိုင်ထွန်း

**ရန်ကုန် မေ ၄**

တောင်ကိုရီးယားနိုင်ငံမှ နာမည်ကြီးကလပ် ပိုဟန်စတီးလားစ်အသင်းသည် မြန်မာနိုင်ငံသို့ လာရောက်၍ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပိုဟန်စတီးလားစ်အသင်းသည် မြန်မာလူငယ်အသင်း၊ မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်းတို့နှင့် ခြေစမ်းမည်ဖြစ်သည်။

ပိုဟန်စတီးလားစ်အသင်းသည် မေလနောက်ဆုံးပတ်တွင် မြန်မာနိုင်ငံသို့ လာရောက်မည်ဖြစ်ပြီး မေ ၂၈ ရက်တွင် မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်း၊ မေ ၃၀ ရက်တွင် မြန်မာလူငယ်အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပိုဟန်စတီးလားစ်အသင်းနှင့် ခြေစမ်းမည့် မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်းကို ပြန်လည်ရွေးချယ်မည်ဖြစ်ပြီး ယင်းကာလတွင် ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဆီမီးဖိုင်နယ် ကျင်းပသည့်ကာလဖြစ်သောကြောင့် ဆီမီးဖိုင်နယ် မတက်ရောက်သည့်အသင်းတစ်သင်းနှင့် ကစားဖွယ်ရှိနေသည်။ မြန်မာလူငယ်အသင်းအဖြစ် ယူ-၁၈ အသင်းနှင့် ယူ-၂၂ အသင်းကို ပေါင်းစပ်ယှဉ်ပြိုင်ဖွယ်ရှိပြီး မြန်မာ ယူ-၂၂ အသင်းမှာ အခြားနိုင်ငံတကာပြိုင်ပွဲ ယှဉ်ပြိုင်ဖြစ်ပါက ယူ-၁၈ အသင်းဖြင့် ယှဉ်ပြိုင်မည်ဖြစ်သည်။ ပိုဟန်စတီးလားစ်အသင်းသည် ခြေစမ်းပွဲနှစ်ပွဲအပြင် မြန်မာလူငယ်ကစားသမားများကို သင်ကြားပေးမည့် Football Clinic အစီအစဉ်လည်း ပါဝင်မည်ဖြစ်သည်။ ပိုဟန်စတီးလားစ်အသင်းသည် ကေလိဂ်၏ ထိပ်တန်းအဆင့်ရှိ အသင်းတစ်သင်းဖြစ်ပြီး ကေလိဂ်ပြိုင်ပွဲတွင် ငါးကြိမ် ဗိုလ်စွဲထားကာ အာရှချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း ချန်ပီယံဆုရဖူးသည့်အသင်းလည်းဖြစ်သည်။ ပိုဟန်စတီးလားစ်အသင်းသည် ကေလိဂ်ပြိုင်ပွဲ ပွဲစဉ် (၉) အပြီးတွင် အဆင့် (၈) နေရာ၌ ရပ်တည်လျက်ရှိသည်။

မြန်မာ ယူ-၂၂ အသင်းသည် အကြိမ် (၃၀) မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် ဖွဲ့စည်းထားပြီး မြန်မာယူ-၁၈ အသင်းမှာမူ ဩဂုတ်လတွင် ကျင်းပမည့် အာဆီယံ ယူ-၁၈ ပြိုင်ပွဲအတွက် ပြင်ဆင်နေသည့်အသင်းဖြစ်ကြောင်း သိရသည်။

**ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွှန့်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် မန္တလေးရုံးခွဲ ဖွင့်လှစ်မည်

**နေပြည်တော် မေ ၄**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် မန္တလေးရုံးခွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၁၁ ရက် နံနက် ၈ နာရီတွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ်ကွက် ဗာဂျီးနီးယားဆေးလုပ်ငန်းစက်ရုံဝင်းရှိ ကွင်းအမှတ်(၄၀၇)၌ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းအဆင့်ဌာနဆိုင်ရာများ၊ မန္တလေးမြို့တော်ဝန်၊ ကုလသမဂ္ဂအဖွဲ့အစည်းများဖြစ်သည့် UNODC၊ UNDP၊ မြန်မာနိုင်ငံစက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(မန္တလေးကိုယ်စားလှယ်)၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် သတင်းမီဒီယာများ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

# Yangon Investment Forum 2019 ကို ရန်ကုန်မြို့၌ ကျင်းပမည်

**နေပြည်တော် မေ ၄**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီတို့၏ ဦးဆောင်မှုဖြင့် Yangon Investment Forum 2019 ကို မေ ၁၀ ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ရှိ Lotte ဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါဖိုရမ်သည် မေ ၁၀ ရက်မှ ၁၁ ရက် အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတို့၏ ပူးပေါင်းဆောင်ရွက်မှုနှင့် Myanmar Investors Development Association (MIDA) ၏ ပံ့ပိုးကူညီမှုတို့ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**မောင်လူမော်-စုစည်းသည်**

*❍ ကျောဖုံးမှ*

ကစားပုံကြမ်းခဲ့၍ ကွင်းလယ်ဒိုင်က တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခဲ့သည်။ ထို့ကြောင့် လက်ကျန်မိနစ်များတွင် ရန်ကုန်အသင်း တစ်ယောက်လျော့ဖြင့် ကစားခဲ့ရပြီး ၇၆ မိနစ်တွင် ပယ်နယ်တီကန်ခွင့်ရခဲ့သည်။ ယင်းပယ်နယ်တီကို မောင်မောင်လွင်ကန်သွင်းရာ စစ်ကိုင်းဂိုးသမား အေဇင်မှူး ကာကွယ်နိုင်ခဲ့သည်။ သို့သော် တစ်မိနစ်အကြာတွင် မောင်မောင်လွင် ဘယ်ခြမ်းမှ ဖြတ်ပို့သောဘောလုံးကို ကာကွယ်ရာ ဂိုးထဲဝင်သွား၍ စစ်ကိုင်းအသင်း ချေပဂိုးပြန်ပေးလိုက်ရခြင်းဖြစ်သည်။

**နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရ**

ပဲခူး Grand Royal ကွင်း၌ ကျင်းပသည့်ပွဲတွင် ဟံသာဝတီအသင်းက ဒဂုံအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဟံသာဝတီအသင်းသည် အိမ်ကွင်း၌ နိုင်ပွဲပြန်ရှာတွေ့ခဲ့သော်လည်း ဒဂုံ၏ ရုန်းကန်မှုကြောင့် နောက်မှလိုက်ကစားခဲ့ရသည်။ ဒဂုံအသင်းအတွက် ၈ မိနစ်တွင် ဘမ်ဘာက ဦးဆောင်ဂိုးသွင်းခဲ့ပြီး ဟံသာဝတီအသင်းအတွက် ချေပဂိုးကို ၃၁ မိနစ်တွင် မျိုးဇော်ဦး၊ အနိုင်ဂိုးကို ၃၅ မိနစ်တွင် ဟိန်းထက်အောင်တို့က သွင်းယူခဲ့သည်။ သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် Chinland အသင်းက မကွေးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ Chinland အသင်းအတွက် အနိုင်ဂိုးများကို ၁၀ မိနစ်တွင် ဂျွန်ဘာဘူနှင့် မိနစ် ၇၀ တွင် မကွေးအသင်း ကိုယ့်ဂိုးကိုယ်သွင်းယူမှုတို့မှ ရရှိခဲ့သည်။

ပွဲစဉ် (၁၀) ဒုတိယနေ့ကို မေ ၅ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဝေသာလီကွင်း၌ ရခိုင်အသင်းနှင့် ရတနာပုံအသင်း၊ မော်လမြိုင်ကွင်း၌ Southern အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ သုဝဏ္ဏကွင်း၌ ဇွဲကပင်အသင်းနှင့် ရောဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# တောင်ကြီးမြို့ လေးလောင်းပြိုင်လူသတ်မှုကျူးလွန်သူထံမှ ရွှေချောင်း ငါးချောင်း ထပ်မံသိမ်းဆည်းရမိ



**နေပြည်တော် မေ ၄**

ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ မြင်းဖြူနှစ်ကောင် တိုင်းရင်းဆေးတိုက်၌ ဧပြီ ၂၈ ရက်က ဖြစ်ပွားခဲ့သည့် လေးလောင်းပြိုင် လူသတ်မှုမှ ပြစ်မှုကျူးလွန်သူ တင်အုန်း(ခ)အိုက်အုံးထံမှ အလေးချိန် ၅၅ ကျပ်သားခန့်ရှိ ရွှေချောင်း ငါးချောင်းကို ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **(ဓာတ်ပုံ)**

ပြစ်မှုကျူးလွန်သူ တင်အုံး(ခ) အိုက်အုံးအား ထပ်မံစစ်ဆေးဖော်ထုတ်ချက်အရ ပြစ်မှုကျူးလွန်ရာမှရရှိခဲ့သော အလေးချိန် ၅၅ ကျပ်သားခန့်ရှိ ရွှေချောင်း ငါးချောင်းကို ကျောက်မဲမြို့နယ် အထက်မြင်းကွင်းကျေးရွာရှိ ၎င်း၏နေအိမ်အခန်း ဗျာအောက်မှ မေ ၃ ရက်နံနက်ပိုင်းက ရှာဖွေသိမ်းဆည်းရမိခဲ့ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**

# တောင်ကြီးမြို့ လေးလောင်းပြိုင် လူသတ်မှုမှ ပြစ်မှုကျူးလွန်သူ သေဆုံး

**တောင်ကြီး မေ ၄**

ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ မြင်းဖြူနှစ်ကောင် တိုင်းရင်းဆေးတိုက်၌ ဧပြီ ၂၈ ရက်က ဖြစ်ပွားခဲ့သည့် လေးလောင်းပြိုင်လူသတ်မှုမှ ပြစ်မှုကျူးလွန်သူ တင်အုန်း (ခ) အိုက်အုံး အား ဧပြီ ၂၉ ရက် နံနက်ပိုင်းတွင် ဖမ်းဆီးရမိခဲ့ပြီး ၎င်းအား တောင်ကြီးမြို့မရဲစခန်း အချုပ်တွင်ထားရှိရာ ယနေ့မွန်းလွဲပိုင်းတွင် သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပြစ်မှုကျူးလွန်သူ တင်အုန်း (ခ) အိုက်အုံး (၆၂နှစ်)သည် တောင်ကြီးမြို့မရဲစခန်းအချုပ်တွင် ရှိနေစဉ် ယနေ့နံနက် ၁၁ နာရီ မိနစ် ၂၀ခန့်က ရုတ်တရက် အသက်ရှူကျပ်ကာ အကြောတက်၍ သတိလစ်မေ့မြောသွားကြောင်း၊ ထို့နောက် ၎င်းအား အဆိုပါ ရဲစခန်းမှ ဒုရဲမှူး အောင်နိုင်ဝင်းနှင့်အဖွဲ့က စဝ်စံထွန်းဆေးရုံသို့ ဆေးကုသမှုခံယူရန် ပို့ဆောင်ခဲ့ရာ နံနက် ၁၁ နာရီ မိနစ်၅၀ ခန့်တွင် စဝ်စံထွန်းဆေးရုံ ပြင်ပလူနာဌာနသို့ ရောက်ရှိပြီး တာဝန်ကျဆရာဝန်က စမ်းသပ်စစ်ဆေးကုသမှုပြုလုပ်နေစဉ် သေဆုံးသွားကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**

# ရေပူစစ်ဆေးရေးအဖွဲ့ ယာဉ်စစ်ဆေးရာမှ ပိတောက်ခွဲသားနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိ

**နေပြည်တော် မေ ၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၃ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၇၇ စီး၊ သွင်းကုန် ၁၉၂ စီး၊ ရန်ကုန် - မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၇ စီး၊ သွင်းကုန် အစီး ၂၀၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၃ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀ ဒသမ ၀၀၆ သန်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၆၄၇ သန်း၊ စုစုပေါင်းတားဆီးမှု ကိုးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃ ဒသမ ၄၅၃ သန်းအား ဖမ်းဆီးရမိခဲ့သည်။ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ၃ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးခန်းမှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် Toyota Dyna ခြောက်ဘီးယာဉ် တစ်စီးပေါ်တွင် တရားဝင် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် ပိတောက် ခွဲသား ၂ ဒသမ ၁၇၇၀ တန်နှင့် ပစ္စည်းသယ်ဆောင်လာသော ယာဉ်တစ်စီးအား လည်းကောင်း၊ Twin Air 125 ဆိုင်ကယ် တစ်စီးပေါ်တွင် သယ်ဆောင်လာသော စိတ်ကြွရူးသွပ်ဆေးပြား ၁၉၁၀ ပြားနှင့် ပစ္စည်းသယ်ဆောင်သည့် ဆိုင်ကယ်တစ်စီး၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉ ဒသမ ၀၀၀ သန်းအား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

၅-၅-၂၀၁၉(တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၃၅ - မုန်တိုင်းကြိုတင် ကာကွယ်ရေး နှိုးဆော်ချက်
- ၈း၃၅ - နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယတစ်နှစ်တာ "ရှမ်းပြည်နယ်"(တောင်ကြီး)၊ "မွန်ပြည်နယ် "(မော်လမြိုင်)
- ၉း၃၀ - MRTV Travelogue
- ၁၀း၀၀ - Sunday Talk
- ၁၀း၂၅ - ရေကြီးဖြစ်ပေါ်နေချိန်တွင် လိုက်နာရန်အချက်များ
- ၁၁း၃၀ - BBC ခံစားကြည့်
- ၁၂း၃၀ - အပူဒဏ်ကြောင့် ကျန်းမာရေး ပြဿနာ
- ၁၂း၃၅ - This Week's Special Interest
- ၁၂း၄၅ - မြန်မာဂန္ထဝင်ရုပ်ရှင် "ချစ်တဲ့ရက်ကို ကြိုနေမယ်" (ကျော်ဟိန်း၊ ကောလိပ်ဂျင်နေဝင်း၊ နွဲ့နွဲ့မူ) (ဒါရိုက်တာ - တင်ယု)

**ညပိုင်း**

- ၁၅း၄၅ - MPT Myanmar National League 2019 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (Zwekapin United FC Vs Ayeyawady United FC)
- ၁၈း၄၀ - (၇၃) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုအစီအစဉ် "ရေခဲလူသား"
- ၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ " မဟာကာလီ "
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
  - ပိုမိုဘေးကင်းသော လမ်းမများဆီသို့ (လူကူးမျဉ်းကျားမှကူးရန်)
- ၂၀း၃၅ - နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယတစ်နှစ်တာ "ရခိုင်ပြည်နယ်" (စစ်တွေ)
  - ၇၃ နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ဂုဏ်ပြု အစီအစဉ် " ကြည်နူးရွှင်ပြုံး ၇၃ " (အပိုင်း-၃)
  - မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုအစီအစဉ် "မီးလျှံဒိုင်ယာရီ" (ဇာတ်သိမ်းပိုင်း)

# တောင်ငူမြို့နယ်တွင် အမြန်ရထားနှင့် လမ်းဖြတ်ကူးသည့် မော်တော်ယာဉ် တိုက်မိ

**တောင်ငူ မေ ၄**

နေပြည်တော်မှ ရန်ကုန်သို့ ထွက်ခွာလာသော အမှတ် ၃၂ အစုန်အမြန်ရထားသည် မေ ၄ ရက် နံနက် ၁၀ နာရီ မိနစ် ၄၀ ခန့်တွင် တောင်ငူမြို့နယ် ကံရိုးကျေးရွာအနီး မိုင်တိုင် ၂၆၈/၁၁ နှင့် ၁၂ အကြား ကံရိုးကျေးရွာနှင့် အနောက်ဘက်ရှိ ညောင်သုံးပင်ကျေးရွာ ဘုန်းကြီးကျောင်းလမ်း ဂိတ်မရှိသည့် ရထားလမ်းကူးအရောက် ရထားလမ်း အရှေ့ဘက်မှ အနောက်ဘက်သို့ ဖြတ်ကူးသည့် သစ်ခွဲသားများ တင်ဆောင်ထားသော ယာဉ်ငယ်တစ်စီးအား တိုက်မိသည်။

အခင်းဖြစ်ပွားရာသို့ တောင်ငူမြို့မ ရဲစခန်းမှ စခန်းမှူး ရဲအုပ် ကျော်ကျော်ဦး နှင့်အဖွဲ့က စစ်ဆေးဆောင်ရွက်ခဲ့ရာ တောင်ငူမြို့မြောက်ဘက် ကံရိုးကျေးရွာမှ အနောက်ဘက်ရှိ ညောင်သုံးပင်ကျေးရွာဘက်သို့ ယာဉ်မောင်းနှင့်လိုက်ပါလာသူတစ်ဦး ပါရှိသော YGN- 7I/---- သစ်ခွဲသားများ တင်ဆောင်ထားသည့် ယာဉ်သည် လမ်းအနောက်ဘက်ကို ဖြတ်ကူးစဉ် နေပြည်တော် - ရန်ကုန် အမြန်ရထားနှင့် တိုက်မိခဲ့ခြင်းဖြစ်သည်။

"ယာဉ်ပေါ်မှာ နှစ်ယောက်ပါတယ်။ နှစ်ယောက်စလုံး အခြေအနေမကောင်းဘူး။ သတိလစ်နေတော့ ဘယ်က မှန်းလဲမသိသေးဘူး။ အခုတောင်ငူဆေးရုံကြီးကို အရေးပေါ် ပို့ထားပါတယ်" ဟု အခင်းဖြစ်ရပ်ကို စစ်ဆေးနေသည့် တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရထားလမ်းပေါ်တွင် ကန့်လန့်ဖြတ်တင်နေသည့် ယာဉ်ငယ်ပေါ်မှ သစ်ခွဲသားများအား ကံရိုးနှင့်ညောင်သုံးပင်ကျေးရွာဒေသခံများက သယ်ချ၍ ယာဉ်ငယ်အား လမ်းအရှေ့ဘက်သို့ ဖယ်ရှားကာ ရထား ဆက်လက်ထွက်ခွာနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ တောင်ငူမြို့မရဲစခန်းက အမှုဖွင့်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းလွင်**

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**နေပြည်တော် မေ ၄**

မူးယစ်တပ်ဖွဲ့စု (၃) မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၃ ရက် နံနက်ပိုင်းက ဖားကန့်မြို့ မော်ဝမ်းရပ်ကွက် မြို့နယ်ပြည်သူ့ဆေးရုံ ရှေ့လမ်းတွင် ဆန်အောင်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၇ ပြား သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ဖားကန့်မြို့ မော်ဝမ်းရပ်ကွက်နေ ယိန်းဘွမ်၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေး ပြား ၁၆၂ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံး တို့ကိုလည်းကောင်း၊ ဆက်လက်၍ ဖားကန့်မြို့ မော်ဝမ်းရပ်ကွက် ရတနာမြေစာပုံလမ်းမတွင် ယာဉ်မောင်း ဘရန်ဂျာ မောင်းနှင်ပြီး မဆိုင်းပန် လိုက်ပါလာသော ပါဂျဲရိုး ယာဉ် ရောက်ရှိလာသဖြင့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅ ပြား၊ လက်ကိုင်ဖုန်းတစ်လုံးနှင့် ငွေကျပ် ခုနစ်သိန်းတို့ကိုလည်းကောင်း၊ ကွင်းဆက်အရ ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာ အုပ်စု မော်ရန်ကျေးရွာနေ တင်းရှီလုပ်၏ နေအိမ်ကို ရှာဖွေရာ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၉၉၀၊ ဘိန်းဖြူ ၅ ဂရမ်၊ ငွေကျပ်၄၉ သိန်းနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း သိမ်းဆည်းရမိသည်။

အလားတူ ယင်းနေ့မွန်းလွဲပိုင်းက လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မောင်တောမြို့နယ် မောင်တော-ဘူးသီးတောင်ကားလမ်း (၃) မိုင်လမ်းဆုံအနီးတွင် သုံးဘီးဆိုင်ကယ်တစ်စီး တိမ်းမှောက်နေကြောင်း သတင်းအရ သွားရောက်ခဲ့ရာ လူမတွေ့ရှိဘဲ သုံးဘီးဆိုင်ကယ်ကို တွေ့ရ၍ စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၄၆၁၀ ကိုလည်းကောင်း။

ထို့အတူ ည ၉ နာရီခွဲက မူးယစ်တပ်ဖွဲ့စု (၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့အဝင် အိုရီယမ်တယ် တိုးဂိတ်အနီး မူဆယ်-မန္တလေးကားလမ်းတွင် လောက်ကိန်း မောင်းနှင်လာသည့် တိုယိုတာယာဉ်ကို ရှာဖွေရာ ဘိန်းဖြူ ၁ ဒသမ ၆၉၄ ကီလိုနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။



လောက်ကိန်းအား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

အလားတူ နံနက် ၁၁ နာရီက မူးယစ်တပ်ဖွဲ့စု (၂၇) လွိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လဲချားမြို့နယ် လဲချား - မိုင်းနောင်ကားလမ်း မတ်လန်းတံတားအနီးတွင် ယာဉ်မောင်း ချစ်တိုင်းအောင် မောင်းနှင်လာသော ဖူဆို ၁၂ ဘီး ယာဉ်ကို ရှာဖွေရာ မော်တော်ယာဉ်၏ နောက်ခန်းရှိ ဘိလပ်မြေအိတ်များ အောက်မှ ဆာလဖြူရစ်အက်စစ် ၃၂၀၀ လီတာနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# မကွေးတိုးဂိတ်အနီးတွင် တွဲယာဉ်တစ်စီး မီးလောင်

**မကွေး မေ ၄**

မကွေး-တောင်တွင်းကြီးကားလမ်းရှိ မကွေးတိုးဂိတ်အနီးတွင် ရန်ကုန်မှ မင်းဘူးသို့ ယာဉ်မောင်း ဦးစောဇင်ကို (၂၅ နှစ်) မောင်းနှင်၍ ယာဉ်နောက်လိုက် ကိုထွန်းလင်းပိုင် (၁၈ နှစ်) လိုက်ပါသော ၁၈ ဘီး ကွန်တိန်နာ (တွဲယာဉ်) သည် ရှေ့ဘီးဘရိတ်ရှူးငြိရာမှ အပူလွန်ကဲ၍ ယနေ့နံနက် ၁၁နာရီ မိနစ် ၅၀ ခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ မကွေးခရိုင်မီးသတ်ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထိုက်စိုး ဦးစီးကာ မီးသတ်တပ်ဖွဲ့ဝင် ၁၁ ဦး၊ အရန် ၁၀ ဦး၊ အုပ်ချုပ်မှုယာဉ် တစ်စီး၊ မီးငြိမ်းသတ်ယာဉ် တစ်စီး၊ ရေသယ်ယာဉ် တစ်စီးနှင့် ကရုဏာရှင်နာရေးကူညီမှုအသင်းမှ ရေသယ်ယာဉ် တစ်စီး စုစုပေါင်း လေးစီးဖြင့် သွားရောက်ငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁၂ နာရီ ၁၀မိနစ်တွင် မီးလုံးဝငြိမ်းခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် ကွန်တိန်နာ (တွဲယာဉ်) ၏ ခေါင်းခန်းနှင့် ရှေ့တာယာများ မီးလောင်ကျွမ်းခဲ့ပြီး လူနှင့် တိရစ္ဆာန် ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ဒဂုံမြို့သစ်( မြောက်ပိုင်း) မြို့နယ်၌ မီးလောင်

**ရန်ကုန် မေ ၄**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် (၄၅)ရပ်ကွက် အင်ကြင်းလမ်း အမှတ် (၈၈၅-က) RC ငါးထပ်တိုက် အပေါ်ဆုံးအထပ် ငါးလွှာ၌ ယနေ့ နံနက် ၅နာရီ ၁၀မိနစ်ခန့်တွင် မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

မီးလောင်မှုဖြစ်စဉ်မှာ အိမ်ရှင် ဦးကျော်ထက် ပိုင်ဆိုင်သော (၄၅)ရပ်ကွက် အင်ကြင်းလမ်း အမှတ် (၈၈၅-က) RC ငါးထပ်တိုက် အပေါ်ဆုံးအထပ် ငါးလွှာတွင် နေထိုင်သော ကိုကျော်လင်းထိုက် (၂၉နှစ်) အသံသွင်းလုပ်ငန်း လုပ်ကိုင်သူသည် အခန်းအတွင်း ခြင်ဆေးခွေထွန်းထားရာမှ လဲကျကာ အနီးရှိမွေ့ရာသို့ မီးကူးဆက်လောင်ကျွမ်းခြင်းဖြစ်သည်။ မီးလောင်ရာသို့ မီးသတ်ယာဉ် ၃၂ စီး၊ အထောက်အကူပြုယာဉ် ခြောက်စီး၊ ကွပ်ကဲမှုယာဉ် တစ်စီး၊ မီးသတ်တပ်ဖွဲ့ဝင် ၁၀၂ ဦး၊ အရန်မီးသတ် ၅၄ ဦးဖြင့် မီးငြိမ်းသတ်ခဲ့ပြီး နံနက် ၅နာရီ ၂၀ မိနစ်တွင် မီးငြိမ်းသွားကြောင်း၊ မီးလောင်မှုကြောင့် ၁၀ ပေပတ်လည် အသံသွင်း စတူဒီယို အခန်း မီးလောင်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြောက်ကိုရီးယားနိုင်ငံက တာတိုပစ်ဒုံးကျည်များ စမ်းသပ်ပစ်လွှတ်ခဲ့သည်ဟု တောင်ကိုရီးယားစစ်ဘက်ပြော

**ဆိုးလ် မေ ၄**
မြောက်ကိုရီးယားနိုင်ငံသည် မေ ၄ ရက်က နိုင်ငံအရှေ့ပိုင်းမှ တာတိုပစ်ဒုံးကျည်များ စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း၊ သို့သော်လည်း ပစ်လွှတ်ခဲ့သည့် ဒုံးကျည်အမျိုးအစားကို မသိရသေးကြောင်း တောင်ကိုရီးယားစစ်ဘက်က ပြောကြားခဲ့သည်။

တွဲဖက်ကာကွယ်ရေးဦးစီးချုပ်က မြောက်ကိုရီးယားနိုင်ငံသည် ဒေသစံတော်ချိန် နံနက် ၉ နာရီ ၆ မိနစ်မှစကာ ၂၀ မိနစ်အတွင်း ဝမ်ဆန်ဒေသမှ ဒုံးကျည် အမြောက်အမြား စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း၊ အဆိုပါ ဒုံးကျည်များသည် ကီလိုမီတာ ၇၀ မှ ၂၀၀အကွာအဝေးထိ ရောက်ရှိပြီးနောက်ပိုင်း ဂျပန်ပင်လယ်ပြင်ထဲသို့ ကျဆင်းခဲ့ကြောင်း ပြောသည်။

တောင်ကိုရီးယားစစ်ဘက်က ယခုတစ်ခါ မြောက်ကိုရီးယားနိုင်ငံက စမ်းသပ်ပစ်လွှတ်လိုက်သော ဒုံးကျည်များသည် တာတိုပစ်ဒုံးကျည်များဖြစ်ကြောင်း ပြောကြားခဲ့သည်။

တောင်ကိုရီးယားနိုင်ငံမှ သက်ဆိုင်ရာအရာရှိများသည် အမေရိကန်နှင့်ပူးပေါင်းပြီး မြောက်ကိုရီးယားနိုင်ငံ၏ ဒုံးကျည်ပစ်လွှတ်မှုများကို လေ့လာလျက်ရှိကြောင်း၊ ၎င်းတို့သည် မြောက်ကိုရီးယားအား ဒုံးကျည်စမ်းသပ်မှုနှင့်ပတ်သက်ပြီး သတိပေးမှုများပြုလုပ်ထားသကဲ့သို့ စုံစမ်းထောက်လှမ်းမှုများလည်း ပြုလုပ်နေကြောင်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံသည် ၂၀၁၇ ခုနှစ် နိုဝင်ဘာလက တိုက်ချင်းပစ်အမျိုးအစား ဒုံးကျည်ဖြစ်သည့် ဟွာဆောင်-၁၅ ဒုံးကျည်ကို ဂျပန်ပင်လယ်ပြင်သို့ ရေးရှုကာ ပစ်လွှတ်စမ်းသပ်ခဲ့ကြောင်း သိရသည်။ အဆိုပါ ဒုံးကျည်သည် နိုင်ငံအနောက်ပိုင်း ပြုံယမ်းတောင်ပိုင်းမှ စမ်းသပ်ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့ကြား လွန်ခဲ့သည့် ဖေဖော်ဝါရီလက ဆွေးနွေးခဲ့သော သမိုင်းတွင်မည့် ဒုတိယအကြိမ်ဆွေးနွေးပွဲ သောင်မတင်ရေမကျပြီးဆုံးခဲ့ပြီးနောက်ပိုင်း မြောက်ကိုရီးယားသည် အမေရိကန်အပေါ် အခဲမကျေသည့် ပုံစံဖြစ်နေသည်။ သို့သော်လည်း နောက်ပိုင်းတွင် ညှိနှိုင်းဆွေးနွေးမှုကို ဆက်လက်လုပ်ဆောင်သွားရန် ဆန္ဒရှိကြောင်း ပြသခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံ၏ ယခုတစ်ကြိမ်ပြုလုပ်ခဲ့သော နောက်ဆုံး ဒုံးကျည်ပစ်လွှတ်စမ်းသပ်မှုများသည် ၎င်းအပေါ် နိုင်ငံတကာ၏ အရေးယူပိတ်ဆို့မှုကို ဂရုမစိုက်သည့်ပုံစံသို့မဟုတ် ဆန့်ကျင်သည့်ပုံစံပြသနေကြောင်း လေ့လာသူများက ပြောကြားသည်။

ယနေ့ပြုလုပ်ခဲ့သော မြောက်ကိုရီးယားနိုင်ငံ၏ ပြုမူမှုများကို မိမိတို့သတိပြုမိကြောင်း၊ လိုအပ်ပါက ဆက်လက်စောင့်ကြည့်သွားမည်ဖြစ်ကြောင်း အိမ်ဖြူတော်ပြောခွင့်ရပုဂ္ဂိုလ် ဆာရာဆန်ဒါးစ်က ပြောသည်။

ဒုံးပျံပစ်လွှတ်စမ်းသပ်မှုနှင့် ပတ်သက်ပြီး မြောက်ကိုရီးယားနိုင်ငံမှ မည်သည့်ကြေညာချက်မှ မထုတ်ပြန်သေးကြောင်း သိရသည်။

**အေအက်ဖ်ပီ၊ ဆင်ဟွာ၊ အင်န်အိတ်ချ်ကေ**



မြောက်ကိုရီးယားနိုင်ငံမှ ဒုံးကျည်တစ်စင်းကို စမ်းသပ်ပစ်လွှတ်နေစဉ်။

# ထိုင်းဘုရင် မဟာဗဇိရာလောင်ကွန်း ထီးနန်းဆက်ခံပွဲစတင်

**ဗန်ကောက် မေ ၄**
ထိုင်းနိုင်ငံဘုရင် မဟာဗဇိရာလောင်ကွန်း၏ သုံးရက်တာကျင်းပမည့် နန်းတက်ပွဲအခမ်းအနား ပထမနေ့ကို စတင်လိုက်ပြီဖြစ်ကြောင်း သိရသည်။

မဟာဗဇိရာလောင်ကွန်းသည် ထိုင်းနိုင်ငံကို ကာလရှည်ကြာအုပ်စိုးခဲ့သည့် ဖခင်ဖြစ်သူ ဘူမိဘောအဒူလျာယာဒက် နတ်ရွာစံပြီးနောက် ၂၀၁၆ ခုနှစ်တွင် အရိုက်အရာဆက်ခံခဲ့သည်။ မဟာဗဇိရာလောင်ကွန်းသည် ၁၇၈၂ ခုနှစ်က စတင်ခဲ့သည့် ချက်ကရီမင်းဆက်၏ ၁၀ ပါးမြောက် ဘုရင်ဖြစ်လာခြင်းဖြစ်သည်။ ၎င်းဖခင်နတ်ရွာစံပြီး နှစ်နှစ်အကြာတွင် ထီးနန်းဆက်ခံခဲ့ခြင်းဖြစ်သည်။



ထိုင်းနိုင်ငံဘုရင် မဟာဗဇိရာလောင်ကွန်း

မီးခိုးရောင်ဆံပင်နှင့် ဟိန္ဒူပုဏ္ဏားများကိုလည်း နန်းတက်ပွဲအခမ်းအနားတွင် တွေ့ရသည်။ ထိုင်းနိုင်ငံသည် စည်းမျဉ်းခံ ဘုရင်စနစ်ဖြစ်သော်လည်း တော်ဝင်မိသားစုသည် ပြည်သူများ၏ အလေးအမြတ်ပြုခြင်းခံရသည်။

ထိုင်းနိုင်ငံတွင် တင်းကျပ်သည့် ဥပဒေရှိပြီး တော်ဝင်မိသားစုကို ဝေဖန်ခြင်း မပြုရဟု တားမြစ်ထားသည်။ နန်းတက်ပွဲအခမ်းအနားတွင် အသက် ၆၆ နှစ်အရွယ် မဟာဗဇိရာလောင်ကွန်းသည် အလေးချိန် ၇ ဒသမ ၃ ကီလိုဂရမ်ရှိသည့် သရဖူကို ဆောင်းထားသည်။

ထို့နောက် ပထမဦးဆုံးတော်ဝင်အမိန့်ကိုထုတ်ပြန်ခဲ့ပြီး တရားမျှတမှုရှိစွာ တိုင်းပြည်ကို အုပ်ချုပ်မည်ဟု ကတိပြုခဲ့သည်။

လွန်ခဲ့သည့် ၆၉ နှစ်ခန့်က ၎င်း၏ဖခင် နန်းတက်စဉ်ကအတိုင်း လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ၎င်း၏ လေးယောက်မြောက်ဇနီးဖြစ်သူ ဆူသီဒါသည်လည်း မိဖုရားခေါင်အဖြစ် ရာထူးအပ်နှင်းခြင်းခံရပြီး ဘုရင်၏ရှေ့တွင် အရိုအသေပြုနေသည်ကို တွေ့မြင်ရသည်။

**အေအက်ဖ်ပီ**

# မုန်တိုင်းဖန်နီ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်သို့ ဝင်ရောက်ခဲ့ရာ ၂၄ ဦးသေဆုံး

**ဒါကာ မေ ၄**
နှစ်ပေါင်းများစွာအတွင်း အိန္ဒိယသို့ ဝင်ရောက်တိုက်ခတ်ခဲ့သော မုန်တိုင်းများအနက် အပြင်းထန်ဆုံးဟုဆိုရမည့် မုန်တိုင်းဖန်နီသည် အိန္ဒိယသို့ ဝင်ရောက်ပြီးနောက် စနေနေ့က ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဝင်ရောက်ခဲ့ကြောင်းသိရသည်။

လူများကိုဘေးလွတ်ရာသို့ ရွှေ့ပြောင်းခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် လုပ်ဆောင်နိုင်ခဲ့ပြီး ယခင်ကြုံတွေ့ခဲ့ရသည့် မုန်တိုင်းများကို သင်ခန်းစာယူကာ ကြီးမားလှသည့် သဘာဝဘေးမှ ရှောင်ရှားနိုင်အောင် ကြိုးပမ်းနိုင်ခဲ့သည်။

ပြင်းထန်သောမုန်တိုင်းကြောင့် ဘင်္ဂလားဒေ့ရှ်တွင် သစ်ပင်များလဲပြိုကာ နံရံများပြိုကျမှုကြောင့် လူခြောက်ဦးသေဆုံးခဲ့သလို မိုးကြိုးထိမှန်မှုကြောင့် လူခြောက်ဦးသေဆုံးခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ်အာဏာပိုင်များက ပြောသည်။ အိန္ဒိယ၌လည်း လူ ၁၂ ဦးသေဆုံးခဲ့သည်ဟု မီဒီယာများက ပြောသော်လည်း အာဏာပိုင်များက ယင်းအရေအတွက်ကို အတည်မပြုခဲ့ပေ။

လူပေါင်း ၁ ဒသမ ၆သန်းကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ်အာဏာပိုင်များက အေအက်ဖ်ပီ သို့ပြောသည်။ မုန်တိုင်းဝင်ရောက်ပြီး ကမ်းရိုးတန်းဒေသရှိ တာတမံများ ကျိုးပေါက်ခဲ့ပြီးနောက် ကျေးရွာ ၃၆ ရွာ ရေလွှမ်းမိုးခဲ့သည်။

ဘူဂူနာခရိုင်တွင် တစ်ဦးသေဆုံးပြီး ခက်ရှိုရီဂန်ဂျီခရိုင်တွင် မိုးကြိုးပစ်ခတ်မှုကြောင့် လူငါးဦးသေဆုံးခဲ့ရသည်။ လူပေါင်း ၆၃ ဦး ဒဏ်ရာရရှိခဲ့ပြီး နေအိမ်ပေါင်း ၂၀၀၀ ကျော် ပျက်စီးခဲ့ရကြောင်း သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဝန်ကြီးဌာန ရှောဟန်ဆူတာနာက ပြောသည်။

မုန်တိုင်းသည် လေဖိအားနည်းရပ်ဝန်းအဖြစ် အားပျော့သွားသော်လည်း တစ်နာရီလျှင် လေတိုက်နှုန်း ၇၀ ကီလိုမီတာရှိပြီး တစ်ညလုံးမိုးသည်းထန်စွာ ရွာသွန်းခဲ့သည်။

**အေအက်ဖ်ပီ**



မုန်တိုင်းကြောင့် လဲပြိုနေသည့် သစ်ပင်များကို တွေ့ရစဉ်။

# ဘိုးရင်းလေယာဉ် လမ်းချော်သွား၍ ဖလော်ရီဒါမြစ်အတွင်း အရေးပေါ်ဆင်းသက်ခဲ့ရ

**ဖလော်ရီဒါ မေ ၄**
သောကြာနေ့က ဖလော်ရီဒါပြည်နယ်တွင် မိုးကြိုးမုန်တိုင်းတိုက်ခတ်နေစဉ်အတွင်း ဘိုးရင်း ၇၃၇ လေယာဉ်တစ်စင်းသည် ပြေးလမ်းချော်ပြီးနောက် မြစ်အတွင်းသို့ အရေးပေါ် ရှပ်ဆင်းခဲ့ရပြီး ကြောက်ရွံ့ထိတ်လန့်နေသည့် ခရီးသည်အားလုံးကို ကမ်းခြေသို့ လုံခြုံဘေးကင်းစွာ ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါလေယာဉ်သည် လေယာဉ်အမှုထမ်းများနှင့် ခရီးသည်ပေါင်း ၁၄၃ ဦးကို တင်ဆောင်လာခဲ့ခြင်းဖြစ်သည်။ လေယာဉ်သည် ပြေးလမ်းမှ ချော်ထွက်ပြီးနောက် ခက်ခက်ခဲခဲ ဆင်းသက်ခဲ့ရကြောင်း၊ ဂျက်ဆင်ဗီးမြို့ရှိ ရေတပ်လေကြောင်းစခန်းအနီး ရေတိမ်ထဲသို့ ဆင်းသက်ခဲ့ရကြောင်း ခရီးသည်တစ်ဦးက ပြောသည်။

သေဆုံးသူနှင့်ဒဏ်ရာရရှိသူများရှိသည်ဟုသတင်းပို့ခြင်းမရှိပေ။ လေယာဉ်ဆင်းသက်နေစဉ်အတွင်း အောက်ဆီဂျင်မျက်နှာဖုံးများလည်း ကျလာကြောင်း ခရီးသည် တစ်ဦးကပြောသည်။ အသက်ကြီးသူ လူပေါင်း ၂၁ ဦးကို ဒေသတွင်း ဆေးရုံသို့ ခေါ်ဆောင်သွားခဲ့ကြောင်း၊ စိုးရိမ်ရသည့် အခြေအနေရှိသူတစ်ဦးမျှ မပါဝင်ကြောင်း ဂျက်ဆင်ဗီးမြို့ရှိရဲဌာနက တွစ်တာစာမျက်နှာပေါ်တွင် ရေးသားထားသည်။ အသေးစားဒဏ်ရာရရှိသူများကိုသာ တွေ့ရှိရကြောင်း သိရသည်။

ခရီးသည်ပေါင်း ၁၃၆ ဦးနှင့် လေယာဉ်အမှုထမ်း ခုနစ်ဦးတို့လေယာဉ်ပေါ်တွင် လိုက်ပါလာကြောင်း ဂျက်ဆင်ဗီးရေတပ်လေကြောင်းစခန်းမှ ထုတ်ပြန်ကြေညာသည်။ အမျိုးသားသယ်ယူပို့ဆောင်ရေး လုံခြုံစိတ်ချရမှု ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ကလည်း စုံစမ်းစစ်ဆေးရေးအဖွဲ့ကို အဆိုပါနေရာသို့စေလွှတ်ထားကြောင်း ပြောသည်။

အိမ်ဖြူတော်မှလည်း ယင်းဒေသသို့ လိုအပ်သည့် အကူအညီများပေးနိုင်ရန် ကမ်းလှမ်းထားကြောင်း ဂျက်ဆင်ဗီးမြို့တော်ဝန်က ပြောသည်။

ဘိုးရင်းကုမ္ပဏီဘက်ကလည်း ၎င်းတို့အနေဖြင့် ယင်းဖြစ်ရပ်ကို သိရှိကြောင်းနှင့် သတင်းအချက်အလက်များကို စုစည်းထားကြောင်း ပြောသည်။ အမေရိကန်လေယာဉ်ကုမ္ပဏီကြီးမှာ လေယာဉ်ပျက်ကျမှုနှစ်ခုနှင့် ရင်ဆိုင်ရပြီး ကမ္ဘာအနှံ့ရှိ ၇၃၇ MAX လေယာဉ်များကို ရပ်နားထားရ စစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။

**အေအက်ဖ်ပီ**

# မုန်တိုင်းဖနီ၏ အန္တရာယ်ကို ကောင်းကောင်းအန်တုနိုင်ခဲ့သည့် ဩရိဿပြည်နယ်

**ချူးစန္ဒီနွေး**

**အိန္ဒိယနိုင်ငံ ဘူဘန်နေရှ်ဝါမြို့မှာ လေကြောင်းခရီးစဉ်တွေအားလုံးကို ဖျက်သိမ်းထားပါတယ်။ မီးရထားခရီးစဉ်တွေလည်း ရပ်နားထားပါတယ်။ အကြောင်းကတော့ နှစ်ပေါင်းများစွာအတွင်း အကြီးမားဆုံးလို့ သတ်မှတ်ရမယ့် မုန်တိုင်းဟာ အိန္ဒိယနိုင်ငံရဲ့အဆင်းရဲဆုံး ပြည်နယ်တွေထဲက တစ်ခုဖြစ်တဲ့ ဩရိဿပြည်နယ်ကို ဝင်ရောက်တိုက်ခတ်လာလို့ပါပဲ။ အဲဒီပြည်နယ်မှာ သန်းပေါင်းများစွာသော ဒေသခံပြည်သူတွေဟာ ကမ်းရိုးတန်းဒေသမှာ နေထိုင်ကြပါတယ်။**



အိန္ဒိယနိုင်ငံ ပူရီမြို့တွင် ဖနီမုန်တိုင်း ဝင်ရောက်တိုက်ခတ်စဉ်။

### မုန်တိုင်းဒဏ်ကာကွယ်ရေးလုပ်ဆောင်

ဩရိဿမှာရှိတဲ့ အစိုးရအာဏာပိုင်တွေက မုန်တိုင်းဒဏ်ကာကွယ်ရေး အစွမ်းကုန်လုပ်ဆောင်ခဲ့ကြပါတယ်။ မုန်တိုင်းသတင်းအသိပေးဖို့ လုပ်ဆောင်ခဲ့ပြီး သူတို့မှာရှိသမျှ လူအင်အားကိုလည်း ချထားခဲ့ပါတယ်။ လူဦးရေပေါင်း ၂ ဒသမ ၆ သန်းဆီ စာတိုပေးပို့ပြီး သတိပေးမှုတွေ လုပ်ဆောင်ခဲ့သလို စေတနာ့ဝန်ထမ်းကူညီမယ့်သူကတော့ လူပေါင်း ၄၃၀၀၀ ခန့်ရှိပါတယ်။ အရေးပေါ်လုပ်သားကတော့ ၁၀၀၀ နီးပါးခန့်ရှိပါတယ်။

### ခိုလှုံရာဆီသွားကြစို့

ရုပ်မြင်သံကြားကနေသော်လည်းကောင်း၊ ဘတ်စ်ကားပေါ်မှာသော်လည်းကောင်း၊ ကမ်းရိုးတန်းမှာ သတိပေးမှုထုတ်ပြန်ရာမှာသော်လည်းကောင်း၊ လူထုစုဝေးတဲ့နေရာတွေမှာသော်လည်းကောင်း တူညီတဲ့သတင်းတစ်ခုကိုပဲ ဒေသသုံးဘာသာစကားနဲ့ အသိပေးခဲ့ပါတယ်။ အဲဒါကတော့ "မုန်တိုင်းလာနေပြီ၊ ခိုလှုံရာဆီသွားကြစို့" ဆိုတာပါပဲ။ဒါဟာ အများကြီးအလုပ်ဖြစ်ခဲ့ပါတယ်။ သောကြာနေ့နံနက်ပိုင်းမှာပဲ မုန်တိုင်းဖနီဟာ ဩရိဿကို ဝင်ရောက်ခဲ့ပါတယ်။ ဟာရီကိန်းမုန်တိုင်းအဖြစ် ဝင်ရောက်ခဲ့တာဖြစ်ပြီး လေတိုက်နှုန်းကတော့ တစ်နာရီကို မိုင် ၁၂၀ နှုန်းရှိပါတယ်။ သစ်ပင်တွေ အမြစ်ကနေ ကျွတ်ထွက်ကုန်ပြီး ကမ်းခြေက အပန်းဖြေ ခိုလှုံရာအိမ်တွေလည်း လဲပြိုကုန်ပါတယ်။

### ကြိုတင်သတိပေးမှုအောင်မြင်

ဒါပေမယ့် စနေနေ့နံနက်ပိုင်းကို ရောက်တဲ့အခါမှာတော့ ကြီးမားတဲ့ အပျက်အစီးတွေကို ရှောင်လွှဲနိုင်တာကို တွေ့ရပါတယ်။ ပျက်စီးဆုံးရှုံးမှုစာရင်းကို အတိအကျမသိရသေးပေမယ့် သေဆုံးသူစာရင်းကတော့ အနည်းငယ်သာရှိပါတယ်။ ဒါဆိုရင် မုန်တိုင်းမဝင်မီ ကြိုတင်သတိပေးထားမှုတွေဟာ အောင်မြင်တယ်လို့ဆိုရမှာပါ။ အိန္ဒိယနိုင်ငံရဲ့ ဆင်းရဲတဲ့ ပြည်နယ်တစ်ခုဟာ ဒီလိုမျိုးလုပ်ဆောင်နိုင်တာဟာဆိုရင် မှတ်သားလောက်ဖွယ်အောင်မြင်မှုတစ်ခုလို့ ကျွမ်းကျင်သူတွေကပြောပါတယ်။ အတိတ်ကာလက ဝမ်းနည်းဖွယ်ရာအဖြစ်အပျက်တွေကို သင်ခန်းစာယူပြီး သန်းနဲ့ချီတဲ့ပြည်သူတွေကို ဘေးလွတ်ရာသို့ လျင်လျင်မြန်မြန်ရွှေ့ပြောင်းပေးနိုင်ခဲ့လို့ပါပဲ။ အောင်မြင်မှုကြီးပဲလို့ ပင်လယ်ရေကြောင်းမှုဝါဒဆိုင်ရာ သုတေသနပြုရေးဖောင်ဒေးရှင်းက အကြီးအကဲ အဘတ်ဟီဂျက်ဆင်းက ပြောပါတယ်။

### ဆုံးရှုံးမှုကြီးတွေက ရှောင်ရှားနိုင်

မုန်တိုင်းဟာ အိမ်နီးချင်းဘင်္ဂလားဒေ့ရှ်ကိုလည်း ဝင်ခဲ့ပါတယ်။ လူဦးရေတစ်သန်းကျော်ကို မုန်တိုင်းဘေးလွတ်ရာကို ရွှေ့ပြောင်းပေးနိုင်ခဲ့တဲ့အတွက် ဆုံးရှုံးမှုကြီးတွေကနေ ရှောင်ရှားနိုင်ခဲ့ပါတယ်။ အခုအခြေအနေတွေဟာ လွန်ခဲ့တဲ့ အနှစ် ၂၀ က အခြေအနေတွေနဲ့ တခြားစီဖြစ်သွားပါပြီ။ အရင်တုန်းကလည်း မုန်တိုင်းတွေ ဒီဒေသတွေကို ဝင်ခဲ့ဖူးပြီး ကျေးရွာပေါင်းများစွာ ပျက်စီးခဲ့ရသလို လူထောင်ပေါင်းများစွာ သေကျေပျက်စီးခဲ့ရပါတယ်။ လူပေါင်းများစွာတို့ဟာ ရေကြီးမှုနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ဒီထက်ပိုဆိုးတာက နေထိုင်ရာဒေသနဲ့ မိုင်ပေါင်းများစွာဝေးကွာတဲ့နေရာမှာ အလောင်းတွေကို ပြန်တွေ့ရတာပါပဲ။ အဲဒီနောက်ပိုင်းမှာတော့ ဩရိဿပြည်နယ်က အာဏာပိုင်တွေဟာ ဒီလိုအဖြစ်ဆိုးမျိုး နောက်ထပ်မကြုံတော့အောင် ကြိုးစားခဲ့ကြပါတယ်။

### ပထမဦးဆုံးခြေလှမ်းစတင်

၁၉၉၉ ခုနှစ်က မုန်တိုင်းဒဏ်ခံရပြီးတဲ့နောက်မှာတော့ ပထမဆုံးခြေလှမ်းကို စတင်ခဲ့ပါတယ်။ ရာနဲ့ချီတဲ့ မုန်တိုင်းဒဏ်ခိုလှုံရာအဆောက်အအုံတွေကို တည်ဆောက်ခဲ့ပါတယ်။ ပင်လယ်ကမ်းခြေကနေ မိုင်အနည်းငယ်အကွာမှာ မုန်တိုင်းဒဏ်ခိုလှုံရာအဆောက်အအုံတွေ တည်ဆောက်ခဲ့ပါတယ်။ လွန်ခဲ့တဲ့ သီတင်းပတ်က မုန်တိုင်းဖနီ အိန္ဒိယကို ဝင်ရောက်ဖို့ မိုင်ရာနဲ့ချီပြီး ဝေးကွာစဉ်အချိန်ကတည်းက အိန္ဒိယအာဏာပိုင်တွေဟာ မျက်ခြည်မပြတ် စောင့်ကြည့်ခဲ့ကြပါတယ်။ ဆိုင်ကလုန်းမုန်တိုင်း မဖြစ်ခင်ကတည်းက လေဖိအားနည်းရပ်ဝန်းလို့ မိုးလေဝသပညာရှင်တွေက အသိပေးခဲ့ပြီး ဘင်္ဂလားပင်လယ်အော်ကို ဖြတ်ကျော်ပြီးတဲ့နောက်မှာ အားပြင်းတဲ့မုန်တိုင်းဖြစ်လာခဲ့ပါတယ်။ အဲဒီနောက်မှာ ဖနီဟာ ဆိုင်ကလုန်းမုန်တိုင်းဖြစ်လာခဲ့ပြီး မိုးလေဝသပညာရှင်တွေဟာ မုန်တိုင်းသွားရာ လမ်းကြောင်းကို တိတိကျကျခန့်မှန်းနိုင်ခဲ့ပါတယ်။ မုန်တိုင်းဟာဘင်္ဂလားပင်လယ်အော်ကို ဖြတ်ပြီး ဩရိဿကို ဝင်ရောက်လာလိမ့်မယ်လို့ ခန့်မှန်းခဲ့ကြပါတယ်။

### အကြိမ်ပေါင်းများစွာ လေ့ကျင့်ခဲ့

ဩရိဿပြည်နယ်မှာ လူဦးရေ ၄၆ သန်းရှိပြီး စပိန်နိုင်ငံရဲ့ လူဦးရေနီးပါးလောက်ရှိပါတယ်။ သို့ပေမယ့် များစွာဆင်းရဲပါတယ်။ ပျမ်းမျှဝင်ငွေဟာ တစ်နေ့မှာ အမေရိကန်ဒေါ်လာ ငါးဒေါ်လာအောက် လျော့နည်းပါတယ်။ အများစုက လယ်သမားတွေပါ။ ကမ်းရိုးတန်းတစ်လျှောက် ဒေသခံအမျိုးသားတွေဟာ သစ်သားလှေတွေနဲ့ပဲ ငါးဖမ်းကြပါတယ်။ ဖနီချဉ်းကပ်လာတဲ့အခါမှာတော့ အဲဒီငါးဖမ်းလှေတွေကို ငါးဖမ်းမထွက်ကြဖို့ တားမြစ်ထားပါတယ်။ ကြာသပတေးနေ့နံနက်ပိုင်းမှာတော့ ဩရိဿအာဏာပိုင်တွေဟာ လုပ်ဆောင်ရမယ့် အစီအစဉ်တွေကို ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီအစီအစဉ်ရဲ့အရေးအကြီးဆုံးအပိုင်းကတော့ လူတွေကို မုန်တိုင်းဒဏ်ခံအဆောက်အအုံတွေဆီ ရွှေ့ပြောင်းပေးဖို့ပါပဲ။ ဩရိဿမှာ ကြောက်မက်ဖွယ်ကောင်းလှတဲ့ မုန်တိုင်းတွေ မကြာခဏဝင်ကတည်းက ပြည်နယ်ရဲ့အရေးပေါ်စီမံခန့်ခွဲရေးအရာရှိတွေဟာ ကယ်ဆယ်ရေးအစီအစဉ်တွေကို အကြိမ်ပေါင်းများစွာ လေ့ကျင့်ခဲ့ကြတယ်လို့ ပြောပါတယ်။ ကမ်းရိုးတန်းဟိုတယ်တွေမှာ နေထိုင်ကြတဲ့ခရီးသွားတွေကိုလည်း ထွက်ခွာသွားကြဖို့ အကြံပြုထားပြီး မုန်တိုင်းတိုက်ခတ်ပြီး လုပ်ဆောင်ရမယ့်အရာတွေ လုပ်နိုင်ဖို့ စက်လှေအစင်း ၃၀၀၊ ရဟတ်ယာဉ် နှစ်စင်းနဲ့ သစ်ပင်တွေကို ခုတ်ဖို့ လွှတွေပေးထားခဲ့ပါတယ်။ တစ်ချိန်တည်းမှာပဲ အစားအသောက်တွေ၊ သောက်ရေတွေကိုလည်း မုန်တိုင်းဒဏ်ခံအဆောက်အအုံတွေဆီကို ပေးပို့ထားပါတယ်။

### လုံခြုံစိတ်ချရတဲ့နေရာ

ကြာသပတေးနေ့မွန်းလွဲပိုင်းပင်လယ်ပြင်မှာ မငြိမ်မသက်ဖြစ်လာပြီး မိုးစတင်ရွာလာပြီဆိုတာနဲ့ အနီးစပ်ဆုံးမုန်တိုင်းဒဏ်ခံအဆောက်အအုံတွေဆီ သွားကြဖို့ လော်စပီကာနဲ့ လိုက်ပြီး သတိပေးခဲ့ပါတယ်။ တချို့ဒေသတွေမှာတော့ ရဲတွေက အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့သားတွေနဲ့အတူ လူတွေကို ထွက်သွားကြဖို့ တိုက်တွန်းရပါတယ်။ မုန်တိုင်းဒဏ်ခံ အဆောက်အအုံတွေဟာ လူရာနဲ့ချီပြီးဆံ့ပါတယ်။ အဲဒီအဆောက်အအုံတွေဟာ ခဏလေးနဲ့ လူတွေပြည့်သွားပါတယ်။ ဘာလို့လဲဆိုတော့ ဒီနေရာတွေက လုံခြုံစိတ်ချရတယ်လို့ အသက် ၅၀ အရွယ် ဆာဘာကာလီမာဆွန်က ပြောပါတယ်။ "ကျွန်တော်တို့အိမ်ကတော့ ပျက်စီးသွားလောက်ပါပြီ" လို့ သူကဆက်ပြောပါတယ်။ သောကြာနေ့နံနက်ပိုင်းမှာတော့ ဖနီဟာကမ်းခြေကို စဝင်လာပါပြီ။ ဩရိဿပြည်နယ်ရဲ့ မြို့တော်ဘူဘန်နေရှ်ဝါမှာ မုန်တိုင်းကြောင့် သစ်ပင်ကြီးတွေ လဲကျကုန်ပါတယ်။ မိုးတွေလည်း သည်းထန်စွာရွာသွန်းပြီး မည်သူတစ်ဦးတစ်ယောက်မျှ အပြင်မထွက်ကြတော့ပါဘူး။

### လုပ်ငန်းတွေဆုံးရှုံး

ဩရိဿအာဏာပိုင်တွေရဲ့ ပြောကြားချက်အရတော့ လူပေါင်း ၁၀၀ ခန့် ဒဏ်ရာရခဲ့တယ်လို့ သိရပါတယ်။ အိန္ဒိယမီဒီယာတွေရဲ့ပြောကြားချက်အရတော့ လေထဲမှာ လွင့်ပျံလာတဲ့ အပျက်အစီးတွေထိမှန်ပြီး လူတချို့သေဆုံးခဲ့တယ်လို့ သိရပါတယ်။ လူပေါင်းများစွာဟာ အသက်မဆုံးရှုံးခဲ့ပေမယ့် အသက်ရှင်သန်ရာလုပ်ငန်းတွေကိုတော့ ဆုံးရှုံးသွားရပါတယ်။ သဘာဝတရားဟာ ဆင်းရဲတဲ့သူတွေကို ပိုပြီးအပြစ်ပေးတယ်လို့ လက်ဖက်ရည်ဆိုင်ပိုင်ရှင်တစ်ဦးဖြစ်တဲ့ အက်စ် ကေဘတ်ရာက ပြောပါတယ်။ အခုဆိုရင် ဘဝကို အစကပြန်စရတော့မယ်လို့ သူကဆက်ပြောပါတယ်။ အခုဆိုရင် မုန်တိုင်းရဲ့အဆိုးရွားဆုံးအပိုင်းတွေကို ကျော်ဖြတ်ပြီးသွားပြီလို့ ယူဆရလို့ ဩရိဿအစိုးရရဲ့ ကြိုတင်ပြင်ဆင်မှုတွေဟာ အောင်မြင်မှုရရှိခဲ့တယ်လို့ ဆိုရမှာပါ။ ။

**ကိုးကား - နယူးယောက်တိုင်းမ်**

## နိုင်ငံတကာသတင်းတိုထွာ

### တောင်ဆူဒန်တွင် အရေးပေါ်အခြေအနေကြေညာမှု အချို့နေရာများတွင် ရုပ်သိမ်း

**ဂျူဘား မေ ၄**

တောင်ဆူဒန်နိုင်ငံရှိ ပြည်နယ်လေးခုတွင် အရေးပေါ်အခြေအနေကြေညာမှုကို စနေနေ့က ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ ဒုတိယသမ္မတ ဂျိမ်းဝါနီက နိုင်ငံပိုင်ရေဒီယိုမှတစ်ဆင့် ပြည်နယ်လေးခုတွင် အရေးပေါ်အခြေအနေကြေညာမှုကို ရုပ်သိမ်းကြောင်း ကြေညာရန် ဆုံးဖြတ်ခဲ့ကြောင်း ပြောကြားခဲ့သည်။

အနောက်ပိုင်းရေကန်၊ တွန်ဂျ်၊ ဝါအူ နှင့် ဂိုရီရယ်ပြည်နယ်တို့တွင် အရေးပေါ်အခြေအနေကြေညာမှုကို ရုပ်သိမ်း ခဲ့ကြောင်း၊ အကြောင်းမှာ အဆိုပါပြည်နယ်များတွင် ပုံမှန်ငြိမ်းချမ်းရေးပြန်ရနေပြီဖြစ်သောကြောင့် ဖြစ်ကြောင်း သိရသည်။ ၂၀၁၈ စက်တင်ဘာလမှစ၍ တောင်ဆူဒန်ရှိ ပဋိပက္ခဖြစ်နေသော အဖွဲ့များမှာ အီသီယိုပီးယားတွင် ငြိမ်းချမ်းရေးစာချုပ်၌ လက်မှတ်ရေးထိုး ခဲ့ကြသည်။

**ဆင်ဟွာ**

### ပူတင်နှင့် ထရမ့်တို့ ဗင်နီဇွဲလားအရေး အပြုသဘောဆောင်ဆွေးနွေး

**ကရာကတ် မေ ၄**

ရုရှားသမ္မတ ဗလာ ဒီမာပူတင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့သည် ဗင်နီဇွဲလားအရေး အပါအဝင် အခြားကိစ္စများကို တစ်နာရီကျော်ကြာ အပြုသဘောဆောင်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ ဗင်နီဇွဲလားနိုင်ငံတွင် ကောင်းမွန်သည့် အလားအလာများကို တွေ့ချင်သည်ကလွဲပြီး ဗင်နီဇွဲလားအရေးတွင် ဝင်ရောက်စွက်ဖက်ရန် မလိုဟူသည့် ရုရှားသမ္မတ ဗလာဒီမာပူတင်၏ သဘောထားသည် မိမိ၏သဘောထားနှင့်ထပ်တူပင်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ၎င်း၏ သမ္မတရုံးခန်းမှနေ၍ သတင်းထောက်များကို ယမန်နေ့က ပြောကြားခဲ့သည်။

ဗင်နီဇွဲလားမြို့တော် ကရာကတ်တွင် ယခုလတ်တလော ဖြစ်ပွားခဲ့သော နိုင်ငံရေးမတည်ငြိမ်မှုများနှင့်ပတ်သက်ပြီး အမေရိကန်နှင့် ရုရှားနိုင်ငံတို့ကြား သဘောထားတင်းမာလာခဲ့သည်။ ဗင်နီဇွဲလားလက်ရှိသမ္မတ နီကိုလပ် မာဒူရိုအနေဖြင့် ရာထူးမှဆင်းပေးပြီး တိုင်းပြည်မှထွက်ခွာမည့်အရေးတွင် ရုရှားက အကာအကွယ်ပေးနေသည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အစိုးရက စွပ်စွဲပြောကြားထားသည်။ ဗင်နီဇွဲလားအရေးတွင် ရုရှားအနေဖြင့် ကြားနေသင့်ကြောင်း အမေရိကန် အမျိုးသားလုံခြုံရေးအကြံပေး ဂျွန်ဘော်လ်တန်က ပြောခဲ့သည်။ ဗင်နီဇွဲလားအရေးတွင် စစ်ဘက်ဆိုင်ရာ ပုဂ္ဂိုလ်အတော်များများက လက်ရှိသမ္မတ မာဒူရိုကို ထောက်ခံနေသည့်အတွက် အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုမှာ အခက်တွေ့လျက်ရှိကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# ရှေးဟောင်းမြန်မာ့လက်ဝတ်ရတနာ အထူးပြပွဲ အမျိုးသားပြတိုက်(နေပြည်တော်)၌ ခင်းကျင်းပြသ



ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားသည့် ရှေးမြန်မာတို့၏ ပန်းထိမ်အတတ်ပညာဖြင့် လက်ဝတ်ရတနာအမျိုးမျိုးကို တီထွင်ဖန်တီးထုလုပ်ခဲ့ရာ ယနေ့လူများ သိမြင်ကြည့်ရှုလေ့လာနိုင်ရန်အတွက် ရှေးဟောင်းမြန်မာ့လက်ဝတ်ရတနာ အထူးပြပွဲကို မေ ၂ ရက်က စ၍ နေပြည်တော်ရှိ အမျိုးသားပြတိုက်(နေပြည်တော်)၌ ခင်းကျင်းပြသလျက်ရှိသည်။

အဆိုပါ ပြပွဲတွင် ပျူခေတ်၊ ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်၊ ရတနာပုံခေတ်၊ ကိုလိုနီခေတ်နှင့် မျက်မှောက်ခေတ် စသည်ဖြင့် ဘီစီ(၂) ရာစုမှ အေဒီ(၂၀)ရာစုအထိ သက်တမ်းရှိ ရှားပါး၍ လက်ရာမြောက်သည့် ရွှေထည်လက်ဝတ်ရတနာ အမျိုးအစား ၁၀၀၊ အရေအတွက် ၈၇၀ နှင့် ရွှေချိန် ၄၅၀၀ ဂရမ်ကျော်ကို ခင်းကျင်းပြသထားသည်။

ပြခန်းအတွင်းသို့ မိဘပြည်သူများ၊ ကျောင်းသား ကျောင်းသူများ၊ ကလေးသူငယ်များ၊ ဝန်ထမ်းများ စိတ်ဝင်တစား ဝင်ရောက်ကြည့်ရှု လေ့လာကြသည်ကိုလည်း တွေ့ရသည်။

ယင်းပြပွဲကို မေ ၁၉ ရက်အထိ ခင်းကျင်းပြသထားမည်ဖြစ်ပြီး တနင်္လာနေ့နှင့် ပြန်တမ်းဝင်ရုံးပိတ်ရက်များမှအပ နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်ပြသမည်ဖြစ်ရာ မည်သူမဆို အခမဲ့ဝင်ရောက် လေ့လာကြည့်ရှုနိုင်ပါကြောင်း ....။ ။

**သတင်းအဖွဲ့**







အမျိုးသားပြတိုက် (နေပြည်တော်)၌ ရှေးဟောင်းမြန်မာ့လက်ဝတ်ရတနာ အထူးပြပွဲ ခင်းကျင်းပြသလျက်ရှိရာ ပြပွဲလာပရိသတ်များ ကြည့်ရှုလေ့လာကြသည်ကို တွေ့ရပြီး တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြသနေစဉ်။









ရှေးဟောင်းမြန်မာ့လက်ဝတ်ရတနာ အထူးပြပွဲ၌ ခင်းကျင်းပြသထားသည့် ယဉ်ကျေးမှုလက်ရာမြောက် လက်ဝတ်ရတနာများကို တွေ့ရစဉ်။







# မြန်မာဘက်မှ ကုန်တင်ယာဉ်များ တရုတ်နိုင်ငံသို့ ဝင်ရောက်ရန် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းနေရ

**မူဆယ် မေ ၄**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ်အတွင်း မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်မှ ကုန်တင်ယာဉ်များသည် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်တွင် ဂျူတီဆောင်ပြီး မူဆယ်ဘက်သို့ ဆက်လက်ထွက်ခွာခဲ့ရာ တရုတ်-မြန်မာနယ်စပ် မန်ဝိန်းဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံအတွင်းသို့ ဝင်ရောက်ရန် ဧပြီ ၃ ရက်က အချိန်ကြာမြင့်စွာ စောင့်ဆိုင်းနေရသည်။

အဆိုပါ ကုန်တင်ယာဉ်များအချိန်ကြာမြင့်စွာ စောင့်ဆိုင်းနေရခြင်း အကြောင်းရင်းများမှာ တရုတ်နိုင်ငံမှ ချမှတ်ထားသောမူဝါဒအရ မြန်မာဘက်မှ ကုန်တင်ယာဉ်များ တရုတ်နိုင်ငံထဲသို့ ဝင်ရောက်မည်ဆိုပါက နယ်စပ်ဂိတ်ဖြစ်သည့် မန်ဝိန်းဂိတ်တွင် တရုတ်နိုင်ငံမှ တာဝန်ရှိသူများက မြန်မာဘက် ကုန်တင်ယာဉ်မောင်းများကို မှတ်ပုံတင်၊ ယာဉ်မောင်းလိုင်စဉ်၊ ကျန်းမာရေးစစ်ဆေးချက်နှင့် နိုင်ငံကူးလက်မှတ်များ စစ်ဆေးပြီး ဖြတ်သန်းခ မြန်မာငွေကျပ် နှစ်သောင်းပေးသွင်းပြီးမှသာ ဝင်ခွင့်ပေးခဲ့သည့်အတွက် ကုန်တင်ယာဉ်တစ်စီးလျှင် အနည်းဆုံး ငါးမိနစ်မှ ၁၀မိနစ်ခန့် အချိန်ကြန့်ကြာမှုဖြစ်သောကြောင့် ယခုကဲ့သို့ ကုန်တင်ယာဉ်များ တန်းစီစောင့်ဆိုင်းနေရခြင်းဖြစ်ကြောင်း သိရသည်။



တရုတ်-မြန်မာ နယ်စပ်ဂိတ်တွင် စောင့်ဆိုင်းနေရသည့် ကုန်တင်ယာဉ်များကို တွေ့ရစဉ်။

ကုန်တင်ယာဉ်များ ဝင်ခွင့်ပေးရာတွင်လည်း ကုန်တင်ယာဉ်အပေါ်အောက်အမြင့် ၁၄ ပေ မှ ၁၆ ပေ သတ်မှတ်ထားကြောင်းသိရပြီး ယင်းမန်ဝိန်းဂိတ်တွင် ယခင်က ကုန်တင်ယာဉ်များသာ ဝင်ထွက်သွားလာနေခြင်းဖြစ်ပြီး ယခုအခါတွင် ကုန်တင်ယာဉ်များ သာမက သုံးဘီးဆိုင်ကယ်နှင့် အခြားယာဉ်များပါ ဝင်ထွက်သွားလာနေသောကြောင့် ယခုလို မန်ဝိန်းဂိတ်နှင့် မူဆယ် ၁၀၅ မိုင်အတွင်းရှိ ကားလေးဂိတ်အနီး မူဆယ်တိုးဂိတ်၊ နမ့်ခွမ်ကျေးရွာအထက် တုန်ခန်နှင့် အောက်တုန်ခန်ကျေးရွာအနီးတို့တွင် မြန်မာပြည်ဘက်မှ ကုန်တင်ယာဉ်ကြီးများ အချိန်ကြန့်ကြာစွာ တန်းစီစောင့်ဆိုင်းနေရကြောင်း သိရသည်။

"ကျွန်တော် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်ကနေ ယာဉ်ပေါ်ပါပစ္စည်းတွေကို ဂျူတီဆောင်ပြီး မူဆယ်ဘက်ကို ထွက်လာတာနှစ်ရက်ရှိပြီ။ အခုချိန်အထိ မန်ဝိန်းဂိတ်ကိုမရောက်သေးဘူး။ တကယ်ဆိုရင် မူဆယ် ၁၀၅ မိုင်က ခုနစ်မိုင်လောက်ပဲ ဝေးပါတယ်။ တကယ်မောင်းမယ်ဆိုရင် နာရီဝက်လောက်ပဲ ကြာပါတယ်။ အခုတော့နှစ်ရက်လောက်ရှိပြီ။ မဖြစ်သင့်ဘူးလို့ထင်ပါတယ်။ အခုလို ရက်ကြာနေတော့ ကျွန်တော်တို့ယာဉ်မောင်းတွေအနေနဲ့ ရတဲ့ ကားခနဲ့ဘယ်ကိုက်မလဲ။ ပြီးတော့ ယာဉ်တန်းစီနေရတဲ့အခါ ထမင်းဝယ်စားဖို့၊ ရေချိုးဖို့ စတာတွေ အခက်အခဲရှိပါတယ်။ တချို့နေရာတွေမှာ ဆိုင်ကယ်ဈေးသည်တွေရှိသလို ဈေးသည်မရှိတဲ့နေရာတွေလည်း ရှိပါတယ်။

ကျွန်တော်တို့ ယာဉ်မောင်းတွေအနေနဲ့ ဘယ်လိုပဲစည်းကမ်းရှိရှိ မောင်းနှင်ပါစေ တရုတ်ပြည်ရဲ့မူဝါဒက ဒီအတိုင်းပဲ ဆက်လုပ်နေမယ်ဆိုရင် ဒီလိုပဲ တန်းစီစောင့်ဆိုင်းနေရမှာပဲ။ ဒါကြောင့် နှစ်နိုင်ငံဘက်မှ သက်ဆိုင်ရာ တာဝန်ရှိသူတွေအနေနဲ့ အတတ်နိုင်ဆုံး ညှိနှိုင်းဆောင်ရွက်မှုတွေ ပြုလုပ်ပေးစေချင်ပါတယ်" ဟု ယာဉ်တန်းစီစောင့်ဆိုင်းနေရသူ ကုန်တင်ယာဉ်မောင်းတစ်ဦးက ပြောသည်။

**သန့်ဇင်(မူဆယ်)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၄-၅-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၄၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၄၁၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၆၅/၁၀၁၀ ကျပ် | ၁၀၂၀/၁၀၄၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၇၅/၁၀၂၀ ကျပ် | ၁၀၃၅/၁၀၅၅ ကျပ် |
| အောက်တိန်း ၉၂ | ၈၄၀/၉၁၀ ကျပ် | ၉၃၀/၉၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၉၁၀/၉၆၅ ကျပ် | ၁၀၁၀/၁၀၂၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၂၁ ・ ၈ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၉၈ ・ ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၅ ・ ၉ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၈၀ ・ ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၆၄ ・ ၈ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၆၄ ・ ၇ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၅ ・ ၉၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ・ ၉၄၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၀ ・ ၀၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၇ ・ ၃၆ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၇ ・ ၅၀၄ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပူတာအိုမြို့၌ အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက် သင်တန်းဖွင့်

**ပူတာအို မေ ၄**

ကချင်ပြည်နယ် ပူတာအိုခရိုင် ငါးလုပ်ငန်းဦးစီးဌာနဦးစီးမှူးရုံး၌ အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်သင်တန်း (၁/၂၀၁၉) ကို မေ ၂ ရက်က ဖွင့်လှစ်သည်။

အခမ်းအနားတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်က အမှာစကားပြောကြားပြီး ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမြသိန်းက သင်တန်းဖွင့်လှစ်ပေးရသည့် ရည်ရွယ်ချက်နှင့် ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် ငါးမျိုးစိတ်များအကြောင်း၊ မျိုးငါးပြုစုခြင်းနှင့် မျိုးငါးရွေးချယ်ခြင်း၊ ငါးဆေးထိုးသားဖောက်ခြင်းနှင့် ငါးဥပြောင်းခြင်း၊ ငါးဥပြောင်းခြင်းနှင့် ငါးဥဖောက်ခြင်း၊ ဆေးထိုးသားဖောက်ခြင်း၊ ငါးမှုန်/ငါးသန်ပြုစုခြင်း၊ ကန်အရည်အသွေး တိုင်းတာစစ်ဆေးခြင်း၊ ငါးကန်တူးဖော်ခြင်း၊ အသားတိုးမွေးမြူခြင်း၊ သယံဇာတထိန်းသိမ်းခြင်း၊ လက်တွေ့ငါးမှုန်ပြောင်းခြင်း ဘာသာရပ်များကို စာတွေ့လက်တွေ့ဖြင့် သင်ကြားပို့ချပေးခဲ့ပြီး သင်တန်းသားသင်တန်းသူ ၂၀ ဦး တက်ရောက်ကာ သင်တန်းကာလမှာ သုံးရက်ကြာမြင့်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# လယ်ဝေးမြို့နယ်တွင် သက်ငယ်မုဒိမ်း၊ လူကုန်ကူးမှုအန္တရာယ် အသိပညာပေး

**လယ်ဝေး မေ ၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ်တွင် သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေး၊ လူကုန်ကူးမှုအကြောင်း သိကောင်းစရာများ အသိပညာပေးဟောပြောခြင်းကို ယမန်နေ့က ဇလီငှက်ကြီးတောင်ကျေးရွာအုပ်စု အောင်နန်းချိုကျေးရွာတွင် ကျင်းပရာ သာဝတ္ထိနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်အောင်ဝင်းက အသိပညာပေး ဟောပြောသည်။ အခမ်းအနားသို့ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဦးနှင့် ရပ်မိရပ်ဖများ၊ ဒေသခံများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်လှိုင်သင်း(နေပြည်တော်)**

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


မြန်မာ့အလင်း

| | |
|---|---|
| **စာတည်းမှူးချုပ်** | - အောင်နိုင်ဦး |
| **စာတည်းမှူး** | - စိုးစိုးနိုင် |
| **သတင်းထောက်ချုပ်** | - မြင့်ဆွေ |
| **စာတည်းများ** | - ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm


**ထင်သာမြင်သာပြုပြင်စရာ**

# ရွှေပေါက်ကံမြို့သစ် တောင်ငူလမ်းပြုပြင်ပေးရန်နှင့် ပြေးဆွဲနေသော YBS ယာဉ်များ ယာဉ်စီးရေပြည့် ပုံမှန်ပြေးဆွဲပေးစေလို

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ်ရှိ အမှတ် ၁၆၊ ၁၇၊ ၁၅၊ ၂၀ ရပ်ကွက်များမှ ပြည်သူများ နေ့စဉ်သွားလာ အသုံးပြုနေသည့် တောင်ငူလမ်းမှာ နှစ်ပေါင်းများစွာကပင် အကြီးစား ပြုပြင်မှုမရှိဘဲ တစ်နှစ်ပတ်လုံး ဆိုးရွားစွာ ပျက်စီးနေသည်။

အဆိုပါလမ်းပေါ်၌ သွားလာနေရသော ပြည်သူများ အခက်အခဲဖြစ်နေသည့်အပြင် YBS (16) (အနီ) ယာဉ်များမှာလည်း သွားလာရာတွင် ယာဉ်အောက်ပိုင်းပျက်စီးမှုများဖြစ်ပေါ်လာပြီး ယာဉ်များပြေးဆွဲမှု မရှိသလောက်နည်းလာသည့်အတွက် ရပ်ကွက်နေပြည်သူများ အခက်အခဲဖြစ်ပေါ်နေကြရသည်။

အဆိုပါ တောင်ငူလမ်းသည် လွန်ခဲ့သော ဆယ်စုနှစ်ကျော်ကတည်းက အမှတ်(၈၁) (ဒိုင်နာ)၊ အမှတ်(၁၀၃)၊ (၁၀၈) မီနီဘတ်စ်ယာဉ်များ ပြေးဆွဲခဲ့သော်လည်း ယခုကဲ့သို့ လမ်းပျက်စီးမှုများ နှစ်စဉ်ဖြစ်ပေါ်ခဲ့မှုကြောင့် ယာဉ်များ တစ်စတစ်စ ပြေးဆွဲမှုလျော့နည်းလာကာ ယာဉ်လိုင်းပါပျောက်သွားသည့် ဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့ဖူးသည်။


ထိုကဲ့သို့သော ဖြစ်စဉ်မျိုး ယခုအခါ ထပ်မံမဖြစ်ပေါ်စေရန်အတွက် သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများက ပျက်စီးနေသော တောင်ငူလမ်းကို အမြန်ဆုံးပြုပြင်ပေးရန်နှင့် အဆိုပါ လမ်းပေါ်၌ ပြေးဆွဲနေသည့် YBS (16) (အနီ) ယာဉ်များ ပြေးဆွဲမှု လျော့နည်းမှု မရှိစေရန်၊ ယာဉ်အစီးရေပြည့်နှင့် အချိန်ပြည့်ပြေးဆွဲနိုင်ရန်အတွက် စိစစ်ကြပ်မတ်ပေးပါရန် ဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။

**ရွှေပေါက်ကံသား**



ရွှေပေါက်ကံမြို့သစ် တောင်ငူလမ်း ပျက်စီးနေမှုကို တွေ့ရစဉ်။



HTOO
ရာသီဥတုက အရမ်းပူပြင်းတာပဲ.. ဘာကြောင့်ဒီလောက် ပူပြင်းရတာလဲ
ရာသီဥတုဖောက်ပြန်တာလို့ခေါ်တယ်..
ရာသီဥတုက ဘာပြုလို့ဖောက်ပြန်ရတာလဲဟင်
သစ်တော၊ သစ်ပင်တွေကို စည်းမဲ့ကမ်းမဲ့ခုတ်ကြလို့ပေါ့..
သစ်တော၊ သစ်ပင်တွေမရှိခြင်းက ရာသီဥတုကိုဖောက်ပြန်စေခြင်းပဲတဲ့...
ခုတ်တဲ့သူတွေက သစ်ပင်ပြန်မစိုက်ကြဘူးလား
လောဘစိတ်နဲ့ စည်းမဲ့ကမ်းမဲ့ တရားမဝင်ခုတ်လှဲကြသူတွေဟာ သစ်ပင်ပြန်လည်စိုက်ပျိုးပေးဖို့ဝန်လေးကြတယ်ကွ...
'ဥတုရာသီ၊ တောကိုမှီ၏' လို့ဆိုတဲ့အတိုင်း ရာသီဥတုကောင်းခြင်းဆိုးခြင်းက သစ်တော၊ သစ်ပင်တွေအပေါ်မူတည်နေတာအမှန်ပဲ..
သစ်တောတွေ ထူထောင်ဖို့လိုအပ်တဲ့အချိန်ရောက်နေပြီလို့ဆိုရလိမ့်မယ်...
ဒီတော့.. ခုပေါင်းအင်အားနဲ့ဘာလုပ်ကြရမလဲ...
ရာသီဥတုပုံမှန်ဖြစ်ဖို့.. ခုပေါင်း သစ်ပင်စိုက်ပျိုးစို့... ဟေ့..


အယ် မေ့လာခဲ့ပြီ
ငါ့မှာ တစ်ထောင်မပါဘူး၊ ငါးရာပဲပါတယ်၊


ကာတွန်း ဒွေးချစ်
ညီပု
နီပြောင်ရော မင်းကိုပြောစရာရှိတယ်ကွာ..
အေးပြောလေ..
ဒါပေမယ့်.. မပြောချင်တော့ပါဘူးကွာ..
အာ.. မင်းကလည်း.. သိချင်ပါတယ်ဆိုမှ.. ပြောပါကွ..
မပြောတော့ပါဘူး..
မင်းမပြောချင်လေ သိချင်လေပဲကွာ.. ရော့.. ငါ့ပန်းသီးစားကွာ.. ပြီးရင်ပြော
ညီပုပန်းသီးစားပြီးသော်...
ကဲ.. ညီပု မင်းဘာပြောမလို့လဲ.. ပြောတော့ကွာ..
ကောင်းလိုက်တဲ့ ပန်းသီး..
မင်းကိုပြောစရာရှိတယ်ဆိုတာက.....
အေးပြော..
မင်းစားနေတဲ့ပန်းသီး ငါ့ကိုကျွေးပါလားလို့ ပြောမလို့ကွ.. အဲဒါ
ဟီး..


ကာတွန်း စမ်းချောင်းကိုကိုအောင်
ဒေါ်တင်ရီဆိုင်က ကြာဆံချက်စားချင်လိုက်တာ၊
ပိုက်ဆံကလည်းပြုတ်နေတာ နှစ်ပတ်လောက်ရှိပြီကွ၊
မင်းကွ ရရင်သုံးပစ်တာကို၊
လူမိုက်နဲ့ငွေ အတူမနေ ဆိုတာ ဒါမျိုးပေါ့၊
ဒါကြောင့် မင်းလက်ထဲမှာ ငွေမရှိတာ၊
ငါ့ကိုငွေနည်းနည်းလောက်ချေးစမ်းပါကွာ၊
ငါ တောင်ငွေပြုတ်နေတာ၊ တစ်လလောက်ရှိပြီ၊
END




ဘယ်ကျော်
ကစားရတာ ဗိုက်တောင်ဆာလာပြီကွာ...
အေးကွ...
ရွှေရင်အေး ... မုန့်လက်ဆောင်း...
ဟော...
မေမေရေ...။ဝတုတ် ဗိုက်ဆာတယ်ဆိုလို့ ရွှေရင်အေး ဝယ်တိုက်လိုက်မယ်နော်...
အေး...အေး...တစ်ခွက်စီသောက်ကြ။ ရော့...ပိုက်ဆံ
ရွှေရင်အေး ၂ ခွက် ပေးပါဦးဦး...
ဘယ်... ကျော်...
ငါ...ငါက ရွှေရင်အေး မကြိုက်ဘူးကွ...
စိတ်မပူပါနဲ့ ဝတုတ်ရာ...။ မင်းရဲ့ ရွှေရင်အေးကိုပါ ငါစားပေးမှာပေါ့...



ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ကော့ပလံဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ လာရောက်ထောက်ပံ့လှူဒါန်းစဉ်။

## ကရင်ပြည်နယ်ဝန်ကြီးချုပ် ကော့ကရိတ်မြို့နယ်အတွင်းရှိ ကော့ပလံဘုန်းတော်ကြီးသင်ပညာရေးအတွက် ထောက်ပံ့လှူဒါန်း

**ဘားအံ မေ ၄**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ပြည်နယ်ဝန်ကြီးများအဖွဲ့သည် ယမန်နေ့က ကော့ကရိတ်မြို့နယ် ခနိမ်းဖော်ကျေးရွာအုပ်စု ကော့ပလံကျေးရွာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းရှိ ကျောင်းသား ကျောင်းသူများအတွက် စာရေးကိရိယာနှင့် ဆေးဝါးပစ္စည်းများ သွားရောက်လှူဒါန်းသည်။

လှူဒါန်းပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က လှူဒါန်းထောက်ပံ့ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကော့ပလံကျေးရွာဘုန်းတော်ကြီးသင် ပညာရေးကျောင်း ဆရာတော် ဦးခေမာစာရထံသို့ ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့လှူဒါန်းသော လှူဖွယ်ပစ္စည်းများ၊ စာရေးကိရိယာများနှင့် တိုင်းရင်းဆေးဝါးပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

အဆိုပါ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် ရှင်သာမဏေ၊ သီလရှင်နှင့် ကျောင်းသား ကျောင်းသူ အခြေခံပညာသင်ကြားနေသူ၊ ပတ်ဝန်းကျင်ဝေးလံသည့် ကျေးရွာများမှ လာရောက်တက်ရောက်သူ ၂၀၁၈ ခုနှစ် ပညာသင်နှစ်က ကျောင်းသား ကျောင်းသူ ၅၀၀ ကျော်ရှိပြီး ယဉ်ကျေးလိမ္မာစာပေများ၊ အားကစားနှင့် ကရင်ရိုးရာယဉ်ကျေးမှု ဒုံးအက စသည့်ပညာရပ်များကို သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

အလားတူ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် မေ ၂ ရက်က (မုဒုံမှ မြဝတီသွား) မုဒုံ-ချောင်းနှစ်ခွ-မဲသရော-လှိုင်ကွယ် (ကော့ကရိတ်)လမ်းအပိုင်း ၂၆ ဒသမ ၃၇၆ မိုင်တွင် ကတ္တရာကွန်ကရစ် ၁၈ ဒသမ ၅၆၈ မိုင် ခင်းကျင်းပြီးစီးမှုအခြေအနေ၊ ဆက်လက်ကျန်ရှိသည့်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် အဆိုပါလမ်းပေါ်ရှိ ကွန်ကရစ်တံတားများ ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသောင်းဟန်စိုးက ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

**အမှိုက်ကင်းစင် ပတ်ဝန်းကျင်၊ လှပကမ္ဘာမြေတစ်ခွင်။**

## ပဲခူးမြို့ အောင်သုခမ္မရိပ်သာ ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား ရန်ကုန်နှင့် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်တို့ သွားရောက်ဖူးမြော်ကန်တော့

**ပဲခူး မေ ၄**

ဘဝနတ်ထံ ပျံလွန်တော်မူသွားသည့် သက်တော် ၉၆ နှစ်ရှိ အောင်သုခမ္မရိပ်သာဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းတို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆရာတော်ကြီး၏ အန္တိမအဂ္ဂိစျာပနအတွက် အလှူငွေကျပ် ၅ သိန်းကို ဦးဆောင်နာယက ဆရာတော်ထံပေးအပ်လှူဒါန်းခဲ့သည်။

ပဲခူးမြို့ အောင်သုခမ္မရိပ်သာကြီး၏ အဓိပတိမဟာနာယက ဆရာတော်ကြီး ဘဒ္ဒန္တစန္ဒိမာ သက်တော်၉၆ နှစ်၊ ဝါတော် ၄၃ ဝါသည် ဧပြီ၂၇ ရက် ည ၁၁ နာရီ ၁၀ မိနစ်တွင် ရန်ကုန်မြို့ အာရှတော်ဝင်ဆေးရုံ၌ ဘဝနတ်ထံပျံလွန်တော်မူသွားသဖြင့် တပည့်ရဟန်းသံဃာများနှင့် ဒါယကာ ဒါယိကာမများက ဆရာတော်ကြီး၏ရုပ်ကလာပ်တော်အား ပဲခူးမြို့ရှိ ဆရာတော် သီတင်းသုံးနေထိုင်သည့်ကျောင်းတိုက်သို့ ပြန်လည်ပင့်ဆောင်ကာ အပူဇော်ခံထားရှိပြီး မေ ၅ ရက် ညနေ ၅ နာရီတွင် အောင်သုခမ္မရိပ်သာမှ လောင်တိုက်တော်ကျင်းပမည့် နယ်မြေခံတပ်ရဟတ်ယာဉ်ကွင်းသို့ ပင့်ဆောင်ပြီး တေဇောဓာတ်ဖြင့် အန္တိမအဂ္ဂိစျာပန မီးပူဇော်မည်ဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်(ပဲခူး)**



ရန်ကုန်နှင့်ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်တို့ ဆရာတော်ဘဒ္ဒန္တစန္ဒိမာ၏ ရုပ်ကလာပ်တော်အား ဖူးမြော်ကန်တော့စဉ်။

## ရွှေ့လျားဝန်ဆောင်မှု လုပ်ငန်းဆောင်ရွက်မှုအား ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကွင်းဆင်းကြည့်ရှု

**တောင်ကြီး မေ ၄**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ် ဥပဒေချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ ယမန်နေ့က တောင်ကြီးမြို့နယ် နန်းဟူးကျေးရွာ ပေါ့မူဘုန်းကြီးကျောင်း၌ ဒေသခံပြည်သူများအား ရွှေ့လျားဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ပေးနေမှုကို ကွင်းဆင်းကြည့်ရှုသည်။



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ရွှေ့လျားဝန်ဆောင်မှုလုပ်ငန်းအား ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် နန်းဟူးကျေးရွာရှိ ဒေသခံ ပအိုဝ်းတိုင်းရင်းသား တိုင်းရင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များ၊ မြေပုံစံ(၇)များ၊ ကျန်းမာရေးစောင့်ရှောက်ပေးနေမှု၊ တိုင်းရင်းဆေးကုသပေးနေမှု၊ ကျွဲ၊ နွားများအား ဆေးကုသနေမှုတို့ကို ကြည့်ရှုကာ လိုအပ်သည်များ မှာကြားပြီး ဒေသခံ ပအိုဝ်းတိုင်းရင်းသား တိုင်းရင်းသူများအား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ရှမ်းပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် လွှတ်တော်များမှ တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ကြကြောင်း သိရသည်။

အဆိုပါ နန်းဟူးကျေးရွာတွင် အိမ်ခြေ ၁၄၀၀ ဒေသခံပြည်သူဦးရေ ၇၀၀၀ ခန့် နေထိုင်ကြသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ ဟိုပုံးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ဟိုပုံး မေ ၄**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် ကျေးလက်ဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေဖြင့် နောင်တောင်းပရဟိတတပ်ဦးကျောင်းတိုက်အတွင်း ရေစုကန်တည်ဆောက်နိုင်ရေးအတွက် ယမန်နေ့က ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်နှင့် အဖွဲ့ဝင်များ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့အတွင်းရေးမှူး ဦးအောင်လွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနန်းတင့်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့သည် နောင်တောင်းပရဟိတ တပ်ဦးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တရာဇိန္ဒသီရိထံ ငွေကျပ် ၁၉၅ သိန်းကို ပေးအပ်လှူဒါန်းခဲ့သည်။



ဟိုပုံးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား တာဝန်ရှိသူတို့ ကွင်းဆင်းစစ်ဆေးစဉ်။

ယင်းနောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးဌာနနှင့် ပြည်သူလူထုတို့ ပူးပေါင်းပံ့ပိုးမှုဖြင့် နောင်ဘိုကန်အကျယ် ၁၈ ပေ ကန်ပတ်လမ်း ဖြန့်သဲခင်းကျင်းနေမှုအား ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ထက်ထက်(ဟိုပုံး)**

## ထာဝရငြိမ်းချမ်းရေးစေတီတော်၌ စံပယ်မည့် စကျင်ရုပ်ပွားတော်နှစ်ဆူ ကျောက်ဆည်၌ အပူဇော်ခံမည်

**ကျောက်ဆည် မေ ၄**

ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက ဦးဆောင်ပြီး နေပြည်တော်၌ တည်ထားလျက်ရှိသည့် ထာဝရငြိမ်းချမ်းရေးစေတီတော်၌ ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူနှင့်အတူ စေတီတော်တွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ထီးတော်၊ ငှက်မြတ်နားတော်တို့ကို ကျောက်ဆည်မြို့နယ် သင်းတောင်းကျေးရွာရှိ မဟာရွှေသိမ်တော်ဘုရား၌ မေ ၇ ရက်နှင့် ၈ ရက် နှစ်ရက်တာ ထားရှိအပူဇော်ခံမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စကျင်ဗုဒ္ဓဆင်းတုတော်နှစ်ဆူနှင့် စိန်ဖူးတော်၊ ထီးတော်၊ ငှက်မြတ်နားတော်တို့သည် မေ ၇ ရက် နံနက်တွင် မဟာရွှေသိမ်တော်ဘုရားသို့ ရောက်ရှိပြီး ထိုနေ့တစ်နေ့လုံး အပူဇော်ခံထားရှိမည်ဖြစ်ကာ ညပိုင်းတွင် ဆရာတော် အရှင်ဆန္ဒာဓိကက ငြိမ်းချမ်းရေး တရားများ ဟောကြားမည်ဖြစ်ကြောင်း၊ မေ ၈ ရက်တွင် ရွှေသိမ်တော်မှာရုံ၌ နံနက်ပိုင်း အပူဇော်ခံပြီး ဝမ်းတွင်းမြို့သို့ ဆက်လက်ပင့်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

ရုပ်ပွားတော်များရောက်ရှိကြောင်းကို ပြည်သူများ ပိုမိုသိရှိ လာရောက်ပူဇော်နိုင်ရေးအတွက် အသိပေးနှိုးဆော်သည့် ဗီနိုင်းများကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လူစည်ကားရာနေရာများတွင် ကပ်ထားပေးကာ မြို့ပေါ်ရပ်ကွက် ၁၀ ခုမှ အုပ်ချုပ်ရေးမှူးများကလည်း မေ ၁ ရက်မှစ၍ ရပ်ကွက်များအတွင်း လှည့်လည်အသိပေးနေကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရေဘေးအသိပညာပေး

## ရေကြီးခြင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရန်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုလည်း မျှဝေပါ။



၂။ တောင်ပေါ်ဒေသများချောင်းများ၊ မြစ်ဖျားများတွင် မိုးကြီးပါက မြစ်ဝှမ်းတစ်လျောက်တွင် လျှပ်တစ်ပြက်ရေကြီးခြင်းများဖြစ်နိုင်ကြောင်း သတိပြုကြပါ။



၃။ အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့် အရေးကြီး စာရွက်စာတမ်းများကို မိမိနှင့်အတူထားရှိပါ။

၄။ မိသားစုဝင်များ ကွဲကွာသွားပါက ပြန်လည်ဆက်သွယ်ရန် ဖုန်းနံပါတ် အမည်၊ ရပ်ကွက်၊ ကျေးရွာ၊မြို့ ဆက်သွယ်ရမည့်သူစသည်တို့အား ရေးသားပြီး မိသားစုဝင်တိုင်း ယူဆောင်ထားပါ။



၅။ သက်ဆိုင်ရာအစိုးရဌာန၏ ညွှန်ကြားချက်ရရှိပါက ရွေးချယ်ထားသော ဘေးလွတ်ရာနေရာသို့ ပြောင်းရွှေ့နိုင်ပါ။



## ရေကြီးခြင်းဖြစ်ပေါ်နေချိန်တွင်လိုက်နာရန် အချက်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကိုလိုက်နာပါ။



၂။ အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မိန်းခလုတ်များကို ပိတ်ထားပါ။



၃။ သောက်သုံးရေသန့်(သို့) ကျိုချက်ထားသောရေ (သို့) ရေသန့်ဆေးခတ်ထားသော ရေကိုသာ အမြဲသောက်သုံးပါ။



၄။ အဆိပ်ရှိသော တိရစ္ဆာန်များ အိမ်၊ခြံ အတွင်း၌ ရှိ၊မရှိ စစ်ဆေးပါ။



# မိုးရာသီနှင့် နီးကပ်လာပြီဖြစ်သဖြင့် သောင်တူးခြင်းလုပ်ငန်းအား လာမည့်နှစ်မှသာ ဆောင်ရွက်မည်

**ကျောင်းကုန်း မေ ၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ရေကြီးနစ်မြုပ်မှုဒဏ်မှ ကာကွယ်နိုင်ရန်အတွက် ဒါးကမြစ်နှင့် မင်းမနိုင်ချောင်းဆုံရာတွင် ပေါ်ထွန်းနေသည့် သဲသောင်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ရန် ညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့က အေးချမ်းသာယာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးဝင်း က တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ခန့်မှန်းကုန်ကျငွေကျပ် ၃၂ သန်း ချထားပေးကြောင်း၊ မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဇော်က တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ တင်ပြတောင်းခံပေးကြောင်း ပြောကြားခဲ့သည်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတာဝန်ခံ အင်ဂျင်နီယာ ဦးလှသူက မိုးရာသီကာလနှင့်နီးကပ်နေသဖြင့် လာမည့်နှစ်မှသာ ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း၊ ကြိုတင်စီမံထားရန်လိုကြောင်း ပြောကြားခဲ့ပြီး၊ မြို့မိမြို့ဖ ဦးတင်မောင်က စွန့်ပစ်မြေများကို စနစ်တကျစီမံခန့်ခွဲရန်



သဲသောင်တူးဖော်ခြင်းလုပ်ငန်းဆိုင်ရာ ညှိနှိုင်းစည်းဝေး ကျင်းပနေစဉ်။

လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် လုပ်ငန်းဆောင်ရွက်မည့် သဲသောင်ပြင်ကို သွားရောက်ကြည့်ရှုခဲ့ကြပြီး ကျောင်းကုန်းမြို့ထိပ်တွင် ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တု ထားရှိရန် ဆောင်ရွက်နေမှုကို ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# မတ္တရာမြို့၌ မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးစွမ်းရည် သရုပ်ပြ

**မတ္တရာ မေ ၄**

မေလ ၅ ရက်တွင် ကျရောက်မည့် (၇၃)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်၌ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး သရုပ်ပြပွဲကို မေ ၂ ရက် နံနက်က မတ္တရာမြို့နယ် ပြည်သူ့အားကစားကွင်းအတွင်း ပြုလုပ်ခဲ့သည်။

သရုပ်ပြပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်နိုင်က မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြောင်း အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးမင်းမျိုးထွန်းက မြို့နယ်မီးသတ်တပ်ဖွဲ့အတွက် ကယ်ဆယ်ရေးပစ္စည်းများ လှူဒါန်းပေးသော အလှူရှင်များအား ဂုဏ်ပြုလက်မှတ်များ ပေးအပ်သည်။

ထို့နောက် မီးသတ်တပ်ဖွဲ့၏ လျင်မြန်မှု၊ ထိရောက်သေချာမှု၊ လုံခြုံဘေးကင်းစွာ လုပ်ဆောင်နိုင်မှုနှင့် ကျွမ်းကျင်မှု အစရှိသော စွမ်းရည်များကို ထုတ်ဖော်ပြသည့် အထပ်မြင့်တွင် ပိတ်မိနေသောလူနာအား အချိန်နှင့်တစ်ပြေးညီ ကယ်ဆယ်ခြင်းကို ရှာဖွေကယ်ဆယ်ရေးသမားများက သရုပ်ပြကြသည်။

ထို့နောက် မီးငြိမ်းသတ်မှု သရုပ်ပြရာတွင် အဆောက်အအုံ မီးလောင်နေမှုကို ငြိမ်းသတ်ခြင်း၊ စက်သုံးဆီများ မီးလောင်မှုကို ငြိမ်းသတ်ခြင်း၊ မီးဖိုသုံးဓာတ်ငွေ့ဘူး မီးလောင်ကျွမ်းမှုကို ငြိမ်းသတ်ခြင်း စသည်ဖြင့် မီးလောင်ကျွမ်းမှု အမျိုးမျိုးအတွက် လက်တွေ့မီးငြိမ်းသတ် သရုပ်ပြကာ ဆက်လက်၍ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၏ အလံအရောင်ဖြစ်သော အဝါရောင်၊ အပြာရောင်နှင့် အနီရောင်များကို ရေအရောင်စုံဖြင့် ပက်ဖျန်း၍ သရုပ်ဖော် ပြသခဲ့သည်။

သရုပ်ပြပွဲအပြီးတွင် မီးငြိမ်းသတ်ရေးပစ္စည်းများနှင့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းများကိုလည်း မီးသတ်တပ်ဖွဲ့ဝင်များက ခင်းကျင်းပြသခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြို့နေပြည်သူများနှင့် ကျောင်းသား ကျောင်းသူများက လိုက်လံကြည့်ရှုလေ့လာကြပြီး မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ပစ္စည်းများအသုံးပြုပုံများကိုလည်းကောင်း၊ မီးဘေးကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင် သတိပြုရမည့်အချက်များကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။ **စိုးကျော်သူထွေး(မတ္တရာ)**

# ဗီယက်နမ်မင်းသမီးချော ငုယင်ထရန်ဟူယန်မေ မြန်မာနိုင်ငံသို့ လာရောက် ကြော်ငြာရိုက်ကူးမည်

**ရန်ကုန် မေ ၄**

ဗီယက်နမ်မင်းသမီးချော ငုယင်ထရန်ဟူရန်မေသည် မေ ၅ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိလာမည်ဖြစ်ပြီး တာမိုးညဲကုမ္ပဏီများအုပ်စု လက်အောက်ရှိ Tea Art Co.,Ltd. မှ ကိုယ်တိုင်စိုက်ပျိုး ဖြန့်ဖြူးရောင်းချလျက်ရှိသော ဘိန်းအစားထိုး တာမိုးညဲ(ဝူးလုံ)လက်ဖက်ခြောက်အတွက် မေ ၆ ရက်နှင့် ၇ ရက်တို့တွင် ထပ်ဆင့်အကယ်ဒမီ ဒါရိုက်တာ စင်ရော်မောင်မောင်နှင့် ကြော်ငြာရိုက်ကူးမည်ဖြစ်ပြီး မေ ၈ ရက်တွင် ဗီယက်နမ်သို့ ပြန်မည်ဖြစ်ကြောင်းသိရသည်။ **ဝေယံဦး**



ဗီယက်နမ်မင်းသမီး ငုယင်ထရန်ဟူယန်မေ။

# မလှိုင်မြို့မှ ထန်းလုပ်ငန်းများ အခက်အခဲမျိုးစုံ ကြုံတွေ့နေရ

**မလှိုင် မေ ၄**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်၌ ထန်းလုပ်ငန်းလုပ်ကိုင်သည့် လုပ်သားများ ရှားပါးလာမှုနှင့်အတူ လုပ်ငန်းမှာ အသုံးပြုသည့် ပစ္စည်းများလည်း ဈေးမြင့်မှုကြောင့် အခက်အခဲမျိုးစုံ ကြုံတွေ့နေရကြောင်း ထန်းလုပ်ငန်းလုပ်ကိုင်သူများက ပြောသည်။

ယခင်က မလှိုင်ပန်းအိုင်ကျေးရွာတွင် ထန်းတက်သမား ၄၀ ရှိခဲ့သော်လည်း ယခုအခါ ရှစ်ဦးခန့်သာ ရှိသည်ဟု သိရသည်။

"ထန်းတက်သမားအချို့တခြားနေရာတွေမှာ သွားရောက်လုပ်ကိုင်နေကြတဲ့အပြင် အခုနှစ်အတွင်း အပူချိန်ပြင်းတာကြောင့် ထန်းတက်လုပ်ငန်း လုပ်ကိုင်တဲ့ လုပ်သားတွေ အခုလို ရှားပါးလာတာဖြစ်ပါတယ်။ နောက်ပြီး ထင်းသုံးဖို့ ပဲစင်းငုံငုတ်ကလည်း တစ်စီးကို ငွေကျပ် ၃၀၀၀ သာပေးရပေမယ့် တခြားထင်းဖြစ်တဲ့ ရှားထင်းလို ထင်းတွေကျငွေကျပ် ၈၀၀၀ ဝန်းကျင်ပေးဝယ် ရပြီး ခွဲခြမ်းဆို ငွေကျပ် ၁၂၀၀၀ အထိ ပေးဝယ်ရတဲ့အတွက် ထန်းလျက်ချက်တဲ့နေရာမှာ ထင်းဈေးကြီးမြင့်မှုကလည်း ကျွန်တော်တို့အတွက် အခက်အခဲပါပဲ" ဟု ထန်းတောင်သူတစ်ဦးက ပြောသည်။

လက်ရှိတွင် ထန်းလျက်ပေါက်ဈေး တစ်ပိဿာငွေကျပ် ၁၅၀၀ ခန့်ရှိနေပြီး ယခင်နှစ်က တစ်ပိဿာငွေကျပ် ၆၀၀ ဈေးထက်စာလျှင် ယခုနှစ် ဈေးနှစ်ဆကျော် ရနေခြင်းကြောင့် ဈေးနှုန်းအရ အဆင်ပြေသော်လည်း မြူအိုးတစ်အိုးကို ငွေကျပ် ၂၀၀ နှင့် မြူကြိုးတစ်ချောင်းကို ငွေကျပ် ၅၀ ပေးဝယ်နေရခြင်း၊ ထန်းချက်ရာတွင် ထင်းအဖြစ်အသုံးပြုသည့် ပဲစင်းငုံငုတ်များ မရသောကြောင့် ထင်းကိုဈေးကြီး ပေးဝယ်နေရခြင်းတို့ ကြုံတွေ့နေရကြောင်း ထန်းလျက်ချက် လုပ်သူများထံမှ သိရသည်။

ပုံမှန်အားဖြင့် တစ်ရက်လျှင် မြူ ၈၀ ခန့်ရပြီး ကျိုချက်လျှင် ထန်းလျက် ပိဿာ ၂၀ခန့်ရရှိကြောင်း၊ သို့သော်လည်း ယခုနှစ်ရာသီဥတု ပူပြင်းသောကြောင့် ထန်းလျက် ၁၅ ပိဿာ ဝန်းကျင်သာ ထွက်ရှိကြောင်း သိရသည်။

မလှိုင်ဝန်းကျင်မှ ထန်းတောင်သူများသည် မြူအိုး၊ မြူကြိုးစသည့် ထန်းလျက်ထုတ်လုပ်သော ပစ္စည်းများ ဈေးနှုန်းမြင့်မားခြင်း၊ လုပ်ကိုင်သည့်လုပ်သားများ ရှားပါးလာခြင်းတို့ကြောင့် ထန်းတောင်သူများနှင့် ထန်းလျက်လုပ်ငန်းများ ပျောက်ကွယ်သွားမည်မှာ စိုးရိမ်ဖွယ်အခြေအနေဖြစ်သည်။

**ဘိုဘို(မလှိုင်)**



မလှိုင်မြို့နယ်မှ ထန်းတက်လုပ်ငန်းခွင်တစ်ခုကို တွေ့ရစဉ်။

# စက်မှုဇုန်ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

၂၉။ ရင်းနှီးမြှုပ်နှံသူသည် အောက်ပါအတိုင်း ဝင်ငွေခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်တို့ကို ခံစားခွင့်ရှိသည် -

(က) သက်ဆိုင်ရာဥပဒေ၊

(ခ) ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ အထူးကိစ္စရပ်အဖြစ် ခွင့်ပြုသည့် ခံစားခွင့်များ။

၃၀။ ရင်းနှီးမြှုပ်နှံသူသည် -

(က) သက်ဆိုင်ရာဌာနများတွင် တည်ဆဲဥပဒေများနှင့်အညီ မှတ်ပုံတင်ရမည်။

(ခ) လုပ်ငန်းဆောင်ရွက်ခြင်းအား သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများ၏ သတ်မှတ်ချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရမည်။

(ဂ) မိမိ၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေကို စီမံခန့်ခွဲရေးကော်မတီသို့ သတ်မှတ်ချက်များနှင့်အညီ တင်ပြရမည်။

(ဃ) စက်မှုဇုန်အတွင်းရှိ ပျက်စီးယိုယွင်း၍ အသုံးမပြုနိုင်သော စံချိန်စံညွှန်း မမီ၊ အများပြည်သူလူထုကို ဘေးအန္တရာယ်ဖြစ်စေသော ကုန်ကြမ်း ပစ္စည်းများနှင့် စံချိန်စံညွှန်းမမီသော ထုတ်ကုန်ပစ္စည်းများကို သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဖျက်ဆီးရမည်။

(င) ဝန်ထမ်းများခန့်ထားခြင်း၊ လစာနှင့် အချိန်ပိုလုပ်ခ၊ ခွင့်ရက်၊ အလုပ်ပိတ်ရက်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ကိစ္စရပ်များအပါအဝင် အလုပ်သမားများ၏ အကျိုးခံစားခွင့်များ ရရှိရေးအတွက် တည်ဆဲဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ရမည်။

၃၁။ ရင်းနှီးမြှုပ်နှံသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေပါ စံချိန်စံညွှန်းများကို လိုက်နာရမည့်အပြင် လူမှုရေး၊ ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ထိခိုက်မှုမရှိစေရန် တည်ဆဲဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၃၂။ ရင်းနှီးမြှုပ်နှံသူသည် မိမိ၏လုပ်ငန်း ပိတ်သိမ်းခြင်း သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း ပြုလုပ်လိုပါက သက်ဆိုင်ရာဌာနများနှင့် စီမံခန့်ခွဲရေးကော်မတီသို့ ကြိုတင်အကြောင်းကြား၍ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၃၃။ ရင်းနှီးမြှုပ်နှံသူသည် မိမိ၏လုပ်ငန်း၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏ အစုရှယ်ယာအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ လွှဲပြောင်းသည့်အခါ သက်ဆိုင်ရာဌာနများနှင့် စီမံခန့်ခွဲရေးကော်မတီအား အကြောင်းကြားပြီး တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

၃၄။ ရင်းနှီးမြှုပ်နှံသူသည် ပြည်တွင်း၊ ပြည်ပ ဝန်ထမ်းများ ခန့်ထားမှုအခြေအနေ အရပ်ရပ်အား စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြရမည်။

## အခန်း (၁၁)
## မြေအသုံးပြုခြင်း

၃၅။ ဒေသဆိုင်ရာကော်မတီသည် စက်မှုမြေအား စက်မှုကုန်ထုတ်လုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ရန် ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူအား သတ်မှတ်ထားသည့် မြေငှားရမ်းခများကို ပေးသွင်းစေပြီး နှစ် ၅၀ အထိ ခွင့်ပြုနိုင်သည်။ ယင်းသက်တမ်းကုန်ဆုံးပြီးနောက် ရင်းနှီးမြှုပ်နှံသူက ဆက်လက်လုပ်ကိုင်လိုလျှင် တစ်ဆက်တည်း ၁၀ နှစ်သက်တမ်း နှစ်ကြိမ်အထိ တိုးမြှင့်ပေးနိုင်သည်။

၃၆။ စက်မှုဇုန်သတ်မှတ်ကြေညာခြင်းမပြုမီ စက်မှုဇုန်ထူထောင်ရန် လျာထားသော မြေပေါ်တွင် လူနေအိမ်ခြေများ၊ အဆောက်အဦများ၊ လယ်ယာဥယျာဉ်ခြံမြေများ၊ သီးပင်စားပင်များ၊ စိုက်ခင်းများ စသည်တို့ကို ပြောင်းရွှေ့ရှင်းလင်းပေးရန်ရှိပါက ၎င်းတို့ကို ပြောင်းရွှေ့နေရာချထားခြင်း၊ နစ်နာကြေးပေးခြင်းနှင့် လျော်ကြေးပေးခြင်းတို့ကို သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က တည်ဆဲဥပဒေများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးရမည်။

၃၇။ ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ရင်းနှီးတည်ဆောက်သူသည် -

(က) အသုံးပြုခွင့်ရရှိသောမြေကို သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် အညီ အသုံးပြုရမည်။

(ခ) စက်မှုဇုန်အတွင်း မြေကွက်များအား လက်ရှိရယူထားပြီး လုပ်ငန်းလုပ်ကိုင်ခြင်း မရှိသော မြေကွက်များကို ဤဥပဒေပြဋ္ဌာန်းသည့်နေ့မှ ခြောက်လအတွင်း လုပ်ငန်းစီမံချက်တင်ပြ၍ အတည်ပြုချက် ရယူရမည်။ တင်ပြသော စီမံကိန်းကို နှစ်နှစ်အတွင်း ပြီးစီးအောင်လုပ်ကိုင်ခြင်းမရှိပါက ဒေသဆိုင်ရာကော်မတီက သတ်မှတ်သော မြေကာလတန်ဖိုး၏ ၅၀ ရာခိုင်နှုန်းဖြင့် ပြန်လည်သိမ်းဆည်း၍ အမှန်တကယ် လုပ်ငန်းလုပ်ကိုင်မည့် လုပ်ငန်းရှင်များအား လွှဲပြောင်းပေးခြင်းကို ခံယူရမည်။

(ဂ) အသုံးပြုခွင့်ရရှိသော မြေ၏သဘာဝမြေမျက်နှာသွင်ပြင် သို့မဟုတ် မြေအနိမ့်အမြင့်အနေအထားကို သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ သိသာထင်ရှားစွာ ပြုပြင်ပြောင်းလဲခြင်း မပြုရ။

(ဃ) လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရန် ခွင့်ပြုထားသည့် ကာလအတွင်း အခြားသူ သို့မဟုတ် အခြားအဖွဲ့အစည်းများသို့ မြေငှားရမ်းခြင်း၊ မြေအသုံးပြုခွင့်နှင့် အဆောက်အအုံများကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်း ပြုလုပ်လိုပါက သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီ၏ သဘောထားမှတ်ချက်နှင့်အတူ ဒေသဆိုင်ရာကော်မတီသို့ တင်ပြပြီး သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

၃၈။ အသုံးပြုခွင့်ရရှိသော မြေ၏ မြေပေါ်၊ မြေအောက်၌ ရင်းနှီးမြှုပ်နှံခွင့်ပြုသည့် လုပ်ငန်းနှင့် မသက်ဆိုင်သည့် မူလစာချုပ်တွင် မပါဝင်သော သဘာဝသယံဇာတတွင်းထွက်ပစ္စည်းကိုဖြစ်စေ၊ ရှေးဟောင်းဝတ္ထုပစ္စည်းကိုဖြစ်စေ၊ ရတနာသိုက်ကိုဖြစ်စေ တွေ့ရှိလျှင် စီမံခန့်ခွဲရေးကော်မတီသို့ ချက်ချင်းအကြောင်းကြားရမည်။ စီမံခန့်ခွဲရေးကော်မတီမှ ပြည်ထောင်စုနယ်မြေ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြပြီး ခွင့်ပြုချက်ရလျှင် ယင်းမြေပေါ်၌ ဆက်လက်လုပ်ကိုင်နိုင်သည်။ ခွင့်ပြုချက်မရလျှင် အစားထိုးစီစဉ်ပေးသည့် နေရာသို့ ပြောင်းရွှေ့ ဆောင်ရွက်ရမည်။

၃၉။ မြေငှားရမ်းခများနှင့် မြေအသုံးပြုခများအား ဒေသတွင်းနိုင်ငံများရှိ စက်မှုဇုန်များနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော နှုန်းထားများကို ဒေသဆိုင်ရာကော်မတီမှ ဗဟိုကော်မတီသို့ တင်ပြ၍ အတည်ပြုချက် ရယူရမည်။

## အခန်း (၁၂)
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံဆောင်ရွက်ခြင်း

၄၀။ စက်မှုဇုန်တည်ထောင်ရာတွင်လည်းကောင်း၊ စက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ အခြားတည်ဆဲဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၄၁။ ရင်းနှီးတည်ဆောက်သူက အသစ်တည်ထောင်မည့် စက်မှုဇုန်တွင် စက်မှုလုပ်ငန်းများမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းများထိန်းသိမ်းခြင်း၊ သန့်စင်ခြင်းနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ခြင်းအတွက် စုပေါင်းအသုံးပြုနိုင်ရန် လိုအပ်သည့် နည်းစနစ်နှင့် တည်ဆောက်မှုများကို တစ်ပါတည်း ထည့်သွင်းဆောင်ရွက်ရမည်။

၄၂။ ရင်းနှီးမြှုပ်နှံသူသည် ပတ်ဝန်းကျင်ညစ်ညမ်းမှု ထိန်းချုပ်ရေးစီမံခန့်ခွဲခြင်း (Pollution Control Management)၊ စွမ်းအင်စီမံခန့်ခွဲခြင်း (Energy Management) များအား သက်ဆိုင်ရာဝန်ကြီးဌာနများမှ ထုတ်ပြန်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄၃။ တည်ထောင်ပြီးစက်မှုဇုန်များတွင် ဒေသဆိုင်ရာကော်မတီမှ ကြီးကြပ်လျက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို နှစ်အလိုက် စီမံကိန်းများချမှတ်၍ ပြုပြင်ပြောင်းလဲ ဆောင်ရွက်ရမည်။

၄၄။ ရင်းနှီးမြှုပ်နှံသူများသည် စက်မှုဇုန်အတွင်း စုပေါင်းစနစ်ဖြင့် စွန့်ပစ်ပစ္စည်း ထိန်းသိမ်းသန့်စင်၍ ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်မှုအတွက် ကုန်ကျစရိတ်များကို စွန့်ပစ်ပစ္စည်း ထွက်ရှိမှုပမာဏအလိုက် စီမံခန့်ခွဲရေးကော်မတီက သတ်မှတ်သည့် သင့်လျော်သော နှုန်းထားဖြင့် ကျခံရမည်။

၄၅။ စုပေါင်းစနစ်ဖြင့် စွန့်ပစ်ပစ္စည်း ထိန်းသိမ်း၍ ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်မှုနည်းစနစ်ကို အသုံးပြုနိုင်ခြင်းမရှိသည့် တည်ထောင်ပြီးစက်မှုဇုန်များတွင် ရင်းနှီးမြှုပ်နှံသူများက ကိုယ်ပိုင်အစီအစဉ်ဖြင့် စွန့်ပစ်ပစ္စည်း ထိန်းသိမ်းသန့်စင်၍ ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်မှုစနစ်ကို တည်ဆောက်တပ်ဆင် အသုံးပြုရမည်။

## အခန်း (၁၃)
## ပေးချေငွေများအပေါ် ဝင်ငွေခွန်ကောက်ခံခြင်း

၄၆။ ပြည်ပနေနိုင်ငံခြားသားသည် မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းအဖြစ် တည်ထောင်ထားခြင်းမရှိသော်လည်း ကိုယ်ပိုင်ပစ္စည်းနှင့် အသိဉာဏ်ဆိုင်ရာပစ္စည်း လုပ်ငန်းတစ်ခုခုအရ စက်မှုဇုန်နှင့် ဆက်စပ်၍ လုပ်ငန်းဆောင်ရွက်ခွင့်ရရှိလျှင် ရင်းနှီးမြှုပ်နှံသူက ငွေပေးချေသည့် ကိစ္စနှင့်ပတ်သက်၍ ဝင်ငွေခွန်ဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်သတ်မှတ်သည့် နှုန်းထားအတိုင်း ကျသင့်သောဝင်ငွေခွန်ကို ငွေထုတ်ပေးချိန်တိုင်းတွင် နုတ်ယူပေးသွင်းရမည်။

၄၇။ စက်မှုဇုန်ရှိလုပ်ငန်းများတွင် အလုပ်လုပ်ကိုင်သည့် ပြည်တွင်း၊ ပြည်ပမှ ဝန်ထမ်းများနှင့် အလုပ်သမားများ၏ ဝင်ငွေခွန်ကျသင့်သည့် လစာဝင်ငွေအပေါ်တွင် ဝင်ငွေခွန်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျသင့်ဝင်ငွေခွန်ကို သက်ဆိုင်ရာ ရင်းနှီးမြှုပ်နှံသူက ကောက်ခံပေးသွင်းရမည်။

## အခန်း (၁၄)
## စက်မှုဇုန်လုပ်ငန်းများအား အခွင့်အရေးခံစားခွင့်ပြုခြင်း

၄၈။ ရင်းနှီးတည်ဆောက်သူနှင့် ရင်းနှီးမြှုပ်နှံသူတို့အား ကနဦး တည်ဆောက်ရေး လုပ်ငန်းတွင် အသုံးပြုရန် စက်ယန္တရားကြီးများနှင့် စက်ပစ္စည်းကိရိယာများ ယာယီတင်သွင်းခြင်းကို ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေပါ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခွင့်ပြုသည်။ ဒေသဆိုင်ရာကော်မတီ၏ ထောက်ခံချက်ဖြင့် တင်သွင်းခြင်းကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ညှိနှိုင်း ဆောင်ရွက်ရမည်။

၄၉။ ဗဟိုကော်မတီသည် စက်မှုဇုန်အတွင်းရှိ ရင်းနှီးတည်ဆောက်သူနှင့် ရင်းနှီးမြှုပ်နှံသူတို့အား ဝင်ငွေခွန်ကင်းလွတ်ခွင့်ကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေပါ ဇုန်အမျိုးအစားအလိုက် သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုနိုင်သည်။

၅၀။ ဗဟိုကော်မတီသည် အောက်ဖော်ပြပါ လုပ်ငန်းများအား အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီး အထူးခံစားခွင့်များကို ကာလအပိုင်းအခြားသတ်မှတ်၍ ခွင့်ပြုနိုင်သည် -

(က) ဖွံ့ဖြိုးမှုအားနည်းသော အရပ်ဒေသများရှိ စက်မှုဇုန် ရင်းနှီးတည်ဆောက်မှုလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

(ခ) အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသည့် အရပ်ဒေသများ၌ အလုပ်အကိုင်အခွင့်အလမ်း အများအပြားပေးနိုင်သည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၊

(ဂ) စိုက်ပျိုးမွေးမြူရေး အခြေခံထွက်ကုန်ပစ္စည်းများအား တန်ဖိုးမြှင့် ပြည်ပပို့ကုန်အဖြစ် ဆောင်ရွက်နိုင်စွမ်းရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

(ဃ) အရည်အသွေးပြည့်မီသည့် လယ်ယာသုံး စက်ပစ္စည်းကိရိယာအမျိုးမျိုး ထုတ်လုပ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

(င) တန်ဖိုးမြှင့်တင်လျက် နိုင်ငံခြားတင်ပို့ခြင်းလုပ်ငန်းများ၊ တီထွင်ဆန်းသစ်မှုဖြင့် ဖန်တီးထုတ်လုပ်ထားသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ။

## အခန်း (၁၅)
## စက်မှုဇုန်များအား အောင်မြင်စွာ လည်ပတ်လုပ်ကိုင်နိုင်ရန် စီမံဆောင်ရွက်ခြင်း

၅၁။ ဗဟိုကော်မတီသည် ဤဥပဒေမပြဋ္ဌာန်းမီက တည်ထောင်ပြီးသော စက်မှုဇုန်များအား ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်စေရေး ဆောင်ရွက်ရန် ဒေသဆိုင်ရာကော်မတီအား တာဝန်ပေးအပ်နိုင်သည်။

၅၂။ ဒေသဆိုင်ရာကော်မတီသည် မအောင်မြင်သော စက်မှုဇုန်များအား အောင်မြင်စွာ လည်ပတ်လုပ်ကိုင်နိုင်စေမည့် အစီအမံများ ရေးဆွဲရာတွင် -

(က) သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားအကြံပြုချက်များကို ရယူဆောင်ရွက်နိုင်သည်။

(ခ) သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီအား အထူးစီမံချက်တစ်ရပ် ရေးဆွဲတင်ပြစေရန် တာဝန်ပေးအပ်နိုင်သည်။

(ဂ) ကျွမ်းကျင်သူပညာရှင် သို့မဟုတ် အဖွဲ့အား ယင်းစက်မှုဇုန်နှင့် စပ်လျဉ်း၍ လေ့လာဆန်းစစ်ချက်အစီရင်ခံစာ တင်ပြစေရန် တာဝန်ပေးအပ်နိုင်သည်။

၅၃။ ဒေသဆိုင်ရာကော်မတီသည် စက်မှုဇုန်များအား အောင်မြင်စွာလည်ပတ်လုပ်ကိုင်နိုင်ရန် အောက်ဖော်ပြပါ လိုအပ်မည့်အစီအမံကို ဗဟိုကော်မတီ၏ အတည်ပြုချက်ရယူ၍ ဆောင်ရွက်ရမည် -

(က) မြေအသုံးချမှု

(ခ) သယံဇာတအသုံးချမှု

(ဂ) စွမ်းအင်စနစ်တကျ အကျိုးရှိ ထိရောက်စွာအသုံးချမှု

(ဃ) လူ့စွမ်းအားအရင်းအမြစ်အသုံးချမှု

(င) အုပ်ချုပ်ထောက်ပံ့မှု (Logistic)

(စ) ဘဏ္ဍာရေးဝန်ဆောင်မှု

(ဆ) အထူးစီးပွားရေးဇုန်များ၊ အခြားစက်မှုဇုန်များနှင့် ချိတ်ဆက်ဆောင်ရွက်မှု

(ဇ) မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ချိတ်ဆက်ဆောင်ရွက်မှု

(ဈ) အကောက်ခွန်ကြီးကြပ်မှုကုန်လှောင်ရုံစနစ် (Bonded Warehouse System) ထူထောင်မှု

## အခန်း (၁၆)
## စက်မှုဇုန်စီမံခန့်ခွဲရေးဆိုင်ရာ အငြင်းပွားမှုများ ဖြေရှင်းခြင်း

၅၄။ စက်မှုဇုန်စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ အငြင်းပွားမှု တစ်စုံတစ်ရာ ပေါ်ပေါက်လျှင် စီမံခန့်ခွဲရေးကော်မတီက အငြင်းပွားသူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအကြား ညှိနှိုင်းဖြေရှင်းဆောင်ရွက်ရမည်။

၅၅။ ပုဒ်မ ၅၄ အရ ဖြေရှင်းဆောင်ရွက်သော်လည်း ပြေလည်မှုမရရှိပါက -

(က) ဒေသဆိုင်ရာကော်မတီသို့ တင်ပြ၍ အငြင်းပွားမှုများကို ဆက်လက်ဖြေရှင်း ဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖြေရှင်းဆောင်ရွက်နိုင်ခြင်းမရှိလျှင် နိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်သည်။

## အခန်း (၁၇)
## စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်းနှင့် အယူခံခြင်း

၅၆။ မည်သူမဆို ဤဥပဒေအရ သက်ဆိုင်ရာကော်မတီအသီးသီးမှ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများ၊ အမိန့်၊ ညွှန်ကြားချက် တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက ထိုသူအပေါ် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) စာဖြင့် သတိပေးခြင်း၊

(ခ) သတ်မှတ်ထားသော ဒဏ်ငွေပေးဆောင်စေခြင်း၊

(ဂ) လုပ်ငန်းကို ယာယီရပ်ဆိုင်းခြင်း။

၅၇။ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူသည် ပုဒ်မ ၅၆ ပါ စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်အား ကျေနပ်ခြင်းမရှိပါက ယင်းအမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဒေသဆိုင်ရာကော်မတီသို့ အယူခံဝင်ရောက်နိုင်သည်။

၅၈။ ဒေသဆိုင်ရာကော်မတီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း ( ၁၈)
## တားမြစ်ချက်များ

၅၉။ မည်သူမျှ စက်မှုဇုန်အတွင်း ကျူးကျော်ခြင်း၊ ခွင့်ပြုချက်မရှိဘဲ အဆောက်အဦ ဆောက်လုပ်နေထိုင်ခြင်း မပြုရ။

၆၀။ မည်သူမျှစက်မှုဇုန်အတွင်း စွန့်ပစ်ပစ္စည်းများကို စနစ်တကျမရှိသော နည်းလမ်းဖြင့် စွန့်ပစ်ခြင်း၊ ရေဆိုးမြောင်းများကို ကျူးကျော်ပိတ်ဆို့ခြင်း၊ ကုန်ကြမ်းနှင့် လောင်စာများအား စနစ်တကျမရှိသော နည်းလမ်းဖြင့် ထားသိုခြင်း၊ အများပိုင်လမ်းမများပေါ်သို့ မည်သို့မျှ ကျူးကျော်ခြင်း မပြုရ။

*(ဆက်လက်ဖော်ပြပါမည်)*

## ပညာရေးဝန်ကြီးဌာန
## သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန
## အဏုမြူစွမ်းအင်ဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင်ပါဝင်သည့်ဖြည့်စွက်လုပ်ငန်းဖြစ်သော စမ်းသပ်စက်ရုံ(မှော်ဘီ)ဝင်းအတွင်းရှိ Nuclear Research Building အဆောက်အအုံသို့ Overhead Power Line သွယ်တန်းခြင်းနှင့် Additional DB (3) Nos တပ်ဆင်ခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၆-၅-၂၀၁၉ရက် ၉း၃၀နာရီ
**တင်ဒါပုံစံနောက်ဆုံး** - ၅-၆-၂၀၁၉ရက်
**တင်သွင်းရမည့်ရက်** ၁၅း၀၀နာရီ
**တင်ဒါတင်သွင်းရမည့်နေရာ** - အဏုမြူစွမ်းအင်ဌာန၊ ရုံးအမှတ် (၂၁)ပညာရေးဝန်ကြီးဌာန၊ နေပြည်တော်

၃။ အသေးစိတ်သိရှိလိုပါက အဏုမြူစွမ်းအင်ဌာနသို့ ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၄၅၀၁၊ ၀၆၇-၄၀၄၀၁၆ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ် ဥတ္တရသီရိမြို့၊ ရတနာသိဒ္ဓိရပ်ကွက်အတွင်း မြေကွက်ဖော်ထုတ်ခြင်း၊ လမ်း၊ တံတား၊ ရေမြောင်း၊ ပလက်ဖောင်းနှင့်လမ်းမီးလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက်လုပ်ငန်းခြောက်ခုအား အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။-
**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၆-၅-၂၀၁၉ရက်
**တင်ဒါပုံစံပိတ်မည့်ရက်** - ၄-၆-၂၀၁၉ရက် ညနေ ၄နာရီ
**တင်ဒါပေးသွင်းရမည့်နေရာ** - အင်ဂျင်နီယာဌာန(လမ်း/တံတား) နေပြည်တော် စည်ပင်သာယာရေးကော်မတီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်သိရှိလိုသည့် အချက်အလက်များအား ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာတွင် မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည်-

အင်ဂျင်နီယာဌာန(လမ်း/တံတား)၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဖုန်း-၀၆၇-၄၃၂၀၃၇၊ ၀၉-၆၈၂၅၄၅၂၉၄

**တင်ဒါကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်နယ်အစိုးရအဖွဲ့
## မွန်ပြည်နယ်၊ မော်လမြိုင်မြို့
## အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ မွန်ပြည်နယ်၊ ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ၂၀၁၉-၂၀၂၀ပညာသင်နှစ်၊ အခြေခံပညာမူလတန်းအဆင့် ကျောင်းသား/သူများအားလုံးအတွက် အခမဲ့ထောက်ပံ့ပေးနိုင်ရန် လိုအပ်သောလေ့ကျင့်ခန်းစာအုပ်များအား တင်ဒါ(အိတ်ဖွင့်)စနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် နိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

**လေ့ကျင့်ခန်းစာအုပ်အရည်အသွေး**
(က) **စာအုပ်အရွယ်အစား** - (၆.၂၅×၈.၂၅)လက်မ
(ခ) **လိုင်းအရေအတွက်** - ၂၂လိုင်း(အနည်းဆုံး)
(ဂ) **အဖုံးစက္ကူ** - ၁၈၀gsm Duplex Board(Color) သဘာဝဘေးပညာပေး (Color)
(ဃ) **အတွင်းစက္ကူ** - ၆၀gsm indo 1K Woodfree
(င) **စာမျက်နှာ** - ၈၀ Pages

၂။ **တင်ဒါလျှောက်လွှာ**
**စတင်ရောင်းချမည့်ရက်** - ၆-၅-၂၀၁၉ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၀-၅-၂၀၁၉ရက် မွန်းလွဲ ၄း၃၀နာရီ
**တင်ဒါဝယ်ယူရမည့်နေရာ** - ပြည်နယ်ပညာရေးမှူးရုံး၊ မွန်ပြည်နယ်

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။
(က) မွန်ပြည်နယ်အစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီးဌာန ဖုန်း-၀၅၇-၂၅၉၁၄
(ခ) မွန်ပြည်နယ်ပညာရေးမှူးရုံး ဖုန်း-၀၅၇-၂၇၂၆၄

**တင်ဒါခေါ်ယူရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရန်ကုန်တိုင်းဒေသကြီးအစိုးရ
## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## အမိန့်ကြော်ငြာစာအမှတ်(၃၂/၂၀၁၉)
## ရန်ကုန်မြို့၊ ၁၃၈၁ခုနှစ် တန်ခူးလကွယ်နေ့
## (၂၀၁၉ခုနှစ် မေ ၃ရက်)

## ရန်ကုန်မြို့ပြလူထု ရထားပို့ဆောင်ရေးစီမံကိန်း
## (Yangon Urban Mass Rapid Transit-YUMRT)
## အကျုံးဝင်သည့်နောက်ဆုံးနေ့ (Cute-off Date) ကို ထုတ်ပြန်ကြေညာခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၆၇နှင့် ၃၃၆ပါ ပြဋ္ဌာန်းချက်များအရ ရန်ကုန်မြို့ပြလူထုရထားပို့ဆောင်ရေးစီမံကိန်း (Yangon Urban Mass Rapid Transit-YUMRT) အတွက် စီမံကိန်းအကျုံးဝင်သည့် နောက်ဆုံးနေ့ (Cut-off Date) ကို အများပြည်သူတို့သိရှိရန် ထုတ်ပြန်ကြေညာလိုက်သည်။

၂။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန (MOTC)၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရ (YRG) နှင့် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) တို့သည် ရန်ကုန်မြို့ပြလူထုရထားပို့ဆောင်ရေးစီမံကိန်း (YUMRT) ကို အတူတကွ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ယင်းစီမံကိန်းတွင် ရန်ကုန်မြို့၊ အရှေ့-အနောက် ဆက်သွယ်သွားလာနိုင်မည့်ရထားလမ်းကြောင်း၏ အပိုင်း(၁) (လှိုင်သာယာ-ပါရမီ)လမ်းပိုင်းအရှည် (၁၈)ကီလိုမီတာကို ကနဦး တည်ဆောက်မည်ဖြစ်ပါသည်။ လမ်းကြောင်းမှာ လှိုင်သာယာဘူတာမှ စတင်ပြီး ရန်ကုန်-ပုသိမ်လမ်းအတိုင်း လှိုင်မြစ်ကိုဖြတ်ကျော်၍ ပါရမီလမ်းအတိုင်း ပါရမီဘူတာအထိဖြစ်ပါသည်။ လိုအပ်သောလမ်းအကျယ်မှာ ရန်ကုန်-ပုသိမ်လမ်းတစ်လျှောက်တွင် (၂၉)မီတာနှင့် ပါရမီလမ်းတစ်လျှောက်တွင် (၂၂)မီတာ ဖြစ်ပါသည်။

၃။ ရန်ကုန်မြို့ပြလူထုရထားပို့ဆောင်ရေးစီမံကိန်း (YUMRT) ဆောင်ရွက်ရာတွင် ရထားလမ်းတစ်လျှောက်အကျိုးသက်ရောက်မည့်နေရာများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-
(က) လှိုင်သာယာဘူတာပရဝဏ်အတွင်း YUMRT ယာဉ်ဝင်းတည်ဆောက်ရန်အတွက် ၅၄ဒသမ၃၆ဧက(၂၂)ဟတ်တာ၊
(ခ) ရန်ကုန်-ပုသိမ်လမ်းတစ်လျှောက်တွင် ရထားလမ်း၏ အလယ်မျဉ်းမှတစ်ဖက်တစ်ချက်စီ ၁၄ဒသမ၅မီတာအကျယ်၊
(ဂ) ပါရမီလမ်းတစ်လျှောက်တွင်ရထားလမ်း၏ အလယ်မျဉ်းမှတစ်ဖက်တစ်ချက်စီ (၁၁)မီတာအကျယ်။

၄။ YUMRT စီမံကိန်းဆောင်ရွက်ရာတွင် အထက်အပိုဒ်(၃)ပါ စီမံကိန်းဧရိယာအတွင်း မြေသိမ်းဆည်းရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်မည့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ပြန်လည်နေရာချထားရေးပံ့ပိုးမှုများပေးအပ်နိုင်ရန်အတွက် ၂၀၁၉ခုနှစ် မေ ၆ ရက် (၁၃၈၁ခုနှစ် ကဆုန်လဆန်း ၃ ရက်)အား အကျုံးဝင်သည့် နောက်ဆုံးရက်စွဲ Cut-off Date(COD) အဖြစ် တရားဝင်ထုတ်ပြန်ကြေညာလိုက်သည်။

၅။ ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)၏ သဘာဝပတ်ဝန်းကျင်နှင့်လူမှုပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းမူဝါဒနှင့် နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများမှ ချမှတ်ထားသော စံနှုန်းများနှင့်အညီ ၂၀၁၉ခုနှစ် မေ ၆ ရက်မှ ဇွန် ၃၀ ရက်ကာလသည် စီမံကိန်းသက်ရောက်မည့် ဧရိယာတစ်ခုလုံးကို စစ်တမ်းကောက်ယူမည့် လျာထားကာလဖြစ်ပါသည်။ COD ရက်သည် အထက်ဖော်ပြပါမူဝါဒစံနှုန်းများနှင့်အညီ စစ်တမ်းကောက်ယူမည့်ပထမဆုံးရက်အဖြစ် သတ်မှတ်ထားခြင်းဖြစ်ပါသည်။

၆။ COD ရက်နောက်ပိုင်း အထက်အပိုဒ်(၃)ပါ နယ်မြေအတွင်း တည်ရှိနေသာ အဆောက်အအုံများကို ပြုပြင်တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ အဆောက်အအုံအသစ်တည်ဆောက်ခြင်း၊ မြေယာလွှဲပြောင်းခြင်း၊ ရောင်းချခြင်းများအတွက် မြေယာလျော်ကြေးနှင့် ပြန်လည်နေရာချထားရေး၊ ကရုဏာကြေးပံ့ပိုးမည့်အစီအစဉ်များ ရရှိခံစားနိုင်မည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မောင်မောင်စိုး**
**ဥက္ကဋ္ဌ(မြို့တော်ဝန်)**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မောင်တောခရိုင်၊ မောင်တောမြို့မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် တာဝန်ယူဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သောတည်ဆောက်ရေးပစ္စည်းများကိုလုပ်ငန်းခွင်အရောက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူနိုင်ရန်အတွက် အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

အိတ်ဖွင့်တင်ဒါအဆိုပြုလွှာပုံစံနှင့် တည်ဆောက်ရေးပစ္စည်းစာရင်း စည်းကမ်းချက်အသေးစိတ်တို့ကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မောင်တောခရိုင်၊ မောင်တောမြို့တွင် ၉-၅-၂၀၁၉ရက်မှ ၁၇-၅-၂၀၁၉ရက်ထိ တင်ဒါအဆိုပြုလွှာပုံစံများကို ရောင်းချပေးမည်ဖြစ်ပါသဖြင့် တယ်လီဖုန်းအမှတ် ၀၉-၂၆၂၆၁၆၅၅၀/ ၀၉-၇၈၈၉၀၉၁၁၀/ ၀၉-၄၀၁၅၁၂၂၁၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

၁။ **တင်ဒါအဆိုပြုလွှာနောက်ဆုံးတင်သွင်းရမည့်ရက်/အချိန်** - ၆-၆-၂၀၁၉ရက် နံနက် ၁၀း၀၀နာရီ
၂။ **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ၆-၆-၂၀၁၉ရက် မွန်းတည့်၁၂း၀၀နာရီ
၃။ **တင်ဒါအဆိုပြုလွှာစိစစ်ရွေးချယ်မည့်နေရာ** - ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊မောင်တောခရိုင်၊ မောင်တောမြို့(၃-မိုင်အနီး)

### ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန
## လုပ်ငန်းသုံးပစ္စည်းအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ အထူးအဖွဲ့နှင့်ခရိုင်များမှ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု/ ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများကို သက်ဆိုင်ရာလမ်းပိုင်းအလိုက် လုပ်ငန်းခွင်အရောက်(မြန်မာကျပ်ငွေဖြင့်)ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။
(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၆-၅-၂၀၁၉ရက်မှ ၃၁-၅-၂၀၁၉ရက်အထိ (ရုံးချိန်အတွင်း)
(ခ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့/မိုင်းဆတ်မြို့/တာချီလိတ်မြို့
(ဂ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၃၁-၅-၂၀၁၉ရက်(သောကြာနေ့)၊ ၁၆း၀၀နာရီ
(ဃ) **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ၄-၆-၂၀၁၉ရက်(အင်္ဂါနေ့)၊နံနက် ၁၀း၀၀နာရီ
(င) **တင်ဒါဖွင့်လှစ်မည့်နေရာ** - (က) လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ကျိုင်းတုံမြို့
(ခ) လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊တာချီလိတ်မြို့
(ဂ) လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မိုင်းဆတ်မြို့

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကျိုင်းတုံမြို့၊ ဖုန်း-၀၈၄-၂၁၀၃၁၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တာချီလိတ်မြို့၊ ဖုန်း ၀၈၄-၅၁၀၁၇နှင့် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မိုင်းဆတ်မြို့၊ ဖုန်း-၀၈၄-၆၀၂၁၉တို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

### ဖခင်အမည်မှန်

မိုင်းပျဉ်းမြို့နယ်၊ မိုင်းမန်း အထက တွင် တက္ကသိုလ်ဝင်တန်းတက်ရောက်မည့် မောင်ကျလား၏ ဖခင်အမည်မှန်မှာ ဦးကျထော၁၃/မပတ(နိုင်)၀၃၂၀၉၈ ဖြစ်ကြောင်းနှင့် မောင်ကျလား၏ မွေးသက္ကရာဇ်အမှန်မှာ ၉-၄-၂၀၀၀ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

တောင်သာမြို့၊ ရသစ် အထက ကျောင်း ဆဋ္ဌမတန်းမှ မဆောင်းဝေမိုး၏ ဖခင်အမည်မှန်မှာ ဦးစိုးညွန့် ၉/တသန(နိုင်)၁၂၂၂၄၆ ဖြစ်ပါကြောင်း။ **ဦးစိုးညွန့်**

### အမည်ပြောင်း

မုဒုံမြို့နယ်၊ နိုင်းပြိုင် ကျေးရွာနေ ဦးတင်မိုးခိုင်၏သမီး မဇာခြည်မိုးအား မချမ်းနွန်ဟု ပြောင်းလဲခေါ်ပါရန်။

**မချမ်းနွန်**

### ဖခင်အမည်မှန်

မုဒုံမြို့နယ်၊ ကွေ့ဝမ်းကျေးရွာ၊ အခြေခံပညာ အထက်တန်းကျောင်း နဝမတန်းအောင်မှ မချမ်းနွန်၏ ဖခင်အမည်မှန်မှာ ဦးတင်မိုးခိုင် ဖြစ်ပါကြောင်း။ **ဦးတင်မိုးခိုင်**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ မီးသွေးဘုတ်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၄၆-င)၊ ဦးပိုင်အမှတ် (၆၇/၄)၊ ဧရိယာ ၀ ဒသမ ၀၁ဧက၊ မြေအမျိုးအစား (ယာ)၊ တောင်သူအမည် ဦးထွန်းအောင် ယာမြေကွက်နှင့် ဦးပိုင်အမှတ် (၆၇/၆)၊ ဧရိယာ ၀ ဒသမ ၉၇ဧက၊ မြေအမျိုးအစား (ယာ)တောင်သူအမည် ဦးကျော်ခင် ယာမြေကွက်များသည် တောင်သူအမည်ပေါက် လက်ရှိလုပ်ကိုင်စိုက်ပျိုးလျက်ရှိသော မြေကွက်များဖြစ်ပါသည်။ အဆိုပါမြေကွက်များ၏ ပုံစံ(၇)မူရင်းများအားလုံးတို့သည် ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **ဦးထွန်းအောင်** | **ဦးကျော်ခင်** |
| **၉/တတဥ(နိုင်)၀၂၈၈၆၀** | **၅/ငဇန(နိုင်)၀၂၄၁၂၀** |
| **တောတွင်ရွာ၊ အမရပူရမြို့နယ်** | **မီးသွေးဘုတ်ရွာ၊ စဉ့်ကိုင်မြို့နယ်** |
| **ဖုန်း-၀၉-၇၇၉၃၉၂၉၄၃** | **ဖုန်း-၀၉-၂၀၅၂၉၉၅** |

### မြန်မာကျော်ရင်းနီးမြှုပ်နှံမှုအဖွဲ့ကုမ္ပဏီလီမိတက်(ရုံးချုပ်)တွင် တာဝန်ထမ်းဆောင်ရန် ယာဉ်မောင်းများအမြန်အလိုရှိသည်

၁။ ယာဉ်မောင်း (၂)ဦး (အခြေခံလစာ+ Bonus-၃၀၀၀၀၀ိ/-)

အထက်ဖော်ပြပါယာဉ်မောင်းသည် အသက်(၂၅)နှစ်မှ (၄၀)ကြားရှိသူဖြစ်ရမည်။ မြို့တွင်း/ နယ်ဝေးကျွမ်းကျင်စွာမောင်းနှင်နိုင်သူဖြစ်ရမည်။ Auto/Manual (၂)မျိုးလုံး မောင်းနှင်နိုင်သူဖြစ်ရမည်။ အရက်သေစာသောက်စားခြင်း၊ ကွမ်းစားခြင်း၊ ဆေးလိပ်မသောက်တတ်သူဖြစ်ရမည်။ မရမ်းကုန်း၊ ကမာရွတ်၊ လှိုင်၊ အင်းစိန်မြို့နယ်များမှ လျှောက်ထားသူများအား ဦးစားပေးခန့်အပ်မည်။

စိတ်ပါဝင်စားသူများသည် ကြော်ငြာပါသည့်ရက်မှစ၍ လာရောက်လျှောက်ထားနိုင်ပါသည်။ လျှောက်ထားလိုသူများသည် CV Form တစ်စုံ၊ (၃)လအတွင်းရိုက်ကူးထားသော လိုင်စင်ဓာတ်ပုံ (၂)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ ယာဉ်မောင်းလိုင်စင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူတို့နှင့်အတူ (ရုံးချိန်အတွင်း) အောက်ပါလိပ်စာအတိုင်း အမြန်ဆုံးလာရောက်လျှောက်ထားနိုင်ပါသည်။ အမှတ်(၉၈)၊ အောက်ဗဟိုလမ်းနှင့် မာလာမြိုင် (၇)လမ်းထောင့်၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉-၇၃၂၃၁၀၄၃၊ ၀၉-၄၄၃၂၃၁၀၄၃

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/သပြေကုန်း)၊ ဦးကျော်ညွန့် အမည်ပေါက်မြေကွက်အမှတ်(၄၉၀)ပါမစ်မြေအား ဒေါ်လွဲ့လွဲ့ထွေး (ဘ)ဦးကျော်လူ ၉/ခအဇ(ပြု) ၀၀၀၃၆၂မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊တရားရုံးကျမ်းကျိန်လွှာအမှတ် (၉၅၃/၂၀၁၉)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့် ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/သပြေကုန်း)၊ ဦးကျော်ညွန့် အမည်ပေါက်မြေကွက်အမှတ်(၃၀၀၊၃၀၁)ပါမစ်မြေအား ဒေါ်လွဲ့လွဲ့ခိုင် (ဘ)ဦးကျော်လူ ၉/ခအဇ(ပြု) ၀၀၀၂၁၃မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊တရားရုံးကျမ်းကျိန်လွှာအမှတ် (၉၅၅/၂၀၁၉)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့် ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၃၃/ပေါင်းလောင်း-၃၊ ဦးမြအောင်အမည်ပေါက် မြေကွက်အမှတ်(၁၇၉၁)၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ မြေကွက်အား ဒေါ်သီသီအောင် (ဘ) ဦးအောင်လှိုင် ၁၂/ဒကန(နိုင်)၀၀၈၃၈၄ မှ အရောင်းအဝယ်၊ ဝယ်ယူပိုင်ဆိုင်ကြောင်းကျမ်းကျိန်လွှာ၊ လျှောက်ထားသူ၏ ကိုယ်တိုင်ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်(မူရင်း)များ တင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများခိုင်လုံစွာ တင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ရေတွင်း၊ ရေကန်၊ ပိဋကတ်သုံးပုံ (ပါဠိ၊ မြန်မာ) ဒါယကာကြီး ဦးစိန်(ဗန်းမော်မြို့) A.E(ငြိမ်း)(ဆောက်လုပ်ရေးဝန်ကြီးဌာန) အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၃)ရပ်ကွက်၊ မြသစ္စာလမ်း၊ အမှတ် 7(A)နေ ဒေါ်ခင်တင့်၏ခင်ပွန်း၊ ဒေါ်ခင်မီမီစိန်-ဦးမြင့်ကြူ၊ ဦးသက်အောင်ခင်-ဒေါ်အေးယုယုမင်း၊ ဦးဝေထွဋ်ခင်-ဒေါ်စန္ဒာဝင်း၊ ဒေါက်တာ ခင်အိအိစိန်တို့၏ဖခင်၊ မြေး ခြောက် ယောက်တို့၏အဘိုးသည် ၃-၅-၂၀၁၉ရက်(သောကြာနေ့)မွန်းလွဲ ၁း၃၀ နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၁၉ရက် (တနင်္ဂနွေနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။ ကွယ်လွန်သူအား ရည်စူး၍ ၉-၅-၂၀၁၉ရက်(ကြာသပတေးနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## စိုက်ပျိုးရေးရုံးချုပ် ဝန်ထမ်းဟောင်းများအသင်း ဒေါ်ခင်ထွေး အသက်(၈၄)နှစ်

**လက်ထောက်စာရင်းကိုင်/စစ်(ငြိမ်း)လယ်-စိုက်-ရှင်း အသင်းဝင်နံပါတ်(၀၄၃၂)**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံ လမ်း၊ Golden Link ကွန်ဒိုနေ ဒေါ်ခင်ထွေးသည် ၂-၅-၂၀၁၉ ရက်တွင် ကွယ် လွန်သွားပါသဖြင့် ၄-၅-၂၀၁၉ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

**အလုပ်အမှုဆောင်အဖွဲ့**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကုဋီ ဒါယိကာမကြီး ဒေါ်ကြည်ကြည်ခင်(ခ)ဒေါ်ဝင်းဝင်းစီ အသက်(၆၈)နှစ်

ရန်ကုန်မြို့နေ (ဦးအောင်မင်း)-ဒေါ်အမာကြူတို့၏သမီးကြီး၊ (ဦးမောင်ငယ်-ဒေါ်မြသန်း)တို့၏သမီးချွေးမ၊ လမ်းမတော်မြို့နယ်၊ ၁၀လမ်း၊ အမှတ် ၂၃(တတိယထပ်)နေ [ဦးမျိုးထွန်း(ခ)ဦးဗိုလ်ချုပ်]၏ချစ်လှစွာသောဇနီး၊ ဦးဇော်ဝင်း-ဒေါက်တာကြွယ်ကြွယ်ထွန်း(ကထိက၊ NUAC)၊ ဦးဗိုလ်ဗိုလ်ပြည့်-ဒေါ်သဇင်ထွန်း၊ဦးနေလင်းထွန်း-ဒေါ်ဖြူအိအိဝင်း၊ ဒေါ်သက်သက်ဝေတို့၏ချစ်လှစွာသောမိခင်၊ မဆုဆင့်ဆင့်ထက်၊ မသင်းသန္တာလင်း၊မောင်ကောင်းခန့်ကျော်တို့၏ ချစ်လှစွာသောအဘွားသည် ၄-၅-၂၀၁၉ရက် (စနေနေ့)မွန်းလွဲ ၁း၅၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၅-၂၀၁၉ရက်(တနင်္လာနေ့)မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ နံနက် ၁၀ နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၀-၅-၂၀၁၉ ရက် (သောကြာနေ့) နံနက် ၇နာရီ မှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်

**လိုက်နာဆောင်ရွက်ရန်အချက်များ**

- ❖ အရိပ်ရ၍ အေးမြသောနေရာများတွင်သာ နေပါ။
- ❖ မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် လက်၊ လည်ပင်းနှင့် ပခုံးတို့ကိုပါ လုံခြုံသောအရောင်ဖျော့သည့် ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
- ❖ နေ့ခင်းနေ့လယ်အပြင်သွားပါက ထီး၊ ဦးထုပ်ဆောင်းပါ။ နေကာမျက်မှန် တပ်ဆင်ပါ။
- ❖ ရေများများသောက်ပါ။

**ရှောင်ကြဉ်ရန်အချက်များ**

- ❂ နံနက်(၁၀)နာရီမှ ညနေ(၄)နာရီအတွင်း နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ပါ။
- ❂ ပူပြင်းသည့်နေရောင်အောက်တွင် အလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ပါ။
- ❂ နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းကို ရှောင်ကြဉ်ပါ။
- ❂ ပူပြင်းသောနေရောင်အောက်မှ အလွန်အေးသောအခန်းနှင့် ကားအတွင်းသို့ ချက်ချင်း ဝင်ရောက်ခြင်း၊ အလွန်အေးသော အခန်းနှင့် ကားအတွင်းမှ ပူပြင်းသော နေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းတို့ကို ရှောင်ကြဉ်ပါ။
- ❂ အရက်သေစာသောက်စားခြင်းကိုရှောင်ကြဉ်ပါ။

**အပူဒဏ်အန္တရာယ်အထူးသတိပြုရမည့်သူများ**

- ✻ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ
- ✻ နာတာရှည်ရောဂါရှိသူများ (ဆီးချို၊ နှလုံး၊ သွေးတိုးရောဂါ၊ စိတ်ကျန်းမာရေးချို့ယွင်းသူများ)
- ✻ ကာယလုပ်သားများ၊ အားကစားသမားများ၊ ဝလွန်းသူများ
- ✻ အရက်စွဲသောသူများ၊ မူးယစ်ဆေးသုံးစွဲသူများ

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# အနိစ္စ

## ဒေါ်သိန်းသိန်းမြ(ခ) ပူတူး(သံတွဲမြို့) အသက်(၇၆)နှစ်

သံတွဲမြို့၊ ရွှေဘုံသာလမ်းနေ (ဦးကျော်သိန်း-ဒေါ်ခင်ကြီး)တို့၏သမီး၊ (ဒေါ်ညိုညို)၏တူမ၊ (ဦးတင်ထွန်း၊ မန်နေဂျာ၊ ကုန်သွယ်လယ်ယာ)၏ဇနီး၊ ဦးအောင်ဝင်းထွန်း-ဒေါ်လှလှကြည်၊ (ဦးအောင်ကြည်ထွန်း)-ဒေါ်သန္တာစိုး၊ ဦးအောင်မြင့်ထွန်း-ဒေါ်ခင်ခင်မြင့်တို့၏မိခင်၊ ဒေါ်ခင်ခင်မြ(ဒေါ်ခင်လှမူ)၊ ဒေါ်သိန်းသိန်းကျော်၊ ဒေါ်ခင်မြတ်ထွေးတို့၏အစ်မ၊ မြေးလေးယောက်တို့၏ ဘွားဘွားကြီးသည် ၄-၅-၂၀၁၉ ရက် မွန်းလွဲ ၁း၃၅နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၅-၂၀၁၉ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

[အမှတ်၉၆(ခုနစ်လွှာ)၊ အထက်ပုဇွန်တောင်လမ်းမကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ် နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။]

ကွယ်လွန်သူအား ရည်စူး၍ ၁၀-၅-၂၀၁၉ရက် နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပုဇွန်တောင်လမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယိကာမကြီး ဒေါ်တိုးတိုးလွင်

**[မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း(M.P.P.E)ငြိမ်း]**

**အသက်(၄၃)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်၊အရှေ့ရပ်ကွက်၊ မှန်ရဝေလမ်း၊ အမှတ် ၃၉(လေးလွှာ)နေ ဦးမြလွင်(လက်ထောက်ညွှန်ကြားရေးမှူး၊ အား/ကာ-ငြိမ်း)-ဒေါ်လှလှဝင်း (လက်ထောက်ကထိက၊ငြိမ်း၊ ယဉ်ကျေးမှုတက္ကသိုလ်)တို့၏သမီး၊ (ဒုတိယဗိုလ်မှူးကြီး ဦးတင်လေးအောင်)(ငြိမ်း)-ဒေါ်မြင့်မြင့်တို့၏သမီးချွေးမ၊ ဦးဝင်းထွဋ်အောင်(2[nd] mate F.G)၏ဇနီး၊ မအိမ့်ပန်းမြတ်အောင် (တက္ကသိုလ်ဝင်တန်း-A)၊ အထက(၂) ဗဟန်း၏မိခင်၊ ဒေါ်မိုးမိုးလွင်(Padonma Restaurant)၏ညီမ၊ ဒေါ်စိုးစိုးလွင်၏ အစ်မသည် ၃-၅-၂၀၁၉ ရက် (သောကြာနေ့)ည ၁၁း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၅-၂၀၁၉ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၉-၅-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန်ဖိတ်ကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး ဦးအောင်ကြည်

**ရုံးအုပ်(ငြိမ်း)၊ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း(မိတ္ထီလာ)**

**အသက်(၈၈)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ ကွက်သစ်လမ်း၊ တိုက် ၃ ၊အခန်း ၅၀၅နေ (ဦးထွန်းမင်း-ဒေါ်သိန်းညွန့်)တို့၏သား၊ (ဦးတိုးအောင်-ဒေါ်ခင်ရီမြင့်)တို့၏ညီ၊ ဒေါ်ခင်ချစ်(ပန်းဘဲတန်းမြို့နယ် လျှပ်စစ်-ငြိမ်း)၏ခင်ပွန်း၊ ဒေါ်ဖြူဖြူအောင်၊ ဦးသက်လွင်အောင်တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၄-၅-၂၀၁၉ရက်(စနေနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့တွင်ပင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကွယ်လွန်သူအား ရည်စူး၍ ၈-၅-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း ဦးစိန်သောင်း ဦးစီးအရာရှိ(ငြိမ်း)၊ လဝက အသက်(၈၃)နှစ်

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီးယုခိုင်(ငြိမ်း)(ညွှန်/မှူး၊ ရန်ကုန်တိုင်းဒေသကြီး၊ မြို့ပြနှင့် အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန)-ဒေါ်မူမူအေးတို့၏ ဖခင် ဦးစိန်သောင်းသည် ၃-၅-၂၀၁၉ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**O.T.S(၆၆)မှ သူငယ်ချင်းများနှင့် မိသားစုများ**

## ဟင်္သာတအသင်း ဦးတင်အေး အကြံပေးနာယက ကန်တော့ခံပုဂ္ဂိုလ် တိုင်းအုပ်ချုပ်ရေးမှူး(ငြိမ်း)၊ထွေ/အုပ် အသက်(၈၂)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နေ(ဦးဘသန်း-ဒေါ်စိန်ခင်)တို့၏သား၊ ရွှေဘိုမြို့နေ (ဦးသန်း-ဒေါ်ချစ်မေ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊စော် ဘွားကြီးကုန်းရပ်ကွက်၊ မြကန်သာလမ်း၊ အမှတ် ၁၀၀ နေ ဒေါ်ညွန့်ညွန့်တင်၏ ခင်ပွန်း၊ မောင်စွမ်းရည်ထက်-မအိရွှေစင်တို့၏အဘိုးသည် ၃-၅-၂၀၁၉ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၁၉ရက်ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ၊ အသင်းသားများ လိုက်ပါ ပို့ဆောင်ပါရန် အသိပေးအကြောင်းကြား အပ်ပါသည်။

**အမှုဆောင်အဖွဲ့**
**ဟင်္သာတအသင်း(ရန်ကုန်)**

## အထူးဝမ်းနည်းကြေကွဲခြင်း ဦးတင်အေး တိုင်းအုပ်ချုပ်ရေးမှူး(ငြိမ်း) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အသက်(၈၂)နှစ်

မြန်မာနိုင်ငံ ယမကာထုတ်လုပ်ဖြန့်ဖြူးသူများ အသင်း၏အကြံပေး ဦးတင်အေး [တိုင်းအုပ်ချုပ်ရေးမှူး(ငြိမ်း)၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန]သည် ၃-၅-၂၀၁၉ ရက်(သောကြာနေ့)၊ မွန်းလွဲ ၁၂း၁၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံယမကာထုတ်လုပ်ဖြန့်ဖြူးသူများအသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း (ဦး)သန်းထွဋ်(5[th] Batch IR, University of Yangon) ကထိက၊ ရှေးဟောင်းသုတေသနပညာဌာန၊ ဒဂုံတက္ကသိုလ် အသက်(၄၉)နှစ်

သံယောဇဉ်ကြီးစွာဖြင့် ညီအစ်ကိုရင်းမျှချစ်ခင်ရသော သူငယ်ချင်း (ဦး)သန်းထွဋ် ကွယ်လွန်သွားပါသဖြင့် မိသားစုဝင်အားလုံးနှင့်အတူ ထပ်တူထပ်မျှ အထူးပင်ဝမ်းနည်းကြေကွဲမိပါသည်။

**5[th] Batch, IR မှသူငယ်ချင်းများ**
**(၁၉၉၁-၁၉၉၄)ရန်ကုန်တက္ကသိုလ်**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး ဦးတင်ရှိန်(ခ)ဂူဝန်ရှိ(လက်ပံတန်း)

**B.A(Philosophy)၁၉၇၂-ပုသိမ်ကောလိပ်-ရန်ကုန်တက္ကသိုလ်**

**အသက်(၇၈)နှစ်**

လက်ပံတန်းမြို့နေ(ဦးကြူဝမ်-ဒေါ်ဖွားရင်)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးချစ်ဆွေ-ဒေါ်သန်းရီ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ်(၁၈)နေ ဒေါ်တင်တင်ရီ၏ချစ်လှစွာသောခင်ပွန်း၊ ကိုထွန်းထွန်းလင်း-မစုလှဲ့၊ ကိုမျိုးအောင်-မဇွန်ဝေဝေနိုင် (Doreen)၊ မသန္တာရှိန်(CPW Co,Ltd)တို့၏ဖခင်၊ မအေးငြိမ်းကြည်၊ မမြတ်သာဇာ၊ Jaiden Wu, Ryan Wu တို့၏အဘိုးသည် ၃-၅-၂၀၁၉ရက် (သောကြာနေ့) နံနက် ၇ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၅-၂၀၁၉ရက်(အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးဖူကျန့်တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါ ကြောင်းရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း ဒုတိယဗိုလ်မှူးကြီး သန်းအေး(ငြိမ်း)(ခ)Tommy Than Aye

**စစ်ဦးစီးမှူး၊(ပထမတန်း)တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး ကာကွယ်ရေးဝန်ကြီးဌာန**

**ကြည်း-၁၃၉၁၁၊ စစ်တက္ကသိုလ် အပတ်စဉ်(၁၇)**

**အသက်(၆၆)နှစ်**

ချစ်ခင်လေးစားရပါသော အစ်ကိုကြီး ဒုတိယဗိုလ်မှူးကြီး သန်းအေး(ငြိမ်း)သည် ၂-၅-၂၀၁၉ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဒေါ်အိအိခိုင်**
**(သား) မောင်အေးချမ်းဗိုလ်( 2[nd] Officer, F.G)**
**ဗိုလ်ကြီးစိုးပြည့်စုံမောင်**

## ဦးဟင်္သာညွန့်(CDC-20462) အလက(၅)၊ အထက(၁)ရန်ကင်း အသက်(၆၀)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၂)ရပ်ကွက်၊ တိုက် ၂၇၅၊ အခန်း ၇ နေ (ဦးမျိုးညွန့်-ဒေါ်စန်းမြင့်)တို့၏သား၊ ဦးကိုကိုနိုင်-ဒေါ်သီဂီညွန့်(ခ)ဒေါ်သီဂီသန်း၊ ဦးအောင်အောင်ညွန့်(ခ)ဦးအောင်အောင်ကျော်၊ (ဦးသူရိန်ညွန့်)-ဒေါ်မူမူသွင်၊ ဒေါ်သူဇာညွန့်၊ ဒေါ်ကျော့ကေသွယ်တို့၏မောင်၊ ညီ၊ အစ်ကို၊ တူ၊တူမတို့၏ဦးလေးသည် ၃-၅-၂၀၁၉ရက် (သောကြာနေ့)ညနေ ၃ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၁၉ရက်(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက် ၉း၁၅နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ခရစ်တော်၌အိပ်ပျော်ခြင်း ဦးစောဆာဘွယ်မှူး နိုင်ငံခြားရေးဝန်ကြီးဌာန၊ ယာဉ်မောင်း-၄ အသက်(၄၂)နှစ်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ မင်္ဂလာသိဒ္ဓိရပ်ကွက်၊ ပိတောက်မြိုင်လမ်း၊ ကံ့ ကော်အိမ်ရာ၊ တိုက် ၂၄၈၊ အခန်း၀၁နေ(ဦးစောဟောလစ်)-ဒေါ်နော်လှခင်တို့၏သား၊ ဦးတင်လှိုင်-နော်သလေးဖော၊ဦးစောဂျွန်ဟားဝဒ်ညွန့်-နော်ဖောထိုကီထူး၊ ဦးစောတို့ထူး-နော်စေးခူတို့၏မောင်၊ဦးစောဆာမူထော်-နော်အယ်ဂေဖောတို့၏ညီ၊ ဒေါ်စန်းယုမော်(ဒုတိယညွှန်ကြားရေးမှူး၊ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌရုံးအဖွဲ့)၏ခင်ပွန်း၊ စောမှူးကပေါ်၊ နော်ဂရေ့စ်ဘွယ်မှူး၊ နော်ဘလက်စင်ဘွယ်မှူးတို့၏ဖခင်သည် ၃-၅-၂၀၁၉ရက် ည ၈း၄၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၅-၅-၂၀၁၉ရက် မွန်းလွဲ ၁၂း၃၀နာရီတွင် နေအိမ်မှ ကွေ့ကြီး ခရစ်ယာန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီး ရပ်ဝေးမှဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း ဦးစောဆာဘွယ်မှူး အသက်(၄၂)နှစ်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ မင်္ဂလာသိဒ္ဓိရပ်ကွက်၊ ပိတောက်မြိုင်လမ်း၊ ကံ့ကော်အိမ်ရာ၊ တိုက်(၂၄၈)၊ အခန်း(၀၁)နေ ဒေါ်စန်းယုမော်(ဒုတိယညွှန်ကြားရေးမှူး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကရုံးအဖွဲ့)၏ချစ်လှစွာသော ခင်ပွန်းသည် ၃-၅-၂၀၁၉ရက် ည ၈း၄၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌရုံးအဖွဲ့ဝန်ထမ်းမိသားစုများ**
**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀တိုးချဲ့၊ မြေကွက်အမှတ် ၁၁၂၊ မြေကွက်တည်နေရာအမှတ် ၁၁၂၊ ပတ္တမြားလမ်း၊ ၁၀တိုးချဲ့ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဒေါ်ကြူကြူတင် ၉/မထလ(နိုင်)၀၄၀၉၁၄အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ကြူကြူတင်(ဇနီး)ကွယ်လွန်သဖြင့် ခင်ပွန်းဖြစ်သူ ဗိုလ်မှူးချုပ်သန်းထွန်း(ငြိမ်း) ၉/မထလ(နိုင်)၀၄၁၂၉၈မှ ဒေါ်ကြူကြူတင်အမည်ပေါက်မြေကွက် အကျိုးခံစားခွင့်တို့သည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ သက်ရှိထင်ရှားကျန်ရစ်သူခင်ပွန်းသာလျှင် ဆက်ခံ ခံစားခွင့်ရှိသူဖြစ်ကြောင်း၊ မိမိမှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိသည်မှာမှန်ကန်ပါကြောင်း ကျမ်းကျိန်လွှာနှင့် ဦးသန့်ဇင် ၁၂/တမန(နိုင်)၀၄၆၆၇၃နှင့် ဒေါ်ဝင်းသန်း ၁၂/တမန(နိုင်)၀၂၂၉၈၅တို့မှ ဒေါ်ကြူကြူတင်အမည်ပေါက်မြေကွက် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရ သက်ရှိထင်ရှားကျန်ရစ်သူခင်ပွန်းသာလျှင် အမွေဆက်ခံခံစားခွင့်ရှိသူဖြစ်ကြောင်း၊ ၄င်းမှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိသည်မှာ မှန်ကန်ပါကြောင်း ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်း၊ သန်းခေါင်စာရင်းနှင့် နှစ် ၆၀ မြေငှားစာချုပ်ဂရန်မူရင်းတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား ကွင်းဆင်းစစ်ဆေးရာ နှစ်ထပ်အုတ်ကာ၊ သွပ်မိုးအဆောက်အအုံတစ်လုံးရှိပြီး ကိုယ်တိုင်နေထိုင်ပါသည်။ သို့ပါ၍ ဗိုလ်မှူးချုပ်သန်းထွန်း(ငြိမ်း)မှ ဒေါ်ကြူကြူတင်အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန်မူရင်းတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဦးကြည်မြင့်(ခ)ဦးကြီးမြင့် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး(ငြိမ်း) အသက်(၆၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ နတ်စင်ကုန်း(စံပြ)ကျေးရွာနေ ဦးလှခိုင်-ဒေါ်အုန်းတင်တို့၏သား၊ မြို့သစ်ရပ်ကွက်နေ ဦးဘမော်-ဒေါ်တင်ကြည်တို့၏သားသမက်၊ မအိမြတ်မွန်(အထက-ကော့မှူး)၊ မဇာခြည်ထွေး(ရန်ကုန်ရ/သုံးဦးစီးဌာန)၊ မအိသိမ့်သိမ့်အောင်(ခတ်ခွဲကျွမ်းကျင်-၃)၊ (မွေး/ကုနေပြည်တော်)၊ ဗိုလ်ကြီးဟိန်းမြတ်ကို၊ မနေခြည်ဥဒနွေး(ကော့မှူးမြို့နယ်တရားရုံး)တို့၏ဖခင်၊ ဒေါ်ရင်မြ(မူအုပ်-ငြိမ်း)၏ချစ်လှစွာသောခင်ပွန်းသည် ၂-၅-၂၀၁၉ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁၂း၁၀နာရီတွင် ကော့မှူးမြို့ နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၆-၅-၂၀၁၉ရက်(တနင်္လာနေ့)တွင် ကော့မှူးမြို့နယ် သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၈-၅-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့)တွင် ကော့မှူးမြို့၊ မြို့သစ်ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ [ဦးကြည်မြင့်(ခ)ဦးကြီးမြင့်]-ဒေါ်ရင်မြတို့၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွ ရောက်ပါရန်ဖိတ်ကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် သဲကုန်း- ညောင်အိုင်ပန်းတာသစ် အပြီးသတ်တည်ဆောက်မှု ကြည့်ရှုစစ်ဆေး



ဒုတိယ သမ္မတဦးဟင်နရီဗန်ထီးယူ ဧရာဝတီဟသ်ာတ တာ ဇလွန်မြို့နယ်အပိုင်း သဲကုန်း- ညောင်အိုင်ပန်းတာသစ် အပြီးသတ်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

**နေပြည်တော် မေ ၄**

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူသည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ ဒုတိယဝန်ကြီး ဦးလှကျော်နှင့် ဦးကျော်မျိုး၊ တာဝန်ရှိသူများနှင့်အတူ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေကျပ် ၉၉၀ ဒသမ ၈၆၈ သန်းဖြင့် တည်ဆောက်နေသည့် ဧရာဝတီဟသ်ာတ တာ ဇလွန်မြို့နယ်အပိုင်း သဲကုန်း- ညောင်အိုင်ပန်းတာသစ် အပြီးသတ်တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့နံနက်ပိုင်းတွင် ဇလွန်မြို့သို့ ရောက်ရှိရာ ဇလွန်မြို့ မြတ်ဇလွန်ခန်းမ၌ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန

စာမျက်နှာ ၄ ကော်လံ ၁ ❖

## မုန်တိုင်းငယ်လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ အားလျော့နိုင်

**နေပြည်တော် မေ ၄**

ယနေ့ည ၁၀ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ မဂ္ဂါလေရာ ပြည်နယ်အနီးတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ မဂ္ဂါလေရာပြည်နယ် ဂူဝါဟာတီမြို့ အနောက်တောင်ဘက် မိုင် ၈၀ ခန့်၊ ရှီလောင်းမြို့အနောက်တောင်ဘက် ၇၅ မိုင်ခန့် အကွာတွင် တည်ရှိနေပါသည်။ အဆိုပါ မုန်တိုင်းငယ်သည် အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

မုန်တိုင်းငယ်သည် အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီး နောက် ၁၂ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ အားလျော့နိုင်မည်ဟု ခန့်မှန်းရပါသည်။

အဆိုပါ မုန်တိုင်းငယ်၏အရှိန်ကြောင့် မေ ၄ ရက်မှ မေ ၅ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာအနှံ့အပြား ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

အဆိုပါ မုန်တိုင်းငယ်၏ အရှိန်ကြောင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## နိုင်ငံတော်အစိုးရ ပြည်သူ့အတွက် တတိယ(၁)နှစ်တာ အချုပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ (၁)နှစ်တာအဖြစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် မွန်ပြည်နယ် အစိုးရအဖွဲ့တို့၏ တတိယ (၁)နှစ်တာ ဆောင်ရွက်ချက်များကို အချုပ်ပိုရှစ်မျက်နှာဖြင့် ဖော်ပြထားပါသည်။

## လက်ရှိချန်ပီယံရန်ကုန် အိမ်ကွင်း၌ နိုင်ပွဲပျောက်ဆုံး

**ရန်ကုန် မေ ၄**

၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် ၁၀ ပထမနေ့ကို ယနေ့ညနေပိုင်းက ကျင်းပရာ လက်ရှိချန်ပီယံ ရန်ကုန်အသင်း နိုင်ပွဲပျောက်ဆုံးခဲ့သည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်အသင်းနှင့် စစ်ကိုင်းအသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။ လက်ရှိချန်ပီယံ ရန်ကုန်အသင်း၏ နိုင်ပွဲဆက်မှုရပ်တန့်ခဲ့ရပြီး ခြေစွမ်းမပြနိုင်မှုနှင့်အတူ နိုင်ပွဲပါ ပျောက်ဆုံးခဲ့ခြင်းဖြစ်သည်။ ပွဲစဉ် (၉) တွင် မကွေးကို မထင်မှတ်ဘဲ အရေးနိမ့်ခဲ့သည့် စစ်ကိုင်းအသင်းသည် ယခုပွဲတွင် ပုံစံကောင်းပြသနိုင်ခဲ့ပြီး ၇၈ မိနစ်တွင် ပေးလိုက်ရသည့်ဂိုးကြောင့် သရေကျခဲ့ခြင်းဖြစ်သည်။



ရန်ကုန်နှင့် စစ်ကိုင်းအသင်း အကြိတ်အနယ်ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-ဖိုးသော်ဇင်

ရန်ကုန်အသင်းသည် ပွဲပယ်ခံထားရသည့် မီလာ၊ ကျော်ဇင်ထက်၊ မင်းကျော်ခန့်၊ ဒဏ်ရာရနေသည့် သန်းပိုင်၊ ပြည့်ဖြိုးဇော်တို့မှလွဲ၍ ကျန်ကစားသမားများဖြင့် ယှဉ်ပြိုင်ခဲ့ပြီး စစ်ကိုင်းအသင်းမှာလည်း နိုင်ငံခြားသား ကစားသမားသုံးဦးကို အမာခံထားကာ ပွဲထွက်ခဲ့သည်။ ရန်ကုန်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားပြီး ၂ မိနစ်တွင် မောင်မောင်လွင်၏ အပိုင်ကန်သွင်းမှုဂိုးမဝင်ခဲ့၍ နစ်နာခဲ့ရသည်။ နောက်ပိုင်းတွင် စစ်ကိုင်းအသင်းက ရန်ကုန်တိုက်စစ်ကို အကောင်းဆုံးထိန်းချုပ်နိုင်ခဲ့ပြီး ဂိုးသွင်းခွင့်များပြန်လည်ရရှိခဲ့သည်။ ၂၃ မိနစ်တွင် စစ်ကိုင်းအသင်း ဦးဆောင်ဂိုးရခဲ့ပြီး ဖရိုင်းဒေးက ပြစ်ဒဏ်ဘောကို တိုက်ရိုက်ကန်သွင်းခဲ့ခြင်းဖြစ်သည်။

ယင်းနောက်ပိုင်းတွင် စစ်ကိုင်းအသင်း ဂိုးထပ်ရနိုင်သည့်အခွင့်အရေးများ ရသော်လည်း ဒိုနယ်အသုံးမချနိုင်၍ နစ်နာခဲ့ရသည်။ ဒုတိယပိုင်းတွင် ရန်ကုန်အသင်းက ချေပဂိုးရရန် တိုက်စစ်အားမြှင့်လာပြီး ၆၇ မိနစ်တွင် ဆယ်လာ

စာမျက်နှာ ၁၂ ကော်လံ ၄ ❍

GRAND HANTHA INTERNATIONAL HOSPITAL

စင်္ကာပူနိုင်ငံမှ
အရိုး၊ အကြော၊ အဆစ် ခွဲစိတ်အထူးကုဆရာဝန်ကြီး
Dr. Chin Pak Lin
M.B.,B.S (Singapore), MRCSEd, M.Med (Ortho), FRCSEd (Ortho)
(၁၀.၅.၂၀၁၉)နှင့် (၁၁.၅.၂၀၁၉) နေ့များတွင်
နံနက် (၉း၃၀)နာရီမှစ၍

စင်္ကာပူနိုင်ငံမှ
ထိခိုက်ဒဏ်ရာနှင့် အရိုး အကြော အဆစ် ကျောရိုး ခွဲစိတ်အထူးကုဆရာဝန်ကြီး
Dr. Mohd Mashfiqul Arafin Siddiqui (Dr. Mash)
MBBS (Singapore), MRCS (Edinburgh), MMED (Ortho), FRCS (Edinburgh),
FAMS (Orthopaedic Surgery), Spine Specialist
(၁၇.၅.၂၀၁၉)နှင့် (၁၈.၅.၂၀၁၉) နေ့များတွင် နံနက် (၉း၃၀)နာရီမှစ၍

ဂရန်း(ဒ်)ဟံသာအင်တာနေရှင်နယ်ဆေးရုံကြီးတွင် ပြင်ပလူနာများကို တိုင်ပင်ဆွေးနွေး ကုသပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

အမှတ် (၃)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ✆ 01 231 7617, 01 523 000, 01 523 111

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာ

မြန်မာ့အလင်း
တနင်္ဂနွေ၊ မေ ၅၊ ၂၀၁၉

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ သုံးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ သုံးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ တတိယ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

## ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ထား ဆောင်ရွက်နေသည့် ရှမ်းပြည်နယ်

ဆောင်းပါး - ရှင်မင်း၊ ဓာတ်ပုံ - အေးသန်း




၇-၂-၂၀၁၉ ရက်က ကျင်းပသည့် (၇၂)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမှာစကားပြောကြားစဉ်။

**တောင်စဉ်တောင်တန်းများကို တောင်ခိုးတောင်ငွေ့တဝေဝေဖြင့် ရှုမောဖွယ်တွေ့မြင်နိုင်သော ရှမ်းပြည်နယ်သည် မြန်မာနိုင်ငံ၏ အရှေ့ဘက်ခြမ်းတွင်တည်ရှိပြီး ဧရိယာစတုရန်းမိုင်ပေါင်း ၆၁၀၉၀ ကျယ်ဝန်းကာ တိုင်းဒေသကြီးနှင့် ပြည်နယ်များထဲတွင် အကြီးဆုံးပြည်နယ်ကြီးတစ်ခုဖြစ်သည်။**

တောင်တန်းများကြောင့် မြေမျက်နှာပြင်သည် လှိုင်းအသွင် နိမ့်တုံမြင့်တုံဖြင့် တစ်မျိုးဆန်းသစ်နေပေသည်။ ထိုကဲ့သို့ တောင်စဉ်တောင်တန်းများကြောင့် ရှမ်းကုန်းမြေမြင့်ဟု ခေါ်ဆိုကြသေးသည်။

ရှမ်းတောင်တန်းများသည် နီးကပ်စွာ တည်ရှိမနေဘဲ တောင်တန်းတစ်ခုနှင့်တစ်ခုအကြားတွင် မြေပြန့်မြေပြင်ကျယ်များတည်ရှိပြီး ထိုမြေပြန့်များတွင် မြို့ရွာများ တည်ထောင် နေထိုင်ကြသည်။ ရှမ်းပြည်နယ်သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတစ်ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေးခု၊ ခရိုင် ၁၃ ခု၊ မြို့နယ် ၅၅ မြို့နယ်၊ မြို့ ၈၆ မြို့၊ ရပ်ကွက်ပေါင်း ၅၃၁ ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း ၁၅၄၅ အုပ်စု၊ ကျေးရွာပေါင်း ၁၃၄၆၉ ရွာဖြင့် ဖွဲ့စည်းတည်ရှိပြီး လူဦးရေ ၅၈ သိန်းကျော် မှီတင်းနေထိုင်လျက်ရှိသည်။

ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ပြည်နယ်ဘက်စုံ၊ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် လယ်ယာကဏ္ဍအဆင့်မြှင့်တင်နိုင်ရေး၊ လမ်း၊ တံတားများ တည်ဆောက်ပေးနိုင်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ ပြည်သူများ၏ အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပညာရေး၊ ကျန်းမာရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး စသည့် လုပ်ငန်းများကို ဟန်ချက်ညီ ဖွံ့ဖြိုးရန်အတွက် ပြည်နယ်အစိုးရအဖွဲ့မှ ဆောင်ရွက်လျက်ရှိသည်။

ရှမ်းပြည်နယ်၏ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက် စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက် ဈေးနှုန်းများအရ ငွေကျပ် ၆၁၈၅၃၉ ဒသမ ၂ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းများ အရ ၇ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ရန် ပြည်နယ်အစိုးရအနေဖြင့် ရည်မှန်းဆောင်ရွက်ခဲ့သည်။

"ရှမ်းပြည်နယ်ရဲ့ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် နှစ်စဉ် စီမံကိန်းရည်မှန်းချက် စုစုပေါင်း ထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက် ဈေးနှုန်းတွေအရ ငွေကျပ် ၁၉၂၉၅၈၄ ဒသမ ၆ သန်း အကောင်အထည်ဖော်ဖို့နဲ့ ပုံမှန်ဈေးနှုန်းတွေအရ ၅ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ရည်မှန်းခဲ့ပြီး စက်တင် ဘာလကုန်အထိ ငွေကျပ် ၂၀၀၇၃၅၆ ဒသမ ၄ သန်း ရရှိခဲ့တဲ့အတွက် စီမံကိန်းရည်မှန်းချက်အပေါ် ၁၀၄ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။ ပုံမှန်ဈေးနှုန်းတွေအရ ၇ ဒသမ ၈ ရာခိုင် နှုန်း တိုးတက်ခဲ့ပါတယ်"ဟု ပြည်နယ်အစိုးရ၏ စီမံကိန်းချမှတ် အကောင်အထည်ဖော်မှုနှင့် စပ်လျဉ်း၍ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ပြောသည်။

***အချပ်ပို(ခ)သို့***



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်





၆-၂-၂၀၁၉ ရက်က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သံလွင်မြစ်ကူးတံတား(တာဆန်း) တည်ဆောက်ရေးစီမံကိန်း ပန္နက်တော်တင်နှင့် တွင်းတော်ဝန်းမင်္ဂလာအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

*အချပ်ပို (က)မှ*

**လယ်ယာကဏ္ဍဖွံ့ဖြိုးရေး**

ပြည်နယ်အစိုးရအနေဖြင့် ၎င်းတို့ တာဝန်ယူဆောင်ရွက်ခဲ့သည့် သုံးနှစ်တာကာလအတွင်း လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်ခဲ့ရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူ ၁၃၀၀၀၀ ကျော်အတွက် ချေးငွေ ငွေကျပ် သန်းပေါင်း ၇၅၀၀၀ ကျော် ထုတ်ချေးပေးနိုင်ခဲ့သည်။

ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးချေးငွေအစီအစဉ်ဖြင့် လယ်သာသုံး စက်ကိရိယာ အစီးရေ ၁၄၉ စီး၊ ချေးငွေပမာဏ ငွေကျပ်သန်းပေါင်း ၆၀၀၀ ကျော် ထုတ်ချေးပေးနိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် တောင်သူလယ်သမားများ ဝင်ငွေ ပိုမိုတိုးတက်ရရှိရေးရည်ရွယ်၍ ကုန်းမြင့်ဒေသ လယ်ယာမြေဖော်ထုတ်ရေး စီမံကိန်းများကို (၃)နှစ်တာကာလအတွင်း ဟိုပုံးမြို့နယ် လဲသက်ကျေးရွာအုပ်စု ညောင်လေးခွကျေးရွာနှင့် ထီဗွာကျေးရွာ၊ ကျိုင်းတုံမြို့နယ် လွယ်မွေကျေးရွာအုပ်စု နောင်လုံကျေးရွာနှင့် နောင်ချိုကျေးရွာ၊ ကွတ်ခိုင်မြို့နယ် လွယ်ခမ်းကျေးရွာအုပ်စု ပန်တာကျေးရွာတို့တွင် စုစုပေါင်းဧက ၆၀၀ ကို ဖော်ထုတ်ဆောင်ရွက်နိုင်ခဲ့သည်။

ထို့ပြင် ပြန်လည်စွန့်လွှတ်မြေ ဧရိယာ စုစုပေါင်း ၃၀၈၃၁ ဒသမ ၆၈ ဧကအနက် ၂၉၅၇၂ ဒသမ ၅၇၆ ဧကကို တောင်သူများထံ ပြန်လည်လွှဲပြောင်း ပေးအပ်နိုင်ခဲ့ပြီး လွှဲပြောင်းရန် ကျန်ရှိသော ဧရိယာ ၁၂၁၈ ဒသမ ၁၇၂ ဧကကို တောင်သူများလက်ဝယ် အမြန်ပြန်လည်ပေးအပ်နိုင်ရေးအတွက် စိစစ်ဆောင်ရွက်ပေးလျက်ရှိသည်။ မြေပြင်စိစစ် လျှော့နည်းဧရိယာမှာ ၄၀ ဒသမ ၉၄ ဧကဖြစ်ကြောင်း ပြည်နယ်အစိုးရအဖွဲ့မှ သိရှိရသည်။

**ရေတိုက်စားမှုကာကွယ်ရေး**

ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် စိုက်ပျိုးသီးနှံများ တိုးတက်အောင်မြင်စွာ စိုက်ပျိုးနိုင်ရေးအတွက် လယ်ယာမြေများသို့ ရေပေးဝေရေးနှင့် သဘာဝဘေးအန္တရာယ်ဖြစ်သော ရေကြီးရေလျှံမှုများ ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

တာတမံများ တည်ဆောက်ခြင်း၊ ရေနုတ်မြောင်းများဖောက်လုပ်ခြင်း၊ ရေလှောင်တမံများဆောက်လုပ်ခြင်း၊ စိမ့်စမ်းရေသွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မြေအောက်ရေတူးဖော်ခြင်းနှင့် ရေတံခါးဆောက် လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့မှုကြောင့် (၃)နှစ်တာကာလအတွင်း စိုက်ပျိုးဧရိယာဧက ၁၈၉၇၄၀ ကို အကျိုးဖြစ်ထွန်းခဲ့သည်။

ရေခက်ခဲရှားပါးသော ဒေသများတွင် ရေရရှိရေးအတွက် ဆောင်ရွက်လျက်ရှိရာ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာ ၁၇ ရွာရှိ လူဦးရေ ၁၉၂၂၅ ဦးအတွက် စက်ရေတွင်းများ တူးဖော်သွားမည်ဖြစ်သည်။

**မွေးမြူထုတ်လုပ်မှုကဏ္ဍ**

ရှမ်းပြည်နယ်တွင် ဒေသတွင်းစားသုံးမှုဖူလုံရေးအတွက် အသားကဏ္ဍ မွေးမြူထုတ်လုပ်မှုကို အလေးထားဆောင်ရွက်လျက်ရှိရာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအစီအစဉ်အရ မြစိမ်းရောင်(အသားကဏ္ဍ) မွေးမြူရေးကျေးရွာများ ထူထောင်၍ မွေးမြူရေးတိရစ္ဆာန်များ ဖြန့်ဖြူးပေးလျက်ရှိသည်။

ထို့ပြင် မူဆယ်မြို့နယ်မှ တရုတ်နိုင်ငံသို့ တရားဝင် ကျွဲ၊ နွား အရှင်တင်ပို့ခြင်း လုပ်ငန်းကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်အထိ ကုမ္ပဏီပေါင်း ၃၅၆၄ ခုမှ နွားအရှင် ၁၁၃၈၉၇ ကောင်နှင့် ကျွဲအရှင် ၄၂၂၈၆ ကောင် စုစုပေါင်း ၁၅၆၁၈၃ ကောင်၊ အမေရိကန်ဒေါ်လာ ၄၃၁ ဒသမ ၆၂၇ သန်း တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

**ပညာရေးကဏ္ဍ**

ရှမ်းပြည်နယ်အတွင်း အခြေခံပညာ စာတတ်မြောက်မှု ရာခိုင်နှုန်းမှာ ၇၃ ဒသမ ၄၂ ရာခိုင်နှုန်းဖြစ်သည့်အတွက် ပညာရေးကဏ္ဍ တိုးတက်မြင့်မားရေးကို ပြည်နယ်အစိုးရအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ပြည်နယ်အတွင်း စာတတ်မြောက်မှုရာခိုင်နှုန်း တိုးတက်လာရန်အတွက် (၃)နှစ်တာ ကာလအတွင်း စာတတ်မြောက်ရေးလှုပ်ရှားမှုအဖြစ် တောင်ကြီး၊ ဟိုပုံး၊ ညောင်ရွှေ၊ ကလော၊ ဆီဆိုင်၊ ရွာငံ၊ ရပ်စောက်၊ ပင်လောင်း၊ ဖယ်ခုံနှင့် ပင်းတယ မြို့နယ်များမှ ကျောင်းသား ကျောင်းသူများ၊ ဆရာ၊ ဆရာမများ ၂၆၈၃ ဦးက စာဖတ်ဝိုင်း ၂၅၀၄ ဝိုင်းနှင့် စာသင်သား ၂၆၉၇၂ ဦးကို စာသင်ကြားပေးနိုင်ခဲ့သည်။ ထို့အပြင် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများနှင့် ဝင်ငွေတိုး သက်မွေးလုပ်ငန်းသင်တန်း ဖွင့်လှစ်သင်ကြားပေးခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

*အချပ်ပို(ဂ)သို့*

**တောင်သူလယ်သမားများ ဝင်ငွေ ပိုမိုတိုးတက်ရရှိရေး ရည်ရွယ်၍ ကုန်းမြင့်ဒေသ လယ်ယာမြေ ဖော်ထုတ်ရေး စီမံကိန်းများကို (၃)နှစ်တာ ကာလအတွင်း ဟိုပုံးမြို့နယ် လဲသက်ကျေးရွာအုပ်စု ညောင်လေးခွကျေးရွာနှင့် ထီဗွာ ကျေးရွာ၊ ကျိုင်းတုံမြို့နယ် လွယ်မွေကျေးရွာ အုပ်စု နောင်လုံကျေးရွာနှင့် နောင်ချိုကျေးရွာ၊ ကွတ်ခိုင်မြို့နယ် လွယ်ခမ်းကျေးရွာ အုပ်စု ပန်တာကျေးရွာတို့တွင် စုစုပေါင်းဧက ၆၀၀ ကို ဖော်ထုတ် ဆောင်ရွက်နိုင်ခဲ့**



၁၂-၁-၂၀၁၉ ရက်က တောင်ကြီးခရိုင် ရပ်စောက်မြို့နယ် အလည်ချောင် ကျေးရွာအုပ်စု ရွာမ၊ ရွာသစ်၊ ဖောင်းပြားကျေးရွာ လျှပ်စစ်မီးဖွင့်ပွဲကို အလည်ချောင်ကျေးရွာ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ(၃)နှစ်တာ





၃-၃-၂၀၁၉ ရက်က လက်ဖက်ထုတ်ကုန်ပစ္စည်းများပြပွဲ ကျင်းပသည့် ရှမ်းပြည်နယ် လားရှိုးခရိုင် တန့်ယန်းမြို့နယ် ခိုယောင်းကျေးရွာအုပ်စုရှိ ရွှင်ချမ်းလုံကုမ္ပဏီပိုင် ဂျီအေပီ အသိအမှတ်ပြုလက်မှတ်ရ လက်ဖက်ခြံအတွင်း ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လှည့်လည်ကြည့်ရှုအားပေးစဉ်။

အချပ်ပို(ခ)မှ

ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှုအနေဖြင့် ဂျပန်နိုင်ငံ နီပွန်ဖောင်ဒေးရှင်းမှ ရှမ်းပြည်နယ်(တောင်ပိုင်း) စီမံကိန်းဝင် ၁၀ မြို့နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) စီမံကိန်းဝင် ၁၀ မြို့နယ်တို့တွင် နှစ်စဉ်ကျောင်းသစ် ၁၀ ကျောင်းစီ ဆောက်လုပ်ပေးရာမှ (၃)နှစ်တာကာလအတွင်း ရှမ်းပြည်နယ်(တောင်ပိုင်း) တွင် ကျောင်း ၂၀ နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ၁၀ ကျောင်း စုစုပေါင်းကျောင်းပေါင်း ၃၀ ဆောက်လုပ်ပေးခဲ့သည်။ ကျောင်းဆောင်သစ်များတွင် စာသင်ခုံများ၊ သန့်စင်ခန်းများနှင့် ရေလှောင်အုတ်ကန်များကိုပါ ထည့်သွင်းဆောင်ရွက်ပေးခဲ့သည်။

**ကျန်းမာရေးကဏ္ဍ**

ရှမ်းပြည်နယ်အတွင်း နေထိုင်ကြသော ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၃)နှစ်တာကာလအတွင်း ဆေးရုံနှင့် ကျန်းမာရေးဌာနပေါင်း ၁၃၄၆ ခု ဖွင့်လှစ် ကုသပေးလျက်ရှိသည်။

ယခင်က ဆရာဝန်နှင့် လူဦးရေ အချိုးအစား ၁ အချိုး ၈၁၆၂ ရှိခဲ့ရာမှ ၁ အချိုး ၈၂၇၃ အထိ တိုးတက်လာခဲ့သည်။ အခမဲ့ကျန်းမာရေး ကွင်းဆင်းကုသပေးမှုအနေဖြင့် အကြိမ်ပေါင်း ၄၁၀ ကွင်းဆင်းကာ လူနာပေါင်း ၆၂၅၄၅ ဦး ကွင်းဆင်းကုသပေးနိုင်ခဲ့သည်။

လူနာများ ဆေးရုံတက်ရောက်ကုသမှု လွယ်ကူချောမွေ့ရေးအတွက် ရှမ်းပြည်နယ်အတွင်း ခုတင် ၂၀၀ နှင့်အထက် ဆေးရုံကြီးများဖြစ်သော တောင်ကြီးမြို့ စဝ်စံထွန်း ဆေးရုံကြီး၊ အမျိုးသမီးနှင့် ကလေးဆေးရုံကြီး၊ လွိုင်လင်ခုတင် ၂၀၀ ဆံ့ ဆေးရုံကြီးများတွင် Reception Center များဖွင့်လှစ်ပြီး ဆေးလူမှုဆက်ဆံရေးအရာရှိ၊ ဆေးလူမှုဆက်ဆံရေးမှူးများမှ ကူညီဆောင်ရွက်ပေးနိုင်ရေး ဦးစားပေး ဆောင်ရွက်လျက်ရှိသည်။

ရှမ်းပြည်နယ်အတွင်း ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးရေးကိုရည်ရွယ်၍ နိုင်ငံတကာ အဖွဲ့အစည်းတစ်ခုဖြစ်သော ICRC မှ ကျိုင်းတုံမြို့ ပြည်သူ့ဆေးရုံကြီးတွင် ငွေကျပ် သန်း ၁၈၀၀ ဖြင့် ခုတင် ၄၀ ဆံ့ ပြန်လည်သန်စွမ်းရေးဆေးကုသဌာနကို တည် ဆောက်ပေးခဲ့ရာ ၂၀၁၇ ခုနှစ် မတ်လ ၈ ရက်တွင် စတင်ဖွင့်လှစ် အသုံးပြုလျက်ရှိသည်။

ထို့အပြင် ဂျပန်နိုင်ငံ JICA အဖွဲ့အစည်းမှ ထည့်ဝင်ငွေကျပ်သန်း ၈၃၄၀ နှင့် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၁၈၉၅ သန်းဖြင့် လားရှိုးမြို့ ပြည်သူ့ဆေးရုံကြီးတွင် နှစ်ထပ် လူနာဆောင်တစ်ဆောင်နှင့် ရင်ခွဲရုံတစ်ရုံတို့ကို ဆောက်လုပ်အသုံးပြုလျက်ရှိသည်။

**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး**

ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည့် လျှပ်စစ်ဓာတ်အားရရှိရေးကို ပြည်နယ်အစိုးရအနေဖြင့် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်နိုင်မှုကြောင့် ပြည်နယ်အတွင်း ကျေးရွာပေါင်း ၁၃၇၈၂ ရွာ၊ အိမ်ထောင်စု ၁၁၆၉၈၈၄ ရှိသည့်အနက်မှ ၂၀၁၆ ခုနှစ်တွင် ဓာတ်အားစနစ်မှ မီးလင်းပြီး ကျေးရွာ ၁၁၃၉ ရွာ ရာခိုင်နှုန်းအားဖြင့် ၈ ဒသမ ၂၆ ရာခိုင်နှုန်း၊ ၂၀၁၇ ခုနှစ်တွင် ဓာတ်အားစနစ်မှ မီးလင်းပြီး ကျေးရွာ ၁၄၆၂ ရွာ ရာခိုင်နှုန်းအားဖြင့် ၁၀ ဒသမ ၆၁ ရာခိုင်နှုန်း၊ ၂၀၁၈ခုနှစ်တွင် ဓာတ်အားစနစ်မှ မီးလင်းပြီး ကျေးရွာ ၁၇၇၇ ရွာ ရာခိုင်နှုန်းအားဖြင့် ၁၂ ဒသမ ၈၉ ရာခိုင်နှုန်း လျှပ်စစ်ဓာတ်အားရရှိခဲ့သည်။

“၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ လျှပ်စစ်မီးသုံးစွဲသူဦးရေ ၃၃၀၀၀၀ ကျော် ရှိခဲ့ရာကနေ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ လျှပ်စစ်မီးသုံးစွဲသူ ၃၅၀၀၀၀ ကျော်၊ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်မှာ လျှပ်စစ်မီးသုံးစွဲသူ ၇၇၀၀၀၀ ကျော် တိုးတက်လာပါတယ်” ဟု ပြည်နယ်ဝန်ကြီးချုပ်က ရှင်းပြသည်။

ထို့ပြင် သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးခဲ့သော ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ လျှပ်စစ်ဓာတ်အား ပြတ်တောက်ချိန် ကြာမြင့်မှု မရှိရန်အတွက် ၂၀၁၈ ခုနှစ်အတွင်း ငွေကျပ် သန်း ၃၃ ဒသမ ၁၁၀ ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**လမ်းပန်းဆက်သွယ်ရေး**

သယ်ယူပို့ဆောင်ရေးစရိတ်ကို အနည်းဆုံး လျှော့ချခြင်းနှင့် သွားလာမည့်အချိန် အတိုဆုံး ဆောင်ရွက်ခြင်းဖြင့် ပြည်နယ်တိုးတက်ဖွံ့ဖြိုးရေးကို အထောက်အကူပြုနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ လမ်းတံတားများ ကြံ့ခိုင်ကောင်းမွန်ရန်ဆောင်ရွက်ပေးခဲ့သည်။ ကြိုးပမ်းဆောင်ရွက်မှုအနေဖြင့် ရှမ်းပြည်နယ်အတွင်းရှိ ငွေကျပ် သိန်း ၃၀၀ နှင့်အောက် လမ်း-တံတား အသုံးပြုခကောက်ခံသော လေလံ လမ်း၊ တံတား ဂိတ် ၂၅ ဂိတ်ကို ပြည်နယ်အစိုးရမှ အခမဲ့ဖြတ်သန်းသွားလာခွင့်ပြုခဲ့သည်။

**ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု**

လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုနှင့်အတူ ကုန်စည်စီးဆင်းမှုမှာလည်း အလိုက်သင့် တိုးတက်ကောင်းမွန်လာခဲ့သည်။

ကုန်သွယ်ရေးကဏ္ဍတွင် မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ (၃)နှစ်တာကာလအတွင်း မော်တော်ယာဉ် ၂၅၇၅၇၆ စီးဖြင့် ပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာ ၂၆၇၄ ဒသမ ၆၈၅ သန်း၊ မော်တော်ယာဉ် ၁၂၇၄၈၅ စီးဖြင့် သွင်းကုန်ပမာဏ အမေရိကန်ဒေါ်လာ ၁၃၈၉ ဒသမ ၀၆၂ သန်း စုစုပေါင်းမော်တော်ယာဉ် ၂၈၇၁၆၆ စီးဖြင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၄၂၉၄ ဒသမ ၉၆၉ သန်း ရရှိအောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။

တာချီလိတ်ကုန်သွယ်ရေးစခန်းမှ (၃)နှစ်တာကာလအတွင်း ပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာသန်း ၁၃ ဒသမ ၃၄၀၊ သွင်းကုန်ပမာဏ အမေရိကန်ဒေါ်လာ ၅၇ ဒသမ ၄၇၉ သန်း စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၇၀ ဒသမ ၈၁၉ သန်းနှင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာ ၁၀၄၅ ဒသမ ၃၉၈ သန်း၊ သွင်းကုန်ပမာဏ အမေရိကန်ဒေါ်လာ ၁၀၃ ဒသမ ၉၆၃ သန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၁၄၉ ဒသမ ၃၆၁ သန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။

အလားတူ ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၁၃၂ သန်းနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၄၄၆၂၈၃ ဒသမ ၂၈၇ သန်း ရင်းနှီးမြှုပ်နှံနိုင်ခဲ့သည့်အပြင် လက်ရှိတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းငါးခုကို အတည်ပြုမိန့်ထုတ်ပေးနိုင်ခဲ့ကာ ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိခဲ့သည်။

**ဟိုတယ်နှင့် ခရီးသွားကဏ္ဍ**

ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် စံကားအင်း (ညောင်ရွှေမြို့နယ်)၊ ဖယ်ခုံအင်း (ဖယ်ခုံမြို့နယ်)၊

*အချပ်ပို(ဃ)သို့*



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် တောင်ကြီးမြို့၌ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။

*အချပ်ပို(ဂ)မှ*

ရှင်၊ ပင်းတယဒေသရှိ ရေဝင်ဂူ၊ ရေပြာအိုင်၊ တောကျယ်ရေတံခွန်၊ အရှေ့မြင်အနောက်မြင်တောင် (ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ)၊ ရှေးဟောင်းပြဒါးလင်းဂူ (ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ)၊ ကလောမြို့နယ် နန့်ပန်တက်ကျေးရွာအနီးရှိ ရှမ်းရိုးမဆင်စခန်းနှင့် ရှင်မြို့နယ် မြို့ကြီးဆည်တို့ကို ပြည်တွင်း ပြည်ပခရီးသွားများ စိတ်ဝင်တစား လာရောက်လည်ပတ်လျက်ရှိသည်။

"ကျွန်တော်တို့ တာဝန်ယူခဲ့တဲ့ ၃ နှစ်တာကာလအတွင်းမှာ ဟိုတယ်နဲ့တည်းခိုရိပ်သာလိုင်စင် ၁၂၇၀၊ ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင် ၂၉၁ ခု၊ ပို့ဆောင်ရေးလုပ်ငန်းလိုင်စင် ၇၂၀၆ နဲ့ ဧည့်လမ်းညွှန်လိုင်စင် ၅၆၉ ခုကို ထုတ်ပေးနိုင်ခဲ့ပါတယ်"ဟု ပြည်နယ်ဝန်ကြီးချုပ်က ပြောကြားသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် တာချီလိတ်-မိုင်းဖြတ် - ထမ့်စွန်ဟိန်းဂူ - မိုင်းဖြတ်၊ တာချီလိတ်-မိုင်းယောင်း - မိုင်းယု၊ တာချီလိတ် - မိုင်းဆတ်-မိုင်းတုံ ခရီးစဉ်လမ်းကြောင်းများကို ဖွင့်လှစ်နိုင်ခဲ့သည့်အပြင် တာချီလိတ် - ဝမ်ပုံ - ရွှေတြိဂံပါရာဒိုက်ဟိုတယ် -မိုင်းဖုန်းဆရာတော်ကျောင်း၊ တာချီလိတ်-တာလေ - ပါလျှိုး - ကျိုင်းလပ်၊ မဲခေါင်မြစ်ကြောင်းတစ်လျှောက် (ရွှေတြိဂံမှ ကျိုင်းလပ်မြို့အထိ) ဖွင့်လှစ်နိုင်ရန် စီစဉ်လျက်ရှိသည်။

အလားတူ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဘန့်ဘွေးကျင်းရေတံခွန် (ကျောက်မဲခရိုင် နောင်ချိုမြို့နယ်အတွင်းရှိ ဘန့်ဘွေးကျင်းကျေးရွာအနီး)၊ လားရှိုး၊ သိန္နီ၊ ဟိုပန်၊ တန့်ယန်းမြို့များနှင့် တိုင်းရင်းသားကျေးရွာများ၊ မိုးမိတ်ခရိုင်ရှိ ရွှေဉဒေါင်းတောင်၊ တောရိုင်းတိရစ္ဆာန်တော၊ ကြိုးဝိုင်းသစ်တောနှင့် ဆင်စခန်းတို့ကို ဖွင့်လှစ်နိုင်ခဲ့သည်။

### ပြည်သူ့ဝန်ဆောင်မှုရုံးများဖွင့်လှစ်

ပြည်သူများအတွက် ရှမ်းပြည်နယ်အတွင်း ပြည်သူ့ဝန်ဆောင်မှုရုံး (One Stop Shops-OSS) များကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ တောင်ကြီးခရိုင်တွင် ၁၀ ရုံး၊ လွိုင်လင်ခရိုင်တွင် ခုနစ်ရုံး၊ လင်းခေးခရိုင်တွင် လေးရုံး၊ ကျိုင်းတုံခရိုင်တွင် လေးရုံး၊ မိုင်းဆတ်ခရိုင်တွင် တစ်ရုံး၊ တာချီလိတ်ခရိုင်တွင် သုံးရုံး၊ လားရှိုးခရိုင်တွင် လေးရုံး၊ မူဆယ်ခရိုင်တွင် သုံးရုံး၊ ကျောက်မဲခရိုင်တွင် ခြောက်ရုံး၊ မိုးမိတ်ခရိုင်တွင် နှစ်ရုံး၊ လောက်ကိုင်ခရိုင်တွင် နှစ်ရုံးနှင့် ဟိုပန်ခရိုင်တွင် တစ်ရုံးဖွင့်လှစ်ခဲ့ပြီး ဌာနဆိုင်ရာအလိုက် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။




ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)

### နေထိုင်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးမှု

ပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သည့် နေထိုင်ရေးကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် အစိုးရဝန်ထမ်းများအပါအဝင် ဝင်ငွေနည်းမိသားစုများအတွက် ဝယ်ယူနိုင်စွမ်းရှိသည့် တန်ဖိုးနည်း၊ တန်ဖိုးသင့်အိမ်ရာများ၊ ပြည်သူ့အငှားအိမ်ရာများနှင့် အစိုးရဝန်ထမ်း အိမ်ရာများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

ဝန်ထမ်းများနေထိုင်မှု အဆင်ပြေရန် ရှမ်းပြည်နယ်အစိုးရ၏ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် တိုက် ၄၃ လုံး အခန်းပေါင်း ၇၁၆ ခန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

ထို့အပြင် တောင်ကြီးမြို့အထွက် ဟိုပုံးကားလမ်းမကြီးဘေးရှိ ဆောက်လုပ်ပြီးစီးပြီဖြစ်သည့် ပြည်သူ့အငှားအိမ်ရာ လေးခန်းတွဲ ငါးထပ်တိုက် ခြောက်လုံးတွင် နေထိုင်ရေး အခက်အခဲရှိသည့် ပြည်သူများအား ပြင်ပ၊ အငြိမ်းစား ဝန်ထမ်းများနှင့် အငြိမ်းစားယူခါနီးဝန်ထမ်းများဟူ၍ အုပ်စု သုံးစုခွဲကာ စနစ်တကျမဲနှိုက်၍ အိမ်ထောင်စု ၁၁၉ စုအား နေရာချထားပေးနိုင်ခဲ့သည်။

### လူမှုရေးကဏ္ဍဆောင်ရွက်မှု

ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် (၃)နှစ်တာကာလအတွင်း လူငယ်ပရဟိတဂေဟာများ၊ ဘိုးဘွားရိပ်သာများ၊ မင်္ဂလာဦးလူငယ်ရိပ်သာနှင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများသို့ စုစုပေါင်းငွေကျပ် ၂၉၇၅၀၀၀၀ ထောက်ပံ့ပေးအပ်နိုင်ခဲ့ပြီး ၂၀၁၆ - ၂၀၁၇ ခုနှစ်တွင် အသက် ၉၀ နှင့် ၁၀၀ အကြား အဘိုး၊ အဘွားတစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ နှုန်း၊ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် အသက် ၉၀ နှစ်အထက် အဘိုး၊ အဘွား တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းနှင့် ၂၀၁၈ - ၂၀၁၉ ခုနှစ်တွင် အသက် ၈၅ နှစ်အထက် အဘိုး၊ အဘွားတစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းတို့ဖြင့် တိုးတက်ထောက်ပံ့နိုင်ခဲ့သည်။

### စစ်ဘေးရှောင်ပြည်သူများ

(၃)နှစ်တာကာလအတွင်း ရှမ်းပြည်နယ်မြောက်ပိုင်းတွင် KIA၊ TNLA၊ MNDAA၊ AA လက်နက်ကိုင်ပူးပေါင်းအဖွဲ့များ၏ ပစ်ခတ်တိုက်ခိုက်မှု ပဋိပက္ခများကြောင့် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်လာသော ပြည်သူများအတွက် စစ်ဘေးရှောင်ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိပြီး လိုအပ်သော ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ပြည်ထောင်စုအဆင့်မှ ငွေ ကျပ် ၁၃၈၃၄၅၄၀၀ နှင့် ပစ္စည်းတန်ဖိုးငွေကျပ် ၆၅၁၂၆၅၀၀၊ ရှမ်းပြည်နယ်အစိုးရ အဖွဲ့မှ ငွေကျပ် ၂၂၀၀၀၀၀ နှင့် ပစ္စည်းတန်ဖိုး ငွေကျပ် ၂၉၆၅၀၅၀၀၊ ကုမ္ပဏီများမှ ငွေကျပ် ၁၀၀၀၀၀၀ နှင့် ပစ္စည်းတန်ဖိုး ငွေကျပ် ၁၄၂၆၁၁၀၀၊ NGO၊ ပုဂ္ဂလိကအလှူရှင်များမှ ငွေကျပ် ၉၈၁၇၂၄၈၀ နှင့် ပစ္စည်းတန်ဖိုး ငွေကျပ် ၄၅၆၆၁၉၄၃၂၊ ငွေသားနှင့်ပစ္စည်းတန်ဖိုး စုစုပေါင်းငွေကျပ် ၇၉၃၈၉၇၅၇၆ ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

### ပြည်သူ့အစိုးရ

ပြည်နယ်အစိုးရအနေဖြင့် ၎င်းတို့ တာဝန်ယူဆောင်ရွက်ခဲ့သည့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ပြည်နယ်ဘက်စုံ၊ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိသည်။ ပြည်နယ်အစိုးရအဖွဲ့သည် ပြည်သူက ရွေးချယ်ထားသည့် ပြည်သူ့အစိုးရဖြစ်သည့်အတွက် ပြည်သူဗဟိုပြုလုပ်ငန်းများကို ဦးဆောင်ဦးရွက်ပြုရင်းဖြင့် ပြည်နယ်ဖွံ့ဖြိုးရေးအတွက် ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြရေးသားအပ်ပါသည်။ ။

**ပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သည့် နေထိုင်ရေးကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် အစိုးရဝန်ထမ်းများအပါအဝင် ဝင်ငွေနည်းမိသားစုများအတွက် ဝယ်ယူနိုင်စွမ်းရှိသည့် တန်ဖိုးနည်း၊ တန်ဖိုးသင့်အိမ်ရာများ၊ ပြည်သူ့အငှားအိမ်ရာများနှင့် အစိုးရဝန်ထမ်း အိမ်ရာများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိ**



ပြည်တွင်းပြည်ပခရီးသွားများ လာရောက်လည်ပတ်မှုများပြားသည့် ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်မှ အင်းလေးကန် ကို တွေ့ရစဉ်။ ဓာတ်ပုံ- ဇင်ဦး

# ရေမြေတောတောင် သဘာဝအလှအပများတည်ရှိရာ

## မွန်တို့ဌာနေ ရာမညတိုင်း

❍ ဆောင်းပါး - နန္ဒာဝင်း၊ ဓာတ်ပုံစုစည်း - အေးသန်း ❍

**မြန်မာ့သမိုင်းတွင် တစ်ဦးတည်းသော ဘုရင်မ ရှင်စောပုနှင့် သာသနာပြု မင်းကောင်းမင်းမြတ် ဓမ္မစေတီမင်းတို့ကဲ့သို့ ထင်ရှားသည့် ပုဂ္ဂိုလ်များသည် မွန်တိုင်းရင်းသားများဖြစ်သလို မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းတစ်လျှောက်တွင် မွန်တိုင်းရင်းသားများ လက်တွဲပါဝင်ခဲ့ကြသည်။**

**မွန်ညီနောင်နှစ်ဦးဖြစ်သည့် သာမလနှင့် ဝိမလတို့က ဟံသာဝတီပဲခူးမြို့တော်ကို စတင်ထူထောင်ခဲ့သော သာသနာသက္ကရာဇ် ၁၁၁၆ ခုနှစ် တပို့တွဲလပြည့်ကျော် (၁)ရက်ကို မွန်အမျိုးသားနေ့အဖြစ် ၁၉၄၆ ခုနှစ် သံဖြူဇရပ်မြို့နယ် ပငကျေးရွာ၌ကျင်းပသည့် မွန်အမျိုးသား ညီလာခံက ဆုံးဖြတ်ပြီး နှစ်စဉ် မွန်အမျိုးသားနေ့ အခမ်းအနားများကို ကျင်းပလာခဲ့သည်။**



မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ

မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ် တပို့တွဲလပြည့်ကျော် (၁) ရက် ယခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်တွင် မွန်တိုင်းရင်းသားအပေါင်းတို့ အလေးအမြတ် ဂုဏ်ယူတန်ဖိုးထားသည့် နေ့ထူးနေ့မြတ်ဖြစ်သော မွန်အမျိုးသားနေ့ အခမ်းအနားကို ကျင်းပခဲ့သည်။

**စိတ်ဝင်စားဖွယ်နေရာများ**

မွန်တိုင်းရင်းသားများသည် မွန်ပြည်နယ်နှင့် မြန်မာနိုင်ငံ၏ နေရာဒေသအသီးသီးတွင် အခြေချနေထိုင်လျက်ရှိကြသည်။ မွန်ပြည်နယ်ဟုဆိုလျှင် ကျိုက်ထီးရိုးဘုရား၊ ကျိုက်သလ္လံစေတီ၊ ဦးဇိနစေတီ၊ ကျိုက်သုတ်စေတီ၊ ကျိုက္ခမီရေလယ်ဘုရား၊ စက်စဲကမ်းခြေနှင့် ဘီလူးကျွန်း စသဖြင့် အထင်ကရ စိတ်ဝင်စားဖွယ်နေရာများကိုတွေ့၍ အမှတ်ရကြသလို မွန်ပြည်နယ်၏ ရေ၊ မြေ၊ တော၊ တောင် သဘာဝအလှများကြောင့်လည်း မြန်မာပြည်အရပ်ရပ်မှ ပြည်တွင်းဘုရားဖူးများအပြင် ကမ္ဘာလှည့်ခရီးသွားများလည်း အများအပြား လာရောက်လေ့ရှိကြသည်။

မော်လမြိုင် - မုဒုံ ကားလမ်းပေါ်ရှိ တရားအားထုတ်ရာ ဖားအောက်တောရ ဘုန်းတော်ကြီးကျောင်းသည် ပြည်တွင်းသာမက နိုင်ငံခြားသားများပါ လာရောက်၍ တရားအားထုတ်ကြသလို မွန်ပြည်နယ်ရှိ ဝင်းစိန်တောရ လျောင်းတော်မူရုပ်ပွားတော်မြတ်ကြီးမှာ ထင်ရှားသည်။

မွန်ပြည်နယ်သည် မြန်မာနိုင်ငံ၏ အရှေ့တောင်ပိုင်းတွင်တည်ရှိပြီး ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မုတ္တမပင်လယ်ကွေ့၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ထိုင်းနိုင်ငံတို့က ဝန်းရံထားကာ အကျယ်အဝန်းမှာ ၄၇၄၈ စတုရန်းမိုင်ဖြစ်၍ ကမ်းရိုးတန်းတစ်လျှောက်တွင် ကျွန်းငယ်ကလေးများ အစီအရီတည်ရှိသည်။ မွန်ပြည်နယ်မှ မြန်မာနိုင်ငံ အနှံ့အပြားသို့ လွယ်ကူစွာဆက်သွယ်သွားလာနိုင်သဖြင့် ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့သည့် ပြည်နယ်တစ်ခုဖြစ်သည်။

**သံကူကွန်ကရစ်တံတား ၁၂ စင်း ဆောက်လုပ်**

မွန်ပြည်နယ်တွင် အစိုးရသစ်တာဝန်ယူခဲ့သည့် တတိယ (၁) နှစ်တာအတွင်း ထင်သာမြင်သာရှိသည့် တိုးတက်ပြောင်းလဲမှုများတွင် ကျိုက်ထီးရိုးဘုရားဖူးကာလ၌ ကျိုက်ထိုမြို့တွင်းအပိုင်းနှင့် ကျိုက်ထို - ကင်မွန်းစခန်း လမ်းအပိုင်းမှာ ယာဉ်ကြောပိတ်ဆို့မှုများ မကြာခဏဖြစ်ပေါ်လျက်ရှိသဖြင့် ယာဉ်အန္တရာယ်ကင်းရှင်းရန် ကျိုက်ထိုမြို့ မြို့ရှောင်လမ်းကို ၂၀၁၈ ခုနှစ် (Mini) ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ခဲ့ရာ မြေသားတာပေါင်လုပ်ငန်းနှင့် သံကူကွန်ကရစ်တံတား ၁၂ စင်း ဆောက်လုပ်ပြီးစီးခဲ့ပြီ ဖြစ်သည်။

ထို့ပြင် ကျိုက်မရောမြို့နယ်တွင် အရှည်ပေ ၂၁၀၉ ပေ၊ အကျယ် ၃၁ ပေရှိ သံမဏိ သံပေါင်နှင့် သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်သော အတ္ထရံမြစ်ကူး (စံပယ်ဂူ) တံတားကို နှစ်နှစ်စီမံကိန်းဖြင့် လျာထားတည်ဆောက်လျက်ရှိပြီး ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်ကုန်တွင် ၂၂ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးမည်ဟု သိရသည်။

လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၌ လမ်းမိုင်အရှည်မှာ စုစုပေါင်း ၇၁၅ မိုင်၊ ၆ ဖာလုံနှင့် တံတားစင်းရေ ၂၅၀၈ စင်းကို မွန်ပြည်နယ်လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့သည်။ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိနှင့် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း အာဆီယံလမ်းမကြီးဖြစ်သော ရန်ကုန် - မြိတ် လမ်းကို ၂၄ ပေမှ ၃၆ ပေအကျယ် ကတ္တရာ ကွန်ကရစ် (AC) လမ်းချဲ့ခင်းခြင်း၊ ကတ္တရာလမ်းမှ ကတ္တရာကွန်ကရစ် (AC) လမ်းသို့ အဆင့်မြှင့်တင် ဆောင်ရွက်ခဲ့ပြီး အခြားလမ်းများတွင် ကတ္တရာကွန်ကရစ် (AC) လမ်းချဲ့ခင်းခြင်း၊ အမာခံလမ်းမှ ကတ္တရာခင်းခြင်း၊ အကျယ်ကတ္တရာလမ်းချဲ့ခြင်းနှင့် သံကူကွန်ကရစ် တံတား အသစ် ၁၃၆ စင်း ပြန်လည်တည်ဆောက်နိုင်ခဲ့သည်။

စိုက်ပျိုးရေးကဏ္ဍ၌ ၂၀၁၈ ခုနှစ်တွင် နွေစပါး စိုက်ဧက ၄၂၅၃၅ စိုက်ပျိုးခဲ့သည်။ ၂၀၁၉ ခုနှစ်တွင်

*အချပ်ပို (စ) သို့*

**“၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း အာဆီယံ လမ်းမကြီးဖြစ်သော ရန်ကုန် - မြိတ်လမ်းကို ၂၄ ပေမှ ၃၆ ပေအကျယ် ကတ္တရာကွန်ကရစ် (AC) လမ်းချဲ့ခင်းခြင်း၊ ကတ္တရာလမ်းမှ ကတ္တရာကွန်ကရစ် (AC) လမ်းသို့ အဆင့်မြှင့်တင် ဆောင်ရွက်ခဲ့ပြီး အခြားလမ်းများတွင် ကတ္တရာကွန်ကရစ် (AC) လမ်းချဲ့ခင်းခြင်း၊ အမာခံလမ်းမှ ကတ္တရာခင်းခြင်း၊ အကျယ်ကတ္တရာလမ်းချဲ့ခြင်းနှင့် သံကူကွန်ကရစ် တံတားအသစ် ၁၃၆ စင်း ပြန်လည်တည်ဆောက်နိုင်ခဲ့”**



မုဒုံမြို့နယ် ဗိုလ်ချုပ်လမ်းမကြီး နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ထားမှုကိုတွေ့ရစဉ်။



မြန်မာနိုင်ငံသာမက ပြည်ပနိုင်ငံများအထိ ထင်ရှားကျော်ကြားသည့် မွန်ပြည်နယ်၏ အထင်ကရ ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော်အား ဖူးမြင်ရစဉ်။

**“ လမ်းပန်း ဆက်သွယ်ရေး လုံခြုံချောမွေ့ခြင်း၊ ရာသီဥတု သင့်တင့်မျှတခြင်း၊ သံလွင်မြစ်ကြီးနှင့် သာယာလှပသော ကမ်းခြေ သဘာဝတရားများ ရှိခြင်း၊ တန်ခိုးကြီး အထင်ကရ ဘုရားများနှင့် တိုင်းရင်းသားလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်း၍ ရှေးမူမပျက် နေထိုင်သော ကျေးရွာများ ရှိခြင်းတို့ကြောင့် သဘာဝ အခြေခံ ခရီးသွားလုပ်ငန်း အတွက် အလားအလာကောင်းများရှိသည့် ခရီးစဉ်ဒေသ တစ်ခုဖြစ်”**

*အချပ်ပို (င) မှ*

တောင်သူများ၏ ဝင်ငွေတိုးတက်ရေးအတွက် တွေ့ဆုံပွဲများပြုလုပ်ခဲ့ပြီး နှမ်းစပါးစိုက်ပျိုးရန် လိုအပ်ချက်များနှင့် ဆောင်ရွက်ပေးရန်ရှိသည်တို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့၍ ဧက ၃၀၀၀ ကျော် ပိုမိုစိုက်ပျိုးနိုင်ခဲ့သည်။

ထို့အပြင် ကျိုက်မရောမြို့နယ်တွင် မြေလွတ်များ အသုံးပြုနိုင်ရေးအတွက် လယ်ယာမြေ ဖော်ထုတ်၍ မျိုးချက်ကြံဧက ၄၃၀ ကို စိုက်ပျိုးနိုင်ခဲ့သည့်အပြင် ဘာဘူကုန်းကျေးရွာတွင် အုန်းမွှေး စိုက်ပျိုးခြင်းကို ဧက ၁၀၀၀ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**ချောင်းပိတ် မြောင်းပိတ် လုပ်ငန်း**

၂၀၁၈ ခုနှစ်အတွင်း ရေကြီးနစ်မြုပ်မှု လျော့နည်းရန် ရေနုတ်မြောင်း/ချောင်း တူးဖော်ခြင်း လုပ်ငန်း ၆၂ ခု၊ ရေငန်တားတမံ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်း ၁၆ ခု၊ ရေတံခါး ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်း ကိုးခု၊ ရေလှောင်တမံနှင့် ဆည်ရေသောက်စနစ် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ကိုးခု၊ နွေစပါး စိုက်ပျိုးရေးအတွက် ချောင်းပိတ်၊ မြောင်းပိတ်လုပ်ငန်း ၄၁ ခုတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့အပြင် ၂၀၁၈ ခုနှစ်အတွင်း မိုးရာသီ ရေကြီးမှုကြောင့် စပါးပင်များပျက်စီးသည့် မြို့နယ်ကိုးခုတွင် မိုးစပါးရေကြီးနစ်မြုပ် ပျက်စီးဧက ၃၁၆၅၇ ကို ပြန်လည်စိုက်ပျိုးရန်အတွက် မျိုးစပါး ၂၉၅၇၇ တင်း ပံ့ပိုးပေးနိုင်ခဲ့သည်။ စိုက်ပျိုးရေးနည်းပညာ နှင့်စပ်လျဉ်း၍ မြေ၊ မျိုး၊ ပိုး အတွက် အသိပညာပေးခြင်း လုပ်ငန်းများနှင့် နှစ်ရှည်ပင်များအတွက် အသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။

လယ်ယာမြေ အဆင့်မြှင့်တင်ခြင်းကို မွန်ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ၂၀၁၈ - ၂၀၁၉ ခုနှစ်တွင် ဧကကွက် ၁၃၃၅ ဖော်ထုတ် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ တောင်သူများ မိုးစပါး/နွေစပါး ရိတ်သိမ်းရေးရာသီတွင် အဆင်ပြေချောမွေ့စွာနှင့် စျေးနှုန်းသက်သာစွာ ဆောင်ရွက်နိုင်ရန်အတွက် ကူဘိုတာအမျိုးအစား စပါးရိတ်သိမ်းခြွေလှေ့စက် ၁၂ စီးကို စျေးနှုန်းသက်သာစွာဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။

မွန်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံအဆောက်အအုံ တစ်ခုဖြစ်သည့် လျှပ်စစ်ကဏ္ဍ၌ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးခြင်းများကို ပြည်ထောင်စုရန်ပုံငွေနှင့် ပြည်နယ်အစိုးရရန်ပုံငွေတို့ဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိရာ 11 KV ဓာတ်အားလိုင်းများ၊ 11/0.4 KV ခွဲရုံများ၊ 400 ဗို့ ဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်ခြင်း၊ ပြုပြင်တည်ဆောက်ခြင်း၊ ဗို့အားမြင့်သော ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တိုးချဲ့ပြုပြင်ခြင်းတို့ကို ဆောင်ရွက်ခဲ့သလို ၂၀၁၈ ခုနှစ် (ဧပြီလမှစက်တင်ဘာလ) နှင့် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ကျေးရွာလျှပ်စစ်မီးရရှိရေးနှင့် အိမ်ထောင်စုတိုင်း လျှပ်စစ်မီးရရှိရေးအတွက် စုစုပေါင်းမြို့နယ် ခုနစ်ခုနှင့် မြို့ သုံးခုရှိ ကျေးရွာ ၉၇ ရွာ၊ မီးသုံးစွဲသူ အိမ်ထောင်စု ၂၂၂၇၄ တို့ကို မီးလင်းရေး ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**ပညာရေးကဏ္ဍ**

ပညာရေးကဏ္ဍအနေဖြင့် ၂၀၁၈(ဧပြီလမှစက်တင်ဘာလ)နှင့် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်အထိ အခြေခံပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းသို့ ရောက်ရှိရေး၊ လူတိုင်း အခြေခံပညာအဆင့်လက်လှမ်းမီရေးအတွက် အခြေခံပညာကျောင်းအဆောင်ပေါင်း ၂၆၈ လုံး၊ သိပ္ပံခန်း ရှစ်ခန်းနှင့် ဆရာ/ဆရာမ ဝန်ထမ်းအိမ်ရာ ၁၇ ခုတို့ကို တည်ဆောက်ပေးနိုင်ခဲ့သည်။ မြို့ပြနှင့် ကျေးလက်ပညာရေး တန်းတူညီမျှရှိရေးအတွက် အခြေခံပညာအထက်တန်းအဆင့်သို့ ကျောင်း ၁၂ ကျောင်း၊ အခြေခံပညာအလယ်တန်းအဆင့်သို့ ကျောင်း ၄၈ ကျောင်း၊ အခြေခံပညာမူလတန်းအဆင့်သို့ ကျောင်း ၁၆ ကျောင်းကို ကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ခဲ့ပြီး တက္ကသိုလ်ဝင်စာမေးပွဲစာစစ်ဌာနကို ၆၂ ခုအထိ တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ထို့အပြင် အခြေခံပညာကျောင်းများတွင် မွန်စာပေသင်ကြားပေးသည့် ကျောင်း ၂၉၂ ကျောင်းရှိပြီး မွန်ပြည်နယ် ဒေသဆိုင်ရာသိမှတ်ဖွယ်ရာများကို မူလတန်းအဆင့်မှ စတင်သင်ကြားနိုင်ရေးအတွက် ဒေသသင်ရိုးရေးဆွဲခြင်းကို မွန်ပြည်နယ်အစိုးရအဖွဲ့၊ ပြည်သူ့လွှတ်တော်၊ တိုင်းရင်းသားစာပေယဉ်ကျေးမှုအဖွဲ့များနှင့် ပညာရေးဌာနတို့ ပူးပေါင်းရေးဆွဲ ပြုစုလျက်ရှိသည်။

ကျန်းမာရေးကဏ္ဍအနေဖြင့် ၂၀၁၈(ဧပြီလမှစက်တင်ဘာလ)နှင့် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်အထိ မော်လမြိုင်၊ မုဒုံ၊ သံဖြူဇရပ်၊ ရေး၊ ကျိုက်မရော၊ ချောင်းဆုံ၊ ကျိုက်ထို၊ ဘီးလင်း၊ သထုံနှင့် ပေါင် မြို့နယ်တို့တွင် တိုးချဲ့ လေးထပ် လူနာဆောင်၊ တိုးချဲ့ ငါးထပ် လူနာဆောင်၊ MDR TB အဆောက်အဦ၊ ကျေးလက်ကျန်းမာရေးဌာနခွဲ၊ ပြည်နယ်ကုသရေးဦးစီးမှူးရုံး၊ ကျေးလက်ကျန်းမာရေးဌာန၊ Disease Control Centre (HIV/AIDS Prevention) အဆောက်အဦ၊ ဝန်ထမ်းအိမ်ရာများ တည်ဆောက်ခြင်းနှင့် ဆေးရုံများအတွက် လိုအပ်သည့် ဆေးဝါးများကို ငွေကျပ် သန်း ၁၈၀၀ ဒသမ ၂၈၁၁၅၀ ခန့် ဝယ်ယူဖြန့်ဖြူးပေးနိုင်ခဲ့သည်။

**ကျန်းမာရေးကဏ္ဍ**

ထို့ပြင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထောက်ပံ့ပေးသော ခွေးရူးပြန်ရောဂါ ကာကွယ်ဆေး ၂၂၄၀၀ နှင့် ပုံမှန်ကာကွယ်ဆေး ၁၁ မျိုးကို မြို့နယ်များသို့ ဖြန့်ဖြူးပေးခဲ့သလို ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် ဘီးလင်းမြို့နယ်ရှိ ငါးဘတ်ချောင် ကျေးလက်ကျန်းမာရေး ဌာနခွဲ (S/C) ကို ကျေးလက်ကျန်းမာရေးဌာန (RHC)အဖြစ် အဆင့်တိုးမြှင့်ခဲ့ပြီး ၎င်းအောက်တွင် ကျေးလက်ကျန်းမာရေးဌာနခွဲ (S/C) အသစ် လေးခုထည့်သွင်း ဖွဲ့စည်းနိုင်ခဲ့သည်။

မွန်ပြည်နယ်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၈ ခုနှစ် (ဧပြီလမှစက်တင်ဘာလအထိ) ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း မွန်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခွင့်ပြုရန်ပုံငွေဖြင့် ကုန်ထုတ်မြေသားလမ်းခင်းခြင်း၊ ကုန်ထုတ်မြေသားလမ်းနှင့် ကျောက်ရောမြေခင်းခြင်း၊ ကုန်ထုတ်မြေသားလမ်းနှင့် ဂဝံလမ်းခင်းခြင်း၊ ကုန်ထုတ်ဂဝံလမ်းခင်းခြင်းတို့ကို ဆောင်ရွက်ခဲ့သလို ကုန်ထုတ်လမ်းပေါ်ရှိ ကွန်ကရစ်တံတား ငါးစင်း၊ ကုန်ထုတ်လမ်းပေါ်ရှိ Box Culvert ငါးစင်း၊ အဝီစိတွင်းတိမ် ခုနစ်တွင်း၊ အဝီစိတွင်းနက် ၃၀၊ လက်တူးတွင်း ၁၇ တွင်း၊ မြေသားမိုးရေလှောင်ကန် ၁၃ ကန်၊ စိမ့်စမ်းရေသွယ်ယူခြင်း ၁၅ ခု၊ အခြားနည်းလမ်းဖြင့် ရေရရှိရေးလုပ်ငန်း ၉၂ ခုနှင့် ရုံးအဆောက်အဦ သုံးလုံးတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့အတူ မွန်ပြည်နယ်အတွင်း ကျေးလက်လမ်းများ ဖွံ့ဖြိုးရေးအတွက် ၂၀၁၈ - ၂၀၁၉

*အချပ်ပို (ဆ)သို့*




၂၇-၁-၂၀၁၉ ရက်က မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် ကျိုက်ထိုမြို့နယ်အတွင်းရှိ ကျောက်ထုတ်လုပ်ငန်းရှင်များ တွေ့ဆုံပွဲ ကျင်းပစဉ်။

*အချပ်ပို (၈) မှ*

ဘဏ္ဍာရေးနှစ်ကုန်အထိ အမာခံလမ်းဖြစ်သည့် ကတ္တရာလမ်း ၄၃/၀ ဒသမ ၆၈ မိုင်၊ ကွန်ကရစ်လမ်း ၁၁/၆ ဒသမ ၁၈ မိုင်၊ ကျောက်လမ်း ၁၄/၁ မိုင်၊ မြေသားလမ်း ၂၃/၃ မိုင်၊ ကွန်ကရစ်တံတား ၂၂ စင်းနှင့် ရေပြွန် ၃၀ တို့ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေ တစ်မြို့နယ်လျှင် ငွေကျပ်သိန်း ၁၀၀၀ ဖြင့် မွန်ပြည်နယ် ၁၀ မြို့နယ်အတွင်း လမ်းလုပ်ငန်း ၁၃၀၊ တံတားလုပ်ငန်း ၂၉ ခု၊ ပညာရေးလုပ်ငန်း ရှစ်ခု၊ အထွေထွေလုပ်ငန်း နှစ်ခု၊ ရေရရှိရေးလုပ်ငန်း ၅၉ ခုနှင့် အခြားလုပ်ငန်း ၃၁ ခုတို့ကို ဆောင်ရွက်ပေးခဲ့သည်။

### ကတ္တရာလမ်းများခင်းခြင်းဆောင်ရွက်

မွန်ပြည်နယ်အတွင်း စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့/ရပ်ကွက်များ သန့်ရှင်းသာယာလှပရေးအတွက် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း နိုင်လွန်ကတ္တရာခင်းခြင်း ၂/၂ ဒသမ ၆၇ မိုင်၊ ကတ္တရာလမ်းသစ်ခင်းခြင်း ၃၅/၅ ဒသမ ၁၈ မိုင်၊ ကွန်ကရစ်လမ်း သစ်ခင်းခြင်း ၁၄/၃ ဒသမ ၇၇ မိုင်၊ လမ်းပြုပြင်ထိန်းသိမ်းခြင်း ၁၄/၄ ဒသမ ၉၁ မိုင်နှင့် ဈေးအဆင့်မြှင့်တင်ခြင်း ၁၂ ခု၊ ဈေးပြုပြင်ထိန်းသိမ်းခြင်း ရှစ်ခုတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

မြို့တွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် လမ်းဖြတ်တံတားစုစုပေါင်း ၃၅၈ စင်း၊ ပင်မရေမြောင်း ၂၆/၁ ဒသမ ၆၈ မိုင်၊ လမ်းသွယ်ရေမြောင်း ၆၁/၀ ဒသမ ၂၈ မိုင်၊ မြို့သန့်ရှင်းသာယာလှပရေးအတွက် အလုံပိတ်အမှိုက်သိမ်းယာဉ် ၂၆ စီး၊ အမှိုက်သိမ်းယာဉ်ငယ် ၂၀ စီး၊ သစ်ပင်ဖြတ်ညှိယာဉ် တစ်စီး၊ အမှိုက်ကျင်းရှင်းလင်းခြင်းအတွက် အသုံးပြုရန် ထွန်စက် နှစ်စီးနှင့် ရေကောင်းရေသန့်ရရှိရေးအတွက် ရေပိုက်လိုင်းတိုးချဲ့ခြင်း လုပ်ငန်းအဖြစ် မော်လမြိုင်မြို့တွင် ၁၄ ခု၊ သထုံမြို့နယ်တွင် ၁၃ ခု၊ ကျိုက်ထိုမြို့တွင် တစ်ခုနှင့် ရေးမြို့တွင် တစ်ခု၊ နွေရာသီရေရှားပါးမှု အခက်အခဲများကို ဖြေရှင်းနိုင်ရေးအတွက် ရေကား ၂၂ စီးကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။



၂၃-၃-၂၀၁၉ ရက်က မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ သထုံမြို့နယ်ရှိ ဒေသခံများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး ဆွေးနွေးစဉ်။

### အမှိုက်ဖျက်ဆီးမည့်စက်

ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးတောင်ပေါ်တွင် အမှိုက်ဖျက်ဆီးမည့်စက် တစ်လုံးကို တပ်ဆင်၍ စက်ရုံဝန်ထမ်း ရှစ်ဦးနှင့် ဂေါပကဝန်ထမ်း ရှစ်ဦးတို့ဖြင့် စတင်လည်ပတ်လျက်ရှိပြီး အမှိုက်တန်ချိန်သုံးတန်ကျော် ကြိတ်ခွဲဆောင်ရွက်နိုင်ခဲ့သည်။

မွန်ပြည်နယ်အတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ဒီရေတောများ တည်ထောင်ခြင်းကို ပေါင်မြို့နယ် ထန်းပင်ချောင်ကျေးရွာအနီးရှိ ပြည်နယ်အစိုးရအဖွဲ့ထံမှ အဆိုပြုဒီရေတောဖွဲ့စည်းရန် သဘောတူခွင့်ပြုချက်ရရှိထားသော ရေလယ်ကျွန်းဧရိယာ ၃၄၅ ဧကနှင့် တစ်ဆက်တစ်စပ်တည်းရှိသည့် ၁၁၀၅ ဧကကို ထန်းပင်ချောင် အဆိုပြု ကြိုးပြင်ကာကွယ်တော နှင့် သထုံမြို့နယ် ဇိုက်ကရဲကျေးရွာအုပ်စု အောင်ကန်သာကျေးရွာအနီးတွင် ဒီရေတော ကဏန်းထိန်းသိမ်းရေးဇုန်ဧက ၅၀၀ နှင့် တစ်ဆက်တစ်စပ်တည်းရှိ သည့် ကျွန်းဧရိယာဧက ၁၀၆၄၀၊ ပေါင်မြို့နယ်တွင် ဧရိယာဧက ၁၉၆၀ ကို အောင်ကန်သာ အဆိုပြုကြိုးပြင်ကာကွယ်တောအဖြစ် ကြိုးဝိုင်း/ကြိုးပြင်တော ဖွဲ့စည်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ သစ်တောဦးစီးဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ကြိုးပြင်ကာကွယ်တော ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

ချောင်းဆုံဘိနယ်ရှိ ပေါ်ထွန်းနေသော မြေနုကျွန်း ၁၃၁ ဒသမ ၁၂ ဧကကို ဘီလူးကျွန်း ကြိုးပြင်ကာကွယ်တော ဖွဲ့စည်းနိုင်ရန်အတွက် အဆိုပြုဆောင်ရွက်ထားပြီး ထိုကျွန်းပေါ်တွင် သဘာဝဘေးကြိုတင်ခံနိုင်ရန်၊ မြေတိုက်စားမှု ထပ်မံမဖြစ်ပေါ်ရန်နှင့် ကျူးကျော်ဝင်ရောက်စိုက်ပျိုးမှုတို့ကို တားဆီးသည့်အနေဖြင့် မြေနုကျွန်းပေါ်တွင် ဒီရေတော စိုက်ခင်း ၁၀၈ ဧက စိုက်ပျိုးဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

ဒီရေတောအဖြစ် ဆောင်ရွက်နိုင်ပါက ဒီရေ၊ မုန်တိုင်းနှင့် သဘာဝဘေးအန္တရာယ်များ ကာကွယ်ပေးနိုင်ခြင်း၊ ကုန်းတွင်းပိုင်းသို့ ပင်လယ်ဆားငန်ရေဝင်ရောက်မှုကို ဒီရေတောပင်များမှ လျှော့ချပေးနိုင်ခြင်း၊ ပင်လယ်ကမ်းရိုးတန်းတွင် နေထိုင်ကျက်စားသည့် ရေနေသတ္တဝါများ၊ ငှက်များနှင့် ငါး၊ ပုစွန်၊ ကဏန်း စသည့် အခြားသတ္တဝါမျိုးစိတ်များ နေထိုင်ကျက်စားမှု ပွားများလာရေးအတွက် အထောက်အကူပြုနိုင်ခြင်း၊ ဒီရေတောများ

*အချပ်ပို (ဇ) သို့*


မွန်ပြည်နယ်အတွင်းရှိ မြို့နယ်များ၌ နွေစပါးစိုက်ပျိုးရေးအတွက် ချောင်းပိတ် မြောင်းပိတ်လုပ်ငန်းများ ဆောင်ရွက်ထားမှုကို တွေ့ရစဉ်။

*အချုပ်ပို (ဆ) မှ*

ဖြစ်ထွန်းခြင်းကြောင့် ဒေသအတွက် အသုံးပြုရန် လိုအပ်သော ထင်း၊ တိုင်၊ မျောနှင့် အခြား ဒီရေတောထွက် ပစ္စည်းများထုတ်လုပ်ထောက်ပံ့ပေးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ရာ ဒီရေတောများကို ယခုကဲ့သို့ တိုးချဲ့စိုက်ပျိုးနေခြင်းဖြစ်ကြောင်း ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

**ဒေသဖွံ့ဖြိုးရေးဆောင်ရွက်**

မွန်ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းကဏ္ဍတွင် ၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) ကျေးလက်ဒေသဖွံ့ဖြိုးရေးလျာထား ရန်ပုံငွေကျပ်သန်း ၃၂၈၂ ဒသမ ၄၉၈ ဖြင့် မွန်ပြည်နယ် ၁၀ မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ၁၇၃ ခု ဆောင်ရွက်နိုင်ခဲ့သည့်အပြင် ရပ်ရွာပြည်သူလူထုများ၊ အဖွဲ့အစည်းများမှ ဆောင်ရွက်သော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဘိလပ်မြေ ၅၁၁၂၄ အိတ် ထောက်ပံ့ပေးခဲ့သည်။

၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် သန်း ၁၉၉၉၉ ဒသမ ၈၄ ဖြင့် မွန်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ၂၄ ခု ဆောင်ရွက်ရန်နှင့် ဘိလပ်မြေအိတ် တစ်သိန်း ထောက်ပံ့ရန် လျာထားဆောင်ရွက်လျက်ရှိသည်။

၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေ၌ ငွေကျပ် သန်း ၁၀၀၀ လျာထားခဲ့ပြီး သက်ဆိုင်ရာ ခရိုင်နှင့် မြို့နယ်များ၊ ပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့များသို့ တာဝန်ပေးဆောင်ရွက်ခဲ့ရာ စုစုပေါင်းလုပ်ငန်း ၅၀ အပြင် ရေသယ်ယာဥ် ၁၀ စီးဝယ်ယူခြင်း၊ မော်လမြိုင်မြို့နယ် ကင်မွန်းချုံရေလှောင်ကန် Down Stream သစ်ပင်ကြီးများ၊ ချုံနွယ်များရှင်းလင်းခြင်း၊ သထုံ၊ ပေါင်၊ ကျိုက်မရောနှင့် သံဖြူဇရပ်မြို့နယ်များတွင် ရေတွင်း ၁၆ တွင်းအတွက် လိုအပ်သည့် ဂါလန် ၂၀၀၀ ဆံ့ ရေစုကန်နှင့် အမြင့်တင် အင်ဂျင်နှင့် ပန့်မော်တာ ပြုလုပ်ပေးခြင်း၊ ကျိုက်ထိုမြို့နယ် ဝါးဒတ်ကွင်းကျေးရွာအုပ်စု ရွာတောင်ပိုင်းတွင် စက်ရေတွင်းတစ်တွင်းနှင့် ဂါလန် ၅၀၀၀ ဆံ့ ရေကန်ဆောက်လုပ်ခြင်း၊ ချောင်းဆုံမြို့နယ် မုရစ်ကလေးကျေးရွာ၊ ရွာလွတ်ကျေးရွာနှင့် ကွမ်ရိုက်ကျေးရွာအတွင်း မြေအောက်ရေရရှိရေးအတွက် ဘူမိရူပဗေဒ တိုင်းတာခြင်းနှင့် သထုံမြို့နယ် ဇိုက္ကရဲကျေးရွာအုပ်စု အောင်ကန်သာကျေးရွာတွင် မြေသားရေကန်အသစ် တူးဖော်ခြင်းနှင့် ၂၀၀၀ လီတာဆံ့ ပလတ်စတစ်တိုင်ကီ ဝယ်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

**မြေငှားဂရန် ပေးနိုင်ရေး**

၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်ရန်ပုံငွေကျပ်သန်း ၁၁ ဒသမ ၈၀၉၅၀၀ ဖြင့် မွန်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ ခုတွင် ကျေးရွာမြေငှားဂရန် ဆောင်ရွက်ပေးနိုင်ရေးအတွက် မြို့ရေိယာနယ်နိမိတ် စစ်ဆေးတိုင်းတာခြင်း၊ ကွက်စိပ်ကွက်ကျဲ တိုင်းတာခြင်း၊ နယ်နိမိတ်မှတ်တိုင်စိုက်ထူခြင်းလုပ်ငန်းများအား စီမံချက်ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ရပ်ကွက် / ကျေးရွာ ၂၈ ခုတွင် တိုင်းတာရန်လျာထားသည့် ဧရိယာ ၅၉၈၅ ဒသမ ၅၆၅ ဧကအနက် ၁၃၁၈ ဒသမ ၈ ဧကကို တိုင်းတာပြီးစီးပြီးဖြစ်သည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် (အောက်တိုဘာလမှ ဖေဖော်ဝါရီလအထိ) သထုံခရိုင်အတွင်း လူနေထိုင်ရန်အတွက် ထုတ်ပေးသည့် မြေငှားဂရန် တစ်ခု၊ စက်မှုလုပ်ငန်း လုပ်ကိုင်ရန်အတွက် ထုတ်ပေးသည့် မြေငှားဂရန် ခြောက်ခုနှင့် မော်လမြိုင်ခရိုင်အတွင်း လူနေထိုင်ရန်အတွက် ထုတ်ပေးသည့် မြေငှားဂရန် ၁၀၅ ခု၊ စက်မှုလုပ်ငန်း လုပ်ကိုင်ရန်အတွက် ထုတ်ပေးသည့် မြေငှားဂရန် ၂၃ ခုတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**ပြန်လည်စွန့်လွှတ်မြေများပေးအပ်**

မွန်ပြည်နယ်အတွင်း ဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ ပြန်လည်စွန့်လွှတ်အပ်နှံမြေများအပေါ် မူလပိုင်ရှင်သို့ ပြန်လည်ပေးအပ်ရန် ဧရိယာ ၁၇၉၆ ဒသမ ၇၂၀၁ ဧကရှိပြီး မူလပိုင်ရှင်သို့ ပြန်လည်ပေးအပ်ရန် ဧရိယာ ၁၄ ဒသမ ၄၀၄ ဧကကို မူလတောင်သူများထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအနေဖြင့် မွန်ပြည်နယ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စက်မှုကဏ္ဍလုပ်ငန်း ရှစ်ခု၊ ဝန်ဆောင်မှုလုပ်ငန်း ခြောက်ခု၊ လျှပ်စစ်ကဏ္ဍလုပ်ငန်း နှစ်ခု၊ ဟိုတယ်ကဏ္ဍ ၁၈ ခုနှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၃၉ ခု ခွင့်ပြုခဲ့သလို မွန်ပြည်နယ်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ကိုင်နေသော လုပ်ငန်းရှင် ၃၀ ကို SME ချေးငွေကျပ်သန်း ၃၂၃၅ သန်းကို ထုတ်ချေးနိုင်ခဲ့သည်။

ထို့ပြင် ဇွန်လနှင့် ဇူလိုင်လတို့တွင် ဖြစ်ပေါ်တတ်သည့် ရေဘေး၊ လေဘေး စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားပါက အချိန်နှင့်တစ်ပြေးညီ ပြန်လည်ထူထောင်ရန် သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့သည်။

သဘာဝဘေးအန္တရာယ် ရင်ဆိုင်ကြုံတွေ့လာပါက လျင်မြန်ထိရောက်စွာ တုံ့ပြန်နိုင်ရေး၊ အကာအကွယ်ပြုနိုင်ရေးအတွက် ချောင်းဆုံမြို့နယ်တွင် Cyclone Shelter သုံးလုံးကို တည်ဆောက်ရန် ခွင့်ပြုချက်ရရှိထားပြီးဖြစ်၍ ဆောက်လုပ်နိုင်ရေး တင်ဒါခေါ်ယူဆောင်ရွက်လျက်ရှိသလို ဘီးလင်းမြို့နယ်၌ Cyclone Shelter တစ်လုံး ထပ်မံတည်ဆောက်နိုင်ရန် မြေနေရာရွေးချယ်ထားပြီး အသေးစိတ်တွက်ချက် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

**ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး**

မွန်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S) မွန်ကော်မတီဝင်များနှင့် ဒေသခံပြည်သူလူထုတွေ့ဆုံပွဲ အခမ်းအနားများကို မုဒုံ၊ ကျိုက်မရော၊ သံဖြူဇရပ်၊ ချောင်းဆုံနှင့် ရေးမြို့နယ်တို့တွင် ကျင်းပပြုလုပ်ခဲ့ပြီး JMC ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီမှ ပညာရှင်စကားဝိုင်းကို မော်လမြိုင်မြို့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

မွန်ပြည်နယ်သည် လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့ခြင်း၊ ရာသီဥတုသင့်တင့် မျှတခြင်း၊ သံလွင်မြစ်ကြီးနှင့် သာယာလှပသော ကမ်းခြေ သဘာဝတရားများရှိခြင်း၊ တန်ခိုးကြီး အထင်ကရ ဘုရားများနှင့် တိုင်းရင်းသားလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်း၍ ရှေးမူမပျက် နေထိုင်သော ကျေးရွာများရှိခြင်းတို့ကြောင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းအတွက် အလားအလာကောင်းများရှိသည့် ခရီးစဉ်ဒေသတစ်ခုဖြစ်သည်။

သဘာဝကို အခြေခံသည့် ခရီးသွားလုပ်ငန်းကြောင့်လည်း ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုတိုးတက်ရရှိလာမည်ဖြစ်သလို မီးခိုးမထွက်သည့် စက်ရုံဟု တင်စားခေါ်ဝေါ်သည့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လျှင် မွန်ပြည်နယ် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် “ပိုမိုဖွံ့ဖြိုးတိုးတက်မှုဆီ ဦးတည်ဖို့ ပူးပေါင်းပါဝင်ကြပါစို့”ဟု တိုက်တွန်းရေးသား တင်ပြလိုက်ပါသည်။ ။




၂၃-၁၂-၂၀၁၈ ရက်က အငြှမအကြိမ် MSMEs ဒေသတွင်းထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ဆုပေးပွဲတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ အသေးစား၊ အငယ်စားနှင့်အလတ်စား ထုတ်ကုန်ပြိုင်ပွဲ ပထမဆုရသူအား ဆုပေးအပ်ချီးမြှင့်စဉ်။

**“စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအနေဖြင့် မွန်ပြည်နယ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စက်မှုကဏ္ဍ လုပ်ငန်း ရှစ်ခု၊ ဝန်ဆောင်မှုလုပ်ငန်း ခြောက်ခု၊ လျှပ်စစ်ကဏ္ဍလုပ်ငန်း နှစ်ခု၊ ဟိုတယ်ကဏ္ဍ ၁၈ ခုနှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၃၉ ခု ခွင့်ပြုခဲ့သလို မွန်ပြည်နယ်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ကိုင်နေသော လုပ်ငန်းရှင် ၃၀ ကို SME ချေးငွေကျပ်သန်း ၃၂၃၅ သန်းကို ထုတ်ချေးနိုင်ခဲ့”**



မော်လမြိုင်တက္ကသိုလ်ကို တွေ့ရစဉ်။